# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ တော်သလင်းလပြည့်ကျော် (၁၁)ရက် ၊ အင်္ဂါနေ့ ၊ (10-10-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၁၆၃)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြှင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၅/၂၀၂၃)တွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

## တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၅/၂၀၂၃)သို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် အောက်တိုဘာ ၉**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၅/၂၀၂၃)ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ကျင်းပရာ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် ဦးထွန်းအုံ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့ဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် တရားမဝင်ကုန်သွယ်မှုနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က တိုင်းဒေသကြီးနှင့်

**စာမျက်နှာ ၁၈ ကော်လံ ၁**




ရတနာပုံ
၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၀ ရက်
အယ်ဒီတာ့အာဘော်

# ရထားပို့ဆောင်ရေးစနစ် မြှင့်တင်ဆောင်ရွက်

ရထားပို့ဆောင်ရေးစနစ်သည် ကုန်စည်စီးဆင်းရေးကဏ္ဍတွင် ကုန်စည်များ အချိန်တိုအတွင်း ဈေးနှုန်းသက်သာစွာ ပို့ဆောင်နိုင်သည့်အပြင် ရထားစီးခရီးသည်များ ဘေးအန္တရာယ်ကင်းရှင်းပြီး လိုရာခရီးသို့ စိတ်ချမ်းမြေ့စွာသွားလာနိုင်သဖြင့် သယ်ယူပို့ဆောင်ရေးစနစ်တွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

**"သယ်ယူပို့ဆောင်ရေးစနစ်တွင် ကုန်းလမ်း၊ ရေလမ်းနှင့် လေကြောင်းပို့ဆောင်ရေးဟူ၍ရှိပြီး ရထားဖြင့်ပို့ဆောင်ခြင်းသည် ကုန်ကျစရိတ်သက်သာစွာဖြင့် ကုန်ပစ္စည်းများကို ပို့ဆောင်နိုင်သဖြင့် အကျိုးအရှိဆုံးပို့ဆောင်ရေးစနစ်ဖြစ်ကြောင်း၊ ထို့ကြောင့် ရထားဖြင့် ကုန်ပစ္စည်းများသယ်ယူပို့ဆောင်မှုကဏ္ဍ မြင့်မားစေရေးအတွက် ကုန်တွဲများကြံ့ခိုင်ရေးကို ဆောင်ရွက်ရန်လိုသကဲ့သို့ စက်ခေါင်းများလည်း ကောင်းမွန်နေရမည်ဖြစ်ကြောင်း၊ သယ်ယူပို့ဆောင်ရေးကုန်ကျစရိတ်သက်သာခြင်းသည် ပြည်သူလူထု၏ နေ့စဉ်လူမှုစီးပွားဘဝ သက်သာချောင်ချိရေးကို တိုက်ရိုက်အထောက်အကူပြုနိုင်သကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအရေးပါသဖြင့် ရထားသယ်ယူပို့ဆောင်ရေးကို မြှင့်တင်ရန်လိုကြောင်း၊"** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အောက်တိုဘာ ၇ ရက်တွင် ဒီဇယ်စက်ခေါင်းပြင်စက်ရုံ (မလွကုန်း) စက်ရုံအစည်းအဝေးခန်းမ၌ ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၌ ရထားကို အသုံးပြုခဲ့ရာတွင် နှစ်ပေါင်း ၁၀၀ ကျော် ကြာမြင့်ခဲ့ပြီဖြစ်သဖြင့် အတွေ့အကြုံများစွာရှိပြီးဖြစ်သည်။ ထိုအတွေ့အကြုံများကို အကျိုးရှိရှိအသုံးချ၍ ရထားစက်ခေါင်းများ၊ တွဲများ၊ သံလမ်းများကို ကိုယ်တိုင်ထုတ်လုပ်နိုင်ခြင်း၊ ခေတ်မီသည့် ရထားသယ်ယူပို့ဆောင်ရေးစနစ်ကို ဖော်ဆောင်နိုင်ခြင်း၊ လျှပ်စစ်ဓာတ်အားအသုံးပြု မီးရထားစက်ခေါင်းများကို ထုတ်လုပ်နိုင်ရန်လိုအပ်ခြင်း၊ ရထားသယ်ယူပို့ဆောင်ရေးစနစ်ကို လျှပ်စစ်အသုံးပြု၍ ပြောင်းလဲပြေးဆွဲနိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းများ ဆောင်ရွက်နိုင်ရန်လိုအပ်ပေသည်။

ရထားလမ်းများ ကောင်းမွန်မှသာလျှင် ရထားစက်ခေါင်းများ၊ ရထားတွဲများ ကြံ့ခိုင်ကောင်းမွန်မည်ဖြစ်သည့်အတွက် မီးရထားလမ်းများ စနစ်တကျရှိပြီး ကြံ့ခိုင်မှုရှိစေရေးအတွက်လည်း ကျောက်ထည့်ခြင်း၊ ဇလီဖားတုံးများထည့်သွင်းခြင်းတို့ကို စံချိန်စံညွှန်းပြည့်မီစေရန်နှင့် နည်းစနစ်တကျဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ထို့ပြင် ရထားခရီးစဉ်ပြေးဆွဲမှု အချိန်ဇယားများကိုလည်း တိကျမှန်ကန်သည့်စနစ်ဖြစ်ရန် လိုအပ်သကဲ့သို့ ရထားစီးခရီးသည်များအတွက် ဆွဲဆောင်မှုရှိရမည်ဖြစ်သည်။ သို့မှသာ မြန်မာ့မီးရထားအနေဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးကဏ္ဍတွင် နိုင်ငံတော်နှင့် ပြည်သူတို့ အားထားနိုင်သည့် ရထားလုပ်ငန်းအဖြစ် ရပ်တည်နိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ ရထားစီးခရီးသည်များ ဘေးကင်းပြီး လိုရာခရီးသို့စိတ်ချမ်းမြေ့စွာသွားလာနိုင်ရန်နှင့် ကုန်စည်အများအပြားကို အချိန်တိုအတွင်း ဈေးနှုန်းသက်သာစွာ ပို့ဆောင်နိုင်ရန်အတွက် ရထားပို့ဆောင်ရေးစနစ်ကို မြှင့်တင်ဆောင်ရွက်သင့်ပါကြောင်း ရေးသားလိုက်ရပေသည်။

# မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် နှမ်းနှင့် ပဲလွမ်းပြာ အရောင်းအဝယ်ကောင်းလာပြီး ဈေးကောင်းရရှိနေ

**မန္တလေး အောက်တိုဘာ ၉**

မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် နှမ်းနှင့် ပဲလွမ်းပြာ အရောင်းအဝယ်ကောင်းလာပြီး ဈေးကောင်းရရှိနေကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ပဲ၊ နှမ်း စသည့်ကုန်စည်များထဲတွင် ယခင်က နှမ်းနှင့် ပဲလွမ်းပြာမှာ ပြည်တွင်းဈေးကွက်အတွင်း ဝယ်ယူမှု နည်းခြင်းကြောင့် အရောင်းအဝယ်အေးခဲ့ကြောင်း၊ ယခုလက်ရှိတွင် နှမ်းနှင့် ပဲလွမ်းပြာများကို ကုန်သည်များက ဝယ်ယူမှုများပြားလာပြီး အရောင်းအဝယ် ပြန်ကောင်းလာကြောင်း သိရသည်။

"နှမ်းနဲ့ ပဲလွမ်းပြာက အရင်တစ်ပတ်လောက်က အရောင်းအဝယ် သိပ်ပြီးမကောင်းတာကြောင့် မန္တလေးဈေးကွက်ထဲဈေးကောင်းသိပ်မရခဲ့ဘူး။ အခုလက်ရှိမှာတော့ အရောင်းအဝယ်ပြန်ကောင်းလာတဲ့အပြင် ပြည်ပကပါ ဝယ်ယူမှုတွေ ရှိလာတာကြောင့် ဈေးကောင်းပြန်ရနေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် အောက်တိုဘာ ၂ ရက် ပေါက်ဈေးအရ နှမ်းဖြူ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၄၅၀၀၀၊ နှမ်းညို သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၈၀၀၀၀ သာပေါက်ဈေးရှိခဲ့သော်လည်း ယနေ့ပေါက်ဈေးအရ နှမ်းဖြူ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၅၀၀၀၀၊ နှမ်းညို သုံးတင်းဝင်တစ်အိတ်လျှင်ငွေကျပ် ၂၈၅၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

အလားတူ မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် အောက်တိုဘာ ၂ ရက်ပေါက်ဈေးအရ ပဲလွမ်းပြာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၈၀၀၀၀ သာပေါက်ဈေးရှိခဲ့သော်လည်း ယနေ့ ပေါက်ဈေးအရ ပဲလွမ်းပြာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၉၀၀၀၀ ပေါက်ဈေးရှိပြီး ဈေးကောင်းရရှိနေကြောင်း ပွဲစားကုန်သည်စက်ပိုင်များမဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)မှ သိရသည်။

(၁၈၄)

# မန္တလေးတိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်က မြို့နယ် ခုနစ်မြို့နယ်ရှိ အသင်းသားများကို ငွေကျပ်သန်း ၅၉၀ ကျော် ထုတ်ချေးပေးပြီးဖြစ်



**မန္တလေး အောက်တိုဘာ ၉**

မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်က မြို့နယ် ခုနစ်မြို့နယ်ရှိ သမဝါယမအသင်းသားတောင်သူများကို မိုးစပါးစိုက်ပျိုးနိုင်ရန်အတွက် ငွေကျပ်သန်း ၅၉၀ ကျော် ထုတ်ချေးပေးပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်မိုးက ပြောပြ၍ သိရသည်။

မန္တလေးတိုင်းဒေသကြီး သမဝါယမ အသင်းစုချုပ်အနေဖြင့် မြို့နယ် ခုနစ်မြို့နယ်ရှိ သမဝါယမအသင်း ၃၇ သင်း၊ အသင်းသားတောင်သူ ၈၉၆ ဦး၊ မိုးစပါး ၃၉၆၃ ဧကအတွက် ချေးငွေများကို ဇူလိုင်လမှစ၍ ထုတ်ချေးပေးခဲ့ရာ ယနေ့ထိ ငွေကျပ်သန်း ၅၉၄ ဒသမ ၀၅ သန်းကို ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း သိရသည်။

"မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ကနေပြီးတော့ မိုးစပါးစိုက်ပျိုးကြတဲ့ သမဝါယမအသင်းသား တောင်သူတွေကို ချေးငွေတွေ ချေးပေးပါတယ်။ တောင်သူ ၈၉၆ ယောက်အတွက်ပါ။ တစ်ဧကကို ငွေကျပ် နှစ်သိန်းနှုန်းနဲ့ ထုတ်ချေးပေးပါတယ်။ တောင်သူတွေအနေနဲ့ ပံ့ပိုးပေးတာနဲ့အညီ မိုးစပါးစိုက်ဧကတွေမှာ မှန်မှန်ကန်ကန်ထိထိရောက်ရောက် သုံးစွဲဖို့လိုပါတယ်။ အတိုးနှုန်းကတော့ တစ်ကျပ်နှုန်းယူပါတယ်။ ခြောက်လတစ်ကြိမ် အတိုးကောက်မယ်။ တစ်နှစ်ပြည့်ရင်တော့ အရင်း၊ အတိုး ပြန်ကောက်သွားမှာပါ"ဟု ဦးလှိုင်မိုးက ပြောပြသည်။

မန္တလေးတိုင်းဒေသကြီး သမဝါယမ အသင်းစုချုပ်အနေဖြင့် မိုးစပါးစိုက်ပျိုးနိုင်ရန် ချေးငွေထုတ်ချေးပေးသော မြို့နယ် ခုနစ်မြို့နယ်မှာ အမရပူရမြို့နယ်၊ စဉ့်ကူးမြို့နယ်၊ ကျောက်ဆည်မြို့နယ်၊ စဉ့်ကိုင်မြို့နယ်၊ ငါန်းဇွန်မြို့နယ်၊ နွားထိုးကြီးမြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်တို့ဖြစ်ကြောင်း သိရသည်။

(၁၈၅)

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အလုပ်သမားများကို လူမှုဖူလုံရေးအကျိုးခံစားခွင့်များအကြောင်း အသိပညာပေးဟောပြောမည်

**မန္တလေး အောက်တိုဘာ ၉**

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ် လေးမြို့နယ်ရှိ စက်ရုံများနှင့် အလုပ်ဌာနများမှ အလုပ်သမားများကို အောက်တိုဘာလ ဒုတိယပတ်မှစ၍ လူမှုဖူလုံရေး အကျိုးခံစားခွင့်များအကြောင်း အသိပညာပေး ဟောပြောသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ သိရသည်။

အဆိုပါ စက်ရုံ၊ အလုပ်ဌာနများမှ အလုပ်သမားများကို လူမှုဖူလုံရေး အကျိုးခံစားခွင့်များနှင့် အာမခံစနစ်များအကြောင်း ပိုမိုသိရှိနားလည်စေရန်အတွက် အသိပညာပေးဟောပြောသွားမည်ဖြစ်ကြောင်း၊ ထိုသို့ အသိပညာပေးဟောပြောရာတွင် ပြည်ကြီးတံခွန်မြို့နယ်၊ အမရပူရမြို့နယ်၊ အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်တို့၌ရှိသည့် အလုပ်ဌာနများကို မြို့နယ်လူမှုဖူလုံရေးရုံးခွဲများမှ ချိတ်ဆက်ပြီး တိုင်းဒေသကြီး တာဝန်ခံ၊ ခရိုင်တာဝန်ခံနှင့် မြို့နယ်ဦးစီးမှူးများ ပူးပေါင်း၍ အသိပညာပေးဆွေးနွေးဟောပြောသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ တာဝန်ခံအရာရှိ ဦးသန်းနိုင်ဦးက ပြောပြသည်။

"မန္တလေးမြို့ပေါ်ရှိ ရုံးခွဲတွေအလိုက် အနည်းဆုံးတစ်မြို့နယ်ကို ငါးကြိမ် ဟောပြောပွဲပြုလုပ်သွားမှာပါ။ အစိုးရဌာနလက်အောက်မှာရှိတဲ့ စက်ရုံ၊ အလုပ်ရုံတွေ၊ သင်တန်းကျောင်းတွေ၊ ဦးစီးဌာနတွေ၊ ကော်မတီအဖွဲ့အစည်းတွေကို ၂၀၁၂ ခုနှစ်ရဲ့ လူမှုဖူလုံရေးဥပဒေအကြောင်းတွေကို အခုလ ဒုတိယပတ်ကနေစပြီး ဟောပြောဆွေးနွေးမယ်။ အာမခံစနစ်သုံးခုကို အကောင်အထည်ဖော်နေတယ်။ အာမခံစနစ်သုံးခုကို ထည့်ဝင်ကြေးဘယ်လောက်သွင်းရမယ်။ တစ်ခုချင်းကနေ ဘာတွေရနိုင်တယ်။ ဆေးကုသမှုခွင့်အပြင် ငွေကြေးအကျိုးခံစားခွင့်၊ ကျန်းမာရေးစောင့်ရှောက်မှု အာမခံစနစ်မှာ မမာမကျန်းရမယ်။ မီးဖွားမှုဆိုင်ရာ ဆေးဖိုးပြန်အမ်းခြင်း ငါးမျိုးအကြောင်း၊ အကျိုးခံစားခွင့်တွေ ဘယ်လိုရမယ်ဆိုတဲ့ အကြောင်းရာတွေကို အသိပညာပေးဆွေးနွေးဟောပြောမယ်။ အလုပ်ဌာနတွေက အလုပ်သမားတွေ သိရှိလိုတဲ့ အကြောင်းအရာတွေကို ဟောပြောပြီး အပြန်အလှန်ဆွေးနွေးပေးသွားမှာပါ"ဟု မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ တာဝန်ခံအရာရှိ ဦးသန်းနိုင်ဦးက ပြောပြသည်။

အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အာမခံစနစ်သုံးခုမှာ ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှုအာမခံစနစ်၊ မိသားစုထောက်ပံ့မှုအာမခံစနစ်၊ အလုပ်ခွင်ထိခိုက်မှုအကျိုးခံစားခွင့်အာမခံစနစ်တို့ဖြစ်ကြောင်း သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၅၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ငွမြို့နယ် ဇီးခုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ငွ အောက်တိုဘာ ၉**

ရခိုင်ပြည်နယ် သံတွဲခရိုင် ငွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ညောင်ချောင်းကျေးရွာအုပ်စု ဇီးခုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို အောက်တိုဘာ ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ငွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းလင်းကျော်နှင့် တာဝန်ရှိသူများက ဇီးခုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရပ်မိရပ်ဖများ၊ တာဝန်ရှိသူများကို မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဇီးခုံကျေးရွာ၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်က မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၉ ဦး၊ ရေလုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦး၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၇ ဦးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦး စုစုပေါင်း ၉၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေကျပ် ၅၇ ဒသမ ၉၉ သန်းထိ ထုတ်ချေးနိုင်ခဲ့ကာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ငွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းလင်းကျော်ထံမှ သိရသည်။

**ကိုသန်း**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင်မန္တလေးမြို့ ၈၁ လမ်း၊ ၁၈ လမ်း-၁၉ လမ်းကြားနေ ဒေါ်လှလှမိသားစုက နှစ်ဖက်အဘိုး၊ အဘွားများနှင့် ဦးတင်ဝင်းအားရည်စူး၍ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ဒေါက်တာဦးတင်ဝင်းနှင့် ရုံးအဖွဲ့မှူး ဦးသန့်ဇင်တို့က လက်ခံရယူစဉ်။

# ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနှောင်းဝါ ၂၆၉၃၂ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ဝါစိုက်ခင်းကို တွေ့ရစဉ်။

**ရမည်းသင်း အောက်တိုဘာ ၉**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနှောင်းဝါ ၂၆၉၃၂ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြ၍ သိရသည်။

ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနှောင်းဝါကို နှစ်စဉ် စိုက်ပျိုးလျက်ရှိကြောင်း၊ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနှောင်းဝါ ၃၈၇၃၆ ဧက စိုက်ပျိုးရန်လျာထားပြီး စက်တင်ဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၆၉၃၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ ကျန်ရှိသည့်ဧကများကိုလည်း ဆက်လက်စိုက်ပျိုးနေကြောင်း သိရသည်။

"ရမည်းသင်းမြို့နယ်မှာ ချည်မျှင်ရှည်ဝါက ကိုယ့်ရေမြေဒေသနဲ့ ကိုက်ညီတဲ့ သီးနှံလဲဖြစ်တယ်။ ဝါက ပြည်တွင်းလိုအပ်ချက်ရှိပြီး ဝယ်လိုအားရှိတဲ့ သီးနှံဖြစ်ပါတယ်။ အဲဒီလို ဝယ်လိုအားရှိတာကြောင့် တောင်သူတွေအတွက်လဲ တွက်ခြေကိုက်ပါတယ်။ ဝါနဲ့ဝါထွက်ပစ္စည်းကို အခြေခံတဲ့ စက်ရုံတွေအတွက် ကုန်ကြမ်းလိုအပ်မှုကို ဖြည့်ဆည်းဖို့ ဝါစိုက်ပျိုးတာပါ။ ဝါက စျေးကွက်အခက်အခဲမရှိပါဘူး"ဟု ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြသည်။

ရမည်းသင်းမြို့နယ်တွင် ဝါကို မိုးကြို၊ မိုး၊ မိုးနှောင်းဟူ၍ တစ်ရာသီလုံးစိုက်ပျိုးကြကြောင်း၊ ယခုနှစ်တွင် မိုးကြိုဝါဧက ၂၄၀၀ ကျော်၊ မိုးဝါဧက ၁၆၀၀ ကျော် ယခုမိုးနှောင်းဝါ ၂၆၉၃၂ ဧက စိုက်ပျိုးခဲ့ကြောင်း၊ ဝါသည် ရေရှားပါးမှုဖြစ်ခဲ့ပါက အခြားသီးနှံများနှင့်နှိုင်းယှဉ်လျှင် ရာသီဥတုဒဏ်ခံနိုင်ရည်ရှိသည့် သီးနှံဖြစ်သောကြောင့် အဓိကထားစိုက်ပျိုးသည့် သီးနှံဖြစ်ကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၅)

# သရက်မြို့နယ် စမ်းအိုင့်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းနေမှု ကွင်းဆင်းစစ်ဆေး

**သရက် အောက်တိုဘာ ၉**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ စမ်းအိုင့်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို အောက်တိုဘာ ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းနှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာတို့က ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ စမ်းအိုင့်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

သရက်မြို့နယ် စမ်းအိုင့်ကျေးရွာ၌ အရှည် ၅၃၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀ ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၏ စီမံခန့်ခွဲမှုဖြင့် ယခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၃၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းထံမှ သိရသည်။

**ဇင်မာ**

# လွိုင်လင်မြို့နယ် ကောင်းငိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် လုပ်ငန်းအဖွဲ့ဖွဲ့စည်းခြင်း ပြုလုပ်

**လွိုင်လင် အောက်တိုဘာ ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် လုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက ဟဲနန်းကျေးရွာအုပ်စု ကောင်းငိုကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်မင်းထိုက်က မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းမှ ရရှိလာမည့်အကျိုးကျေးဇူးများ၊ အတိုးနှုန်း၊ ကာလသတ်မှတ်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လွိုင်လင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေပိုးဦးနှင့် စီမံကိန်းတာဝန်ခံက ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသော ရပ်မိ၊ ရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ်ဆောင်ရွက်နိုင်သည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ ကောင်းငိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း Type- 2 အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၂၀၀ ဖြင့် စီမံကိန်းနှင့် အကျုံးဝင်သည့်လုပ်ငန်းများတွင် အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်မင်းထိုက်က ပြောပြ၍ သိရသည်။

**ရှိုးသန်းဥမ္မာ့**



# ခေတ်သစ်လျှပ်စစ်ယာဉ် နည်းပညာရှာဖွေခြင်း(အပိုင်း–၁)

ပါမောက္ခကိုကိုအောင်



ASEAN EV Summit ဖွင့်ပွဲအခမ်းအနားသို့ စာရေးသူတက်ရောက်စဉ်။

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ Bangkok International Trade & Exibition Center ၌ ကျင်းပမည့် စတုတ္ထအကြိမ်မြောက် လျှပ်စစ်စွမ်းအင်သုံးယာဉ်ဆိုင်ရာနည်းပညာကွန်ဖရင့်နှင့် ပြပွဲ (The 4th International Electric Vehicle Technology Conference & Exibition)၊ အာဆီယံလျှပ်စစ်စွမ်းအင်သုံးယာဉ်ဆိုင်ရာထိပ်သီးအစည်းအဝေး ၂၀၁၉ (ASEAN EV Summit 2019)၊ ကမ္ဘာလုံးဆိုင်ရာလျှပ်စစ်စွမ်းအင်သုံးယာဉ်အသင်းကွန်ရက်ဖိုရမ် (Global EV Association Network Forum) နှင့် အာဆီယံစွမ်းအင်ရေရှည်တည်မြဲရေးရက်သတ္တပတ် (ASEAN Sustainable Week) ဆွေးနွေးပွဲများသို့ တက်ရောက်ပါရန် ဖိတ်ကြားလာချက်အရ ၂၀၁၉ ခုနှစ် ဇွန် ၄ ရက် နံနက်ပိုင်းက ထိုင်းလေကြောင်းလိုင်းဖြင့် ရန်ကုန်မြို့မှ ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ထွက်ခွာခဲ့သည်။

ဖိတ်မန္တကပြုသည့် အဖွဲ့အစည်းက ထိုင်းနိုင်ငံလျှပ်စစ်စွမ်းအင်သုံးယာဉ်ဆိုင်ရာအသင်း (Electric Vehicle Association of Thailand-EVAT) ဖြစ်ပြီး မိမိက Global Electric Vehicle Association Network (GEAN) ၏ National Member အနေဖြင့်လည်းကောင်း၊ မော်တော်ယာဉ်ထုတ်လုပ်သုံးစွဲမှုဆိုင်ရာ အင်ဂျင်နီယာပညာရှင်များအသင်း (မြန်မာနိုင်ငံ) [Automotive Industrial Professional Engineer's Association-AIPA (Myanmar)] ၏ ဥက္ကဋ္ဌအနေဖြင့်လည်းကောင်း၊ မော်တော်ယာဉ်အင်ဂျင်နီယာပညာရှင် (Professional Automotive Engineer) အနေဖြင့်လည်းကောင်း တက်ရောက်ရခြင်းဖြစ်သည်။ ဤခရီးစဉ်သည် မိမိအတွက် ထိုင်းနိုင်ငံသို့ ဆဋ္ဌမအကြိမ်မြောက် သွားရောက်ရသည့်ခရီးစဉ်လည်းဖြစ်သည်။

မိမိကို တာဝန်ခံဖိတ်ကြားသည့်ပုဂ္ဂိုလ်က ထိုင်းနိုင်ငံ King Mongkut's University of Technology Thonburi (KMUTT) ၏ စက်မှုအင်ဂျင်နီယာဌာနမှ ပါမောက္ခ၊ ဌာနမှူး Dr.Yossapong Laoonual ဖြစ်ပြီး ၎င်းတက္ကသိုလ်၏ စက်မှုအင်ဂျင်နီယာဌာနမှ ကထိကဖြစ်သူ Dr.Kitchanon Ruangjirakit က အသွားအပြန်ခရီးစဉ်အစအဆုံးအတွက် လေယာဉ်လက်မှတ်ကို စီစဉ်ဆောင်ရွက်ပေးခဲ့သည်။ ဟိုတယ်၌တည်းခိုနေထိုင်မည့် ကိစ္စအဝဝအတွက်ကိုမူ UBM Asia (Thailand) Co., Ltd ၏ ဥက္ကဋ္ဌကြီး Mr. Manu Leopairote နှင့်တကွ ဒါရိုက်တာအဖွဲ့ဝင်များက စနစ်တကျကြိုတင်စီစဉ်ပေးထားခြင်းဖြစ်သည်။

ဤသို့ဖြင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ သုဝဏ္ဏဘုမ္မိအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ မိနစ် ၃၀ ခန့်တွင် ချောမောစွာရောက်ရှိသည်။ ထို့နောက် အသင့်စီစဉ်ပေးထားသောကားဖြင့် သုဝဏ္ဏဘုမ္မိအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာခဲ့ရာ ခေတ္တတည်းခိုနေထိုင်မည့် Westin Grande Sukhumvit Bangkok Hotel သို့ ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီတွင် ရောက်ရှိသည်။

ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် Level-8 ၌ ကျင်းပမည့် Networking Reception အတွက် ကြိုတင်ပြင်ဆင်သည်။ ညနေ ၅ နာရီ၌ ရေချိုးသန့်စင်ပြီး Westin Hotel Level-8၊ State Room-3 ၌ ကျင်းပသည့် နိုင်ငံတကာမှ ကိုယ်စားလှယ်များနှင့် ပညာရှင်များ အကြိုတွေ့ဆုံပွဲသို့ ညနေ ၆ နာရီတွင် စတင်တက်ရောက်သည်။ ဦးစွာ UBM Asia (Thailand) ၏ Group Managing Director က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး EV Association of Thailand ၏ဥက္ကဋ္ဌ Dr. Yossapong က တက်ရောက်လာသူများအားလုံးကို ဂုဏ်ပြုစကားပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ကိုယ်စားလှယ်များနှင့်ပညာရှင်များက ကိုယ့်ကိုယ်ကိုယ် တစ်ဦးချင်းစီ မိတ်ဆက်စကားပြောကြားကြပြီး နောက်တစ်နေ့၌ကျင်းပမည့် ကွန်ဖရင့်နှင့် အစည်းအဝေးများအတွက် ကြိုတင်ညှိနှိုင်းဆွေးနွေးကြသည်။ အကြိုတွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲအပြီးတွင် ညစာဖြင့်တည်ခင်းဧည့်ခံရာ ညစာသုံးဆောင်ရင်း တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ခင်မင်ရင်းနှီးစွာ စကားစမြည်ပြောဖြစ်ကြသည်။ ဤသို့ဖြင့် အကြိုတွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲလေးသည် ပျော်ရွှင်ဖွယ်အတိဖြင့် အောင်မြင်ချောမွေ့စွာ ပြီးဆုံးခဲ့တော့သည်။

နောက်တစ်နေ့ ဇွန် ၅ ရက် နံနက် ၇ နာရီတွင် တောင်ကိုရီးယားကိုယ်စားလှယ်အဖွဲ့နှင့်အတူ နံနက်စာ အတူတကွသုံးဆောင်ရင်း စကားစမြည်ပြောဖြစ်ကြသည်။ တောင်ကိုရီးယားကိုယ်စားလှယ်အဖွဲ့ကို Global EV Association Network (GEAN) ဥက္ကဋ္ဌကြီး Mr. Kim Dae Hwan က ဦးဆောင်ကာ ကွန်ဖရင့်၊ ဖိုရမ်နှင့် အစည်းအဝေးများသို့တက်ရောက်လာကြခြင်းဖြစ်သည်။ အဖွဲ့ဝင်များအဖြစ် Electric Vehicle ဆိုင်ရာ ပညာရှင်များ၊ အကြံပေးပုဂ္ဂိုလ်များလည်း လိုက်ပါလာကြသည်။

၂၀၀၉ ခုနှစ် မေလအတွင်းက တောင်ကိုရီးယားနိုင်ငံ ဂျယ်ဂျူကျွန်း၌ ကျင်းပပြုလုပ်ခဲ့သော The 4th Global EV Association Network Forum နှင့် The 6th International Electric Vehicle Expo များကို အတူတကွတက်ရောက်ခဲ့သော ပညာရှင်များပင်ဖြစ်ကြသည်။ ထိုစဉ်က အဆိုပါဖိုရမ်နှင့် ပြပွဲကို တောင်ကိုရီးယားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့ခြင်းဖြစ်ပြီး ယခုကျင်းပသည့် ကွန်ဖရင့်၊ ဖိုရမ်၊ အစည်းအဝေးများနှင့် ပြပွဲတို့ကိုမူ ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပပေးခြင်းဖြစ်သည်။ တောင်ကိုရီးယားကိုယ်စားလှယ်အဖွဲ့နှင့် နဂိုကတည်းက ခင်မင်ရင်းနှီးပြီးဖြစ်သည့်အလျောက် တစ်ဦးနှင့်တစ်ဦး ရင်းနှီးပွင့်လင်းစွာ စကားစမြည်ပြောရင်း ယခုပွဲအတွက် ကြိုတင်ပြင်ဆင်ထားမှုများကို အပြန်အလှန်ဖလှယ်ကြသည်။

ဒေသစံတော်ချိန် နံနက် ၇ နာရီ ၄၅ မိနစ်တွင် မိမိတို့ကိုယ်စားလှယ်များသည် Westin ဟိုတယ်မှ Bangkok International Trade & Exibition Center (BITEC) သို့ အထူးစီစဉ်ပေးထားသောကားများဖြင့် သွားရောက်ကြသည်။ မိနစ် ၃၀ ကျော်မောင်းနှင်ပြီးနောက် BITEC သို့ ရောက်ရှိကြရာ EV Association of Thailand မှ Dr. Yossapong အမှူးပြုသော ကျင်းပရေးကော်မတီဝင်များက လှိုက်လှဲစွာ ကြိုဆိုကြသည်။ ပြီးနောက် မိမိအပါအဝင် ဧည့်သည်တော်များအားလုံးက အခမ်းအနားအစီအစဉ်များ၊ ကွန်ဖရင့်၊ ဖိုရမ်၊ အစည်းအဝေးနှင့် ပြပွဲအစီအစဉ်များတွင် မိမိတို့တစ်ဦးချင်းတစ်ဖွဲ့ချင်း ပါဝင်ဆွေးနွေးတင်ပြကြရမည့်အချိန်ဇယားများကို ကြိုတင်လေ့လာကြသည်။

ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် အခမ်းအနားကို စတင်ကျင်းပရာ UBM Asia (Thailand)ဥက္ကဋ္ဌကြီး Mr. Menu Leopairote က ASEAN Sustainable Energy Week 2019 နှင့် ပတ်သက်သော တင်ပြချက်ကိုလည်းကောင်း၊ EV Association of Thailand ၏ ဥက္ကဋ္ဌ ပါမောက္ခ Dr. Yossapong က International Electric Vehicle Technology Conference & Exibition (iEV Tech 2019) နှင့်ပတ်သက်သော တင်ပြချက်ကိုလည်းကောင်း၊ တွဲဖက်ပါမောက္ခ Dr. Suneerat Fukuda က Connecting ASEAN Smart Cities, Grids & E-Mobility နှင့်ပတ်သက်သော တင်ပြချက်ကိုလည်းကောင်း၊ KMUTT မှ တွဲဖက်ပါမောက္ခ Dr. Suvit Saetia နှင့် Thailand Convention & Exibition Bureau မှ Mr. Chiruit Isarangkun တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားများကိုလည်းကောင်း အသီးသီးပြောကြားကြသည်။

ထို့နောက် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး H.E. Dr. Siri Chiraphonghan က အဖွင့်မိန့်ခွန်းပြောကြားကာ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။ ပြီးနောက် အမှတ်တရစုပေါင်းဓာတ်ပုံများရိုက်ကူးကာ အခမ်းအနားကို ခေတ္တရပ်နားသည်။ ဒေသစံတော်ချိန် နံနက် ၁၀ နာရီ မိနစ် ၃၀ ၌ Plenary Session ကို စတင်ကျင်းပရာ တွဲဖက်ပါမောက္ခ Dr. Suneerat Fukuda က Chairman အဖြစ် ဆောင်ရွက်ပေးသည်။ အဆိုပါအစီအစဉ်တွင် EV Association of Asia-Pacific ၏ ဥက္ကဋ္ဌဖြစ်သော ဂုဏ်ထူးဆောင်ပါမောက္ခ C.C.Chan၊ ထိုင်းနိုင်ငံ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးအာဏာပိုင်အဖွဲ့၏ ဒုတိယအုပ်ချုပ်ရေးမှူး Mr. Patana Sangsriroujana၊ အမေရိကန်ပြည်ထောင်စု Menlo Energy Economics ၏ ဥက္ကဋ္ဌ Dr. Fereidoon တို့က မိမိတို့နှင့်သက်ဆိုင်ရာကဏ္ဍများအလိုက် Speaker များအနေဖြင့် ရှင်းလင်းတင်ပြကြသည်။ ပြီးနောက် တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းမှုအပေါ် ပြန်လည်ရှင်းလင်းပြောကြားကြပြီးနောက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် Plenary Session ကို ရပ်နားလိုက်သည်။

Plenary Session အပြီးတွင် တက်ရောက်လာကြသော ကိုယ်စားလှယ်များနှင့် ပညာရှင်များကို ပြပွဲကျင်းပရေးကော်မတီက BITEC မြေညီထပ်ရှိ Fahrenheit Restaurant ၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။ ကိုယ်စားလှယ်များနှင့် ပညာရှင်များအားလုံး အထူးနေ့လည်စာဘူဖေးကို သုံးဆောင်ရင်း တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ခင်မင်ရင်းနှီးစွာ စကားစမြည်ပြောဖြစ်ကြသည်။

ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ မိနစ် ၃၀ တွင် ASEAN EV Summit 2019 ကို စတင်ကျင်းပရာ EV Association of Thailand ၏ ဥက္ကဋ္ဌ Dr. Yossapong နှင့် UBM Asia (Thailand)ဥက္ကဋ္ဌကြီး Mr. Manu Leopairote တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။ ဆက်လက်၍ EV Association of Asia-Pacific (EVAAP) ဥက္ကဋ္ဌ ပါမောက္ခ C.C. Chan နှင့် Global EV Association Network(GEAN) ဥက္ကဋ္ဌကြီး Mr.Kin Dae Hwan တို့က ဂုဏ်ပြုစကားများပြောကြားကြသည်။

ထို့နောက် ထိုင်းနိုင်ငံ စက်မှုဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် Dr. Nattepol Rangsitpol က အဖွင့်အမှာစကားပြောကြားကာ ASEAN Summit 2019 ကို ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲကို ကျင်းပရာ EV Association of Malaysia ဥက္ကဋ္ဌ Mr. Dennis Chuah၊ EV Association of Philippines ဥက္ကဋ္ဌ Mr. Edmund Araga၊ EV Association of Singapore ဥက္ကဋ္ဌ Mr. Terence Siew နှင့် EV Association of Thailand ဥက္ကဋ္ဌ Dr. Yossapong တို့က နားလည်မှုစာချွန်လွှာအသီးသီးတို့၌ လက်မှတ်ရေးထိုးကာ စာချွန်လွှာများ အပြန်အလှန်လဲလှယ်ကြသည်။ ထို့နောက် အမှတ်တရစုပေါင်းဓာတ်ပုံများရိုက်ကူးကြသည်။

ဆက်လက်၍ ထိုင်းနိုင်ငံ ရင်းနှီးမြှုပ်နှံမှုအဖွဲ့၏ အမှုဆောင်ဒါရိုက်တာ Mr. Chati Limpongsai က EV ဆိုင်ရာလုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံမှုတိုးတက်လာစေရေးနှင့်ပတ်သက်၍ မိန့်ခွန်းပြောကြားသည်။ ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီတွင် အခမ်းအနားကို ခေတ္တရပ်နားကာ ကော်ဖီ၊ မုန့်တို့ဖြင့် ဧည့်ခံကျွေးမွေးသည်။

မွန်းလွဲ ၃ နာရီ ၁၅ မိနစ်တွင် အခမ်းအနားကို ပြန်လည်စတင်ရာ Nissan Asia ၏ ဒုတိယဥက္ကဋ္ဌ Mr. Vincent Wijnen နှင့် Bloomberg NEP မှ အကြီးတန်းအရာရှိ Mr. Allen Tom Abraham တို့က အနာဂတ်အာဆီယံမြို့ပြများ၌ လျှပ်စစ်စွမ်းအင်သုံးယာဉ်များ အသုံးပြုမှုကျယ်ပြန့်လာစေရေးကိစ္စနှင့်စပ်လျဉ်း၍ အသီးသီးဆွေးနွေးကြသည်။

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

## လှပသာယာ ပြည်မြန်မာ

\- နွေးထွေးသော ပြည်မြန်မာ၊
လူမျိုးကို မခွဲခြား
သွေးသားစုံစွာ၊
စည်းလုံးလှ ညီညာညာ
ဒုက္ခလာ ရင်ဆိုင်ရှင်း၊
သုခကို မျှခံစား
အိမ်သားချစ်ချင်း။

\- ချမ်းသာသော ပြည်မြန်မာ၊
ပေါများပေ သယံဇာတ
ပြည့်ဝဘဏ္ဍာ၊
တောတောင်တန်း ပင်လယ်ပြာ
ရှုခင်းသာ ပြောမဆုံး၊
စိန်ရွှေငွေ ရတနာကျောက်
ထွန်းတောက်ကာဖုံး။

\- စည်းလုံးသော ပြည်မြန်မာ၊
ကျူးကျော်ရန် နယ်ချဲ့ယုတ်
တိုက်ထုတ်ခဲ့တာ၊
ခြံစည်းရိုး တံတိုင်းမဟာ
သွေးနဲ့သာ တည်ဆောက်၊
အားနဲ့အင် ပေါင်းစည်းပေးတဲ့
မျိုးချစ်သွေးသောက်။

\- မွန်မြတ်သော ပြည်မြန်မာ၊
ပုထိုးစေတီ ကျောင်းကန်ဘုရား
တန်ဆောင်းရယ် သိမ်ဇရပ်နဲ့
မြင့်မြတ်နေရာ၊
တောင်ပေါ်မြေပြန့် မြန်ပြည်ရွာ
သာသနာ ရောင်ဝါထွန်း၊
သွေးချင်းတွေ
ဖေးရင်းနေ အောင်အတိတ်နဲ့
ဇမ္ဗူဒိပ်ကျွန်း။ ။

ချစ်သက်(မြန်မာစာ)

# မြန်မာနိုင်ငံရှိ ခရီးစဉ်ဒေသ ၁၄ ခုသို့ လည်ပတ်သွားလာမည့် ရုရှားခရီးသွားအဖွဲ့ ဖိတ်ခေါ်ခရီးစဉ်ကို ယခုလအတွင်း စတင်မည်

**စစ်တွေ အောက်တိုဘာ ၉**

မြန်မာနိုင်ငံတွင် ခရီးသွားဈေးကွက်ဖော်ဆောင်ရန် ရုရှားခရီးသွားများ ဖိတ်ခေါ်မှုအစီအစဉ်အဖြစ် မြန်မာနိုင်ငံရှိ ခရီးစဉ်ဒေသ ၁၄ ခုသို့ လည်ပတ်သွားလာမည့် ရုရှားခရီးသွားအဖွဲ့ ဖိတ်ခေါ်ခရီးစဉ်ကို ယခုလအတွင်း စတင်မည်ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန (ရခိုင်ပြည်နယ်) ညွှန်ကြားရေးမှူး ဦးတင်ထွန်းအောင်က ပြောပြ၍ သိရသည်။

အဆိုပါ ရုရှားခရီးသွားအဖွဲ့ ဖိတ်ခေါ်ခရီးစဉ်ကို အောက်တိုဘာလ စတုတ္ထပတ်အတွင်း စတင်သွားမည်ဖြစ်ပြီး ရုရှားခရီးသွားအဖွဲ့တွင် ရုရှားခရီးသွားဦးရေ ၃၀ လိုက်ပါလာမည်ဖြစ်ကြောင်း သိရသည်။

"အောက်တိုဘာလ စတုတ္ထပတ်ထဲမှာ ရုရှားခရီးသွားအဖွဲ့တစ်ဖွဲ့လာဖို့ရှိပါတယ်။ ရုရှားခရီးသွားအယောက် ၃၀ ပါရှိမှာဖြစ်ပါတယ်။ အဓိကကတော့ မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ ခရီးစဉ်ဒေသ ၁၄ ခုကို သူတို့သွားရောက်လေ့လာမယ်။ သူတို့လာပြီးရင်တော့ ရုရှားခရီးသွားတွေ အများအပြားလာရောက်မှာဖြစ်တဲ့အတွက် ခရီးစဉ်ဒေသအသီးသီးမှာလဲ ကြိုတင်ပြင်ဆင်မှုတွေ လုပ်နေကြပါပြီ။ ရုရှားခရီးသွားတွေက တောင်တန်းဒေသနဲ့ ပင်လယ်ဒေသတွေကို ခရီးသွားလာရတာ နှစ်သက်ကြတဲ့အတွက် ပင်လယ်ပိုင်းက ခရီးစဉ်တွေကော တောင်တန်းဘက်ကခရီးစဉ်တွေပါ ပိုပြီးပြင်ဆင်မှုတွေလုပ်ထားပါတယ်"ဟု ညွှန်ကြားရေးမှူး ဦးတင်ထွန်းအောင်က ပြောပြသည်။

လာမည့် ပွင့်လင်းရာသီအတွင်း ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ ဦးစားပေးသွားရောက်လည်ပတ်သင့်သည့် ခရီးစဉ်ဒေသ ၁၄ ခုကို ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားပြီး အဆိုပါဒေသများမှာ မြန်မာနိုင်ငံရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များဖြင့် ထင်ရှားကျော်ကြားသည့် သမိုင်းဝင်ဘုရား၊ စေတီ ပုထိုးများ၊ ရှေးဟောင်းအဆောက်အအုံများနှင့် တောတောင်ရေမြေ သဘာဝအလှအပများ တည်ရှိရာ ဒေသများဖြစ်ကြောင်း သိရသည်။

အဆိုပါ ခရီးစဉ်ဒေသ ၁၄ ခုတွင် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ပုဂံ၊ ငွေဆောင်၊ ချောင်းသာ၊ ငပလီ၊ ပြင်ဦးလွင်၊ အင်းလေး၊ ကလော-တောင်ကြီး၊ ကော့သောင်း၊ ကျောက်ဖြူ၊ မာန်အောင်နှင့် ပူတာအိုတို့ပါဝင်ကြောင်း သိရသည်။

ASH



# ဖြူးမြို့နယ် သင်ဖန်းပင်ကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ဖြူး အောက်တိုဘာ ၉**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် သင်ဖန်းပင်ကျေးရွာ၌ ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မျိုးအောင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ လုပ်ငန်းစဉ်အကြောင်းအရာများနှင့် ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ ကျေးရွာပြည်သူလူထုက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးရမည့်အခြေအနေများကို ရှင်းလင်းပြောကြားပြီး ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းတာဝန်ခံက ကျေးရွာကော်မတီဝင်များ ရွေးချယ်ရာတွင် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မျိုးအောင်နှင့် စီမံကိန်းတာဝန်ခံများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအဖွဲ့ဝင်ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

ဖြူးမြို့နယ်၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကို သင်ဖန်းပင်ကျေးရွာအပါအဝင် ကျေးရွာ ၁၀ ရွာ၌ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စီမံကိန်းကျေးရွာတစ်ရွာလျှင် ရန်ပုံငွေကျပ် သိန်း ၁၅၀ စီ ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မျိုးအောင်က ပြောပြ၍ သိရသည်။

ကိုညီ

# ဘားအံမြို့နယ် နော်ဖားတိုကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**ဘားအံ အောက်တိုဘာ ၉**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းရန်ပုံငွေဖြင့် နော်ဖားတိုကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အောက်တိုဘာ ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသူရလွင်နှင့် အင်ဂျင်နီယာဝန်ထမ်းများက နော်ဖားတိုကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

နော်ဖားတိုကျေးရွာ၌ အရှည်ပေ ၆၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းရန်ပုံငွေ ကျပ် ၁၈ ဒသမ ၅သန်းဖြင့် ယခုနှစ် အောက်တိုဘာ ၁ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ဆက်လှ**




# ၂၀၂၃ ခုနှစ် ဘောဂဗေဒနိုဗယ်ဆုကို အမေရိကန်ဘောဂဗေဒပညာရှင် ကာလော်ဒီယာဂိုးလ်ဒင်းရရှိခဲ့ကြောင်း ဆွီဒင်တော်ဝင်သိပ္ပံအကယ်ဒမီကြေညာ




**စတော့ဟုမ်း အောက်တိုဘာ ၉**

ယခုနှစ် ဘောဂဗေဒနိုဗယ်ဆုကို အမေရိကန် အမျိုးသမီးစီးပွားရေးသမိုင်းပညာရှင် ကလော်ဒီယာဂိုးလ်ဒင်းက ရရှိခဲ့ကြောင်း ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့အခြေစိုက် ဆွီဒင်တော်ဝင်သိပ္ပံအကယ်ဒမီက ယနေ့တွင် ကြေညာထားသည်။

အမျိုးသားများနှင့် အမျိုးသမီးများကြား လုပ်ခလစာမညီမျှမှုကို လေ့လာခဲ့သည့်အတွက် ယခုနှစ် ဘောဂဗေဒ နိုဗယ်ဆုရှင်အဖြစ် ကလော်ဒီယာဂိုးလ်ဒင်းကို ရွေးချယ်ခဲ့ကြောင်း ဆွီဒင်တော်ဝင်သိပ္ပံအကယ်ဒမီကြေညာချက်၌ ဖော်ပြထားသည်။

အမေရိကန် စီးပွားရေးသမိုင်းပညာရှင် ကလော်ဒီယာဂိုးလ်ဒင်းသည် ဘောဂဗေဒနိုဗယ်ဆုအတွက် ဆွီဒင်ကရောင်းငွေ ၁၁ သန်း(အမေရိကန်ဒေါ်လာ တစ်သန်း)ရရှိမည်ဖြစ်သည်။

ဘောဂဗေဒ နိုဗယ်ဆုသည် ယခုနှစ်နိုဗယ်ဆုရာသီ၏နောက်ဆုံးကြေညာသောနိုဗယ်ဆုဖြစ်သည်။

ကလော်ဒီယာဂိုးလ်ဒင်း သည် ဘောဂဗေဒနိုဗယ်ဆုကို ဆွတ်ခူးနိုင်ခဲ့သည့် တတိယမြောက်အမျိုးသမီးဘောဂဗေဒပညာရှင်ဖြစ်သည်။

ပြီးခဲ့သည့်နှစ် ဘောဂဗေဒ နိုဗယ်ဆုကို အမေရိကန်အမျိုးသားစီးပွားရေးပညာရှင် သုံးဦးတို့က ပူးတွဲရရှိခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# ဟားမတ်စ်အုပ်စုကို ရင်ဆိုင်ထိုးစစ်ဆင်ရန် အရန်တပ်ဖွဲ့ဝင် ဦးရေ ၃၀၀၀၀၀ အစ္စရေးဆင့်ခေါ်ထား

**ဂျေရုဆလင် အောက်တိုဘာ ၉**

ဂါဇာကမ်းမြောင် အခြေစိုက် ဟားမတ်စ်အုပ်စု၏ စစ်မျက်နှာအများအပြားဖွင့်တိုက်ခိုက်လာမှုကို တုံ့ပြန်သည့်အနေဖြင့် အစ္စရေးစစ်ဘက်က ယနေ့တွင် အရန်တပ်ဖွဲ့ဝင် ၃၀၀၀၀၀ထိ စံချိန်တင် ဆင့်ခေါ်ထားကြောင်း သိရသည်။

အောက်တိုဘာ ၇ ရက်မှစ၍ အစ္စရေး မြေပြင်တပ်များသည် ဟားမတ်စ်အုပ်စုဝင်များ စီးနင်းတိုက်ခိုက်ခဲ့သည့် နယ်စပ်မြို့များနှင့် ကျေးရွာများကို ပြန်လည်ထိန်းချုပ်ရန် တိုက်ပွဲဝင်လျက်ရှိသည်။

လက်ရှိအချိန်တွင် အဆိုပါ နယ်စပ်ကျေးရွာများနှင့် မြို့များကို အစ္စရေးတပ်များက ပြန်လည်ထိန်းချုပ်ထားနိုင်ပြီဖြစ်သော်လည်း ခုခံဆဲ ဟားမတ်စ် အုပ်စုဝင်အချို့နှင့် တိုက်ပွဲများဆက်လက်ဖြစ်ပွားနေဆဲဖြစ်သည်။

ဟားမတ်စ်အုပ်စု၏ တိုက်ခိုက်မှုများကိုတုံ့ပြန်ရေးအတွက် အောက်တိုဘာ ၇ ရက်မှစ၍ ယနေ့ထိ အရန်တပ်ဖွဲ့ဝင် ၃၀၀၀၀၀ ထိ ဆင့်ခေါ်ထားကြောင်း အစ္စရေးစစ်ဘက်က ကြေညာထားသည်။

ဆင့်ခေါ်ထားသည့် အရန်တပ်ဖွဲ့ဝင်အင်အားအရ အစ္စရေးနိုင်ငံအနေဖြင့် ဂါဇာကမ်းမြောင်ဒေသအတွင်းသို့ ကျူးကျော်ဝင်ရောက်နိုင်ဖွယ် ရှိသော်လည်း ထိုကဲ့သို့အစီအစဉ်မျိုး ရှိ၊ မရှိကို အစ္စရေးစစ်ဘက်က တရားဝင်အတည်ပြု ကြေညာထားခြင်းမရှိသေးကြောင်း သိရသည်။

မိမိတို့အနေဖြင့် အရန်တပ်အင်အားကို စံချိန်တင်ဆင့်ခေါ်ထားပြီး ထိုးစစ်တစ်ရပ်ဆင်နွှဲမည်ဟု အစ္စရေးစစ်ဘက်တာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : The Strait Times**
**Trs : KKO**



# အစ္စရေးနိုင်ငံ တဲလ်အဗစ်မြို့သို့ ပျံသန်းပြေးဆွဲမည့် နိုင်ငံတကာလေကြောင်းလိုင်းများ ရပ်ဆိုင်းထား

**တဲလ်အဗစ် အောက်တိုဘာ ၉**




ဂါဇာကမ်းမြောင် အခြေစိုက် ဟားမတ်စ်အုပ်စုက အစ္စရေးနိုင်ငံကို တိုက်ခိုက်ခဲ့ပြီးနောက် နိုင်ငံတကာလေကြောင်းလိုင်းအချို့က တဲလ်အဗစ် လေကြောင်းခရီးစဉ်များကို အောက်တိုဘာ ၈ ရက်တွင် စတင်ရပ်ဆိုင်းထားကြောင်း သိရသည်။

တဲလ်အဗစ်ခရီးစဉ်များ ဆိုင်းငံ့ထားသော နိုင်ငံတကာလေကြောင်းလိုင်းများထဲတွင် အမေရိကန်နိုင်ငံအခြေစိုက်ယူနိုက်တက်လေကြောင်းလိုင်း၊ ဒယ်လ်တာလေကြောင်းလိုင်းနှင့် အမေရိကန်လေကြောင်းလိုင်းများပါဝင်သည်။

ပြင်သစ်အခြေစိုက် အဲဖရင့်စ်လေကြောင်းလိုင်းနှင့် ဖင်လန်နိုင်ငံအခြေစိုက် ဖင်းနီးယားလေကြောင်းလိုင်းတို့ကလည်း တဲလ်အဗစ်လေကြောင်း ခရီးစဉ်များအား ရပ်ဆိုင်းထားသည်။

ထို့နည်းတူ ဟောင်ကောင်အခြေစိုက်ကာပေလေကြောင်းလိုင်း၊တရုတ်အခြေစိုက်ဟိုင်နန်လေကြောင်းလိုင်းနှင့် တောင်ကိုရီးယားအခြေစိုက် ကိုရီးယား လေကြောင်းလိုင်းများကလည်း တဲလ်အဗစ်သို့ပျံသန်းမှုများရပ်ဆိုင်းထားသည်။

ခရီးသည်တင် လေကြောင်းလိုင်းများအတွက် ဘေးကင်းလုံခြုံချိန်မှသာ တဲလ်အဗစ်ခရီးစဉ်များ ပြန်လည်ပြေးဆွဲမည် ဖြစ်ကြောင်း လေကြောင်းလိုင်းများက သတင်းထုတ်ပြန်ထားသည်။

ဟားမတ်စ်အုပ်စုနှင့် တိုက်ပွဲများဖြစ်နေစဉ် လက်ရှိလုံခြုံရေးအခြေအနေနှင့် ဘေးအန္တရာယ်များကို ထည့်သွင်းစဉ်းစားရန် အစ္စရေး တာဝန်ရှိသူများကလည်း လေကြောင်းလိုင်းများကိုတိုက်တွန်းထားကြောင်း သိရသည်။

**Ref : The Strait Times**
**Trs : KKO**

# ကွန်ဂိုနိုင်ငံ ဒီဇင်ဘာလရွေးကောက်ပွဲ၌ သမ္မတလောင်း ၂၄ ဦးထိ ပါဝင်ယှဉ်ပြိုင်မည်

**ကင်ရှာဆာ အောက်တိုဘာ ၉**

ကွန်ဂိုဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ (ဒီအာရ်စီ)သမ္မတရွေးကောက်ပွဲ၌ လက်ရှိသမ္မတ ဖီးလစ်တီရှီဆီကီဒီအပါအဝင် သမ္မတလောင်း ၂၄ ဦး ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း အောက်တိုဘာ ၈ ရက်သတင်းများအရ သိရသည်။

ယခုနှစ် ဒီဇင်ဘာလတွင် ကျင်းပမည့် သမ္မတရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန် သမ္မတလောင်း ၂၄ ဦးတို့က တရားဝင်ကြေညာထားကြောင်း ကွန်ဂိုရွေးကောက်ပွဲကော်မရှင်က ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

အဆိုပါ သမ္မတလောင်းများထဲတွင် ပြိုင်ဘက်ဟောင်းများ၊ ပထမဆုံးအကြိမ် ပါဝင်ယှဉ်ပြိုင်သူများနှင့် ယခင်သမ္မတရွေးကောက်ပွဲများမှ ဖယ်ထုတ်ခံထားရသူများလည်းပါဝင်ကြောင်း သိရသည်။

အဆိုပါ သမ္မတလောင်းများ၏ အမည်စာရင်းကို ကွန်ဂိုရွေးကောက်ပွဲကော်မရှင်ကလူမှုမီဒီယာစာမျက်နှာပေါ်တွင် ကြေညာထားသည်။

သို့သော် ဒီဇင်ဘာ ၂၂ ရက်တွင် ကျင်းပမည့် သမ္မတရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခွင့်ရမည့် သမ္မတလောင်းများ အပြီးသတ်စာရင်းကို ဖွဲ့စည်းပုံ အခြေခံတရားရုံးက လာမည့်ရက်သတ္တပတ်များအတွင်း တရားဝင် အတည်ပြုထုတ်ပြန်မည်ဖြစ်သည်။

အဆိုပါ ရွေးကောက်ပွဲတွင် လက်ရှိသမ္မတ တီရှီဆီကီဒီသည်လည်း သမ္မတရာထူး ဒုတိယသက်တမ်းအတွက် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : KKO**

# ကင်မရွန်းနိုင်ငံ ယောင်ဒေးမြို့တော်တွင် ဆည်ကျိုးပေါက်မှုဖြစ်ပွား အနည်းဆုံး ၂၃ ဦး သေဆုံး၍ ၁၂ ဦး ဒဏ်ရာရရှိ

**ယောင်ဒေး အောက်တိုဘာ ၉**

ကင်မရွန်းနိုင်ငံ ယောင်ဒေးမြို့တော်၌ မိုးသည်းထန်စွာရွာသွန်းပြီးနောက် ဆည်တစ်ခုကျိုးပေါက်ခဲ့ရာ အနည်းဆုံး လူပေါင်း ၂၃ ဦး သေဆုံးခဲ့ရကြောင်း သိရသည်။

ကိုလိုနီခေတ်တွင် တည်ဆောက်ထားသည့် အဆိုပါဆည်သည် အောက်တိုဘာ ၈ ရက်တွင် ကျိုးပေါက်ခဲ့ရခြင်း ဖြစ်ကြောင်း ကင်မရွန်းစစ်ဘက် ကယ်ဆယ်ရေးအဖွဲ့များက ပြောကြားခဲ့သည်။

မိုးသည်းထန်စွာ ရွာသွန်းမှုနှင့်အတူ ဆည်ကျိုးပေါက်မှုကြောင့် ယောင်ဒေးမြို့တော် အမှတ်-၂ခရိုင်၌ ရေလွှမ်းမိုးမှုများ ဖြစ်ပွားခဲ့ပြီး အဆောက်အအုံ အများအပြားရေမြုပ်ပျက်စီးခဲ့ရသည်။

လက်ရှိအချိန်တွင်ကင်မရွန်းရှာဖွေကယ်ဆယ်ရေးသမားများသည် ရေဘေးသင့်ရာနယ်မြေအတွင်း အပျက်အစီးများကြား၌ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများပြုလုပ်နေသည်။

ပြီးခဲ့သည့် နှစ်များအတွင်း ကင်မရွန်းနိုင်ငံ၌ ရေလွှမ်းမိုးမှုများဖြစ်ပွားမှုမြင့်တက်လာခဲ့ရာသဘာဝပတ်ဝန်းကျင်ပြောင်းလဲမှု အကျိုးဆက်အဖြစ် ကျွမ်းကျင်သူများက ပြောကြားထားကြောင်း သိရသည်။

ရေလွှမ်းမိုးမှု ဖြစ်စဉ်များအတွင်း လူပေါင်း ၁၂ဦးလည်း ဒဏ်ရာများရခဲ့သည်ဟု ယောင်ဒေးဆေးရုံတာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်က အင်္ဂါဂြိုဟ်၏ အပြာရောင်နေဝင်ချိန်ကို ဓာတ်ပုံရိုက်ကူးနိုင်ခဲ့



**ဝါရှင်တန် အောက်တိုဘာ ၉**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်သည် အင်္ဂါဂြိုဟ်၏ အပြာရောင်နေဝင်ချိန်ကို ဓာတ်ပုံ ရိုက်ကူးနိုင်ခဲ့ကြောင်း အောက်တိုဘာ ၈ ရက် သတင်းများအရ သိရသည်။

အဆိုပါ အင်္ဂါဂြိုဟ်အပြာရောင်နေဝင်ချိန်ကို အင်္ဂါဂြိုဟ်ရက်ပေါင်း ၈၄၂ ရက်အကြာ ယခုနှစ် ဇူလိုင် ၄ ရက်က ရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အင်္ဂါဂြိုဟ်နှင့် ကမ္ဘာဂြိုဟ်တို့ကြား လေထုလွှာဓာတုဖွဲ့စည်းပုံချင်းကွဲပြားမှု၊ လေထုလွှာအထူအပါးနှင့် နေနှင့်အကွာအဝေးတို့ကြောင့် အင်္ဂါဂြိုဟ်နေဝင်ချိန်မှာ အပြာရောင်နေဝင်ချိန် ဖြစ်နေတတ်ကြောင်း သိရသည်။

အင်္ဂါဂြိုဟ် လေထုလွှာနှင့် ထိတွေ့ချိန်တွင် နေရောင်သည် သံဓာတ်ကြွယ်ဝသည့် ဖုန်မှုန့်များနှင့် ထိတွေ့ဓာတ်ပြုရမှုကြောင့် နေ့အခါတွင် အင်္ဂါဂြိုဟ်ကောင်းကင်မှာ အနီရောင်သန်းနေတတ်ပြီး ညနေပိုင်းတွင် အပြာရောင်သို့ပြောင်းသွားတတ်ကြောင်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)သိပ္ပံပညာရှင်များက ပြောကြားသည်။

နာဆာအဖွဲ့သည် ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ် မျက်နှာပြင်လေ့လာရေးယာဉ်ကို ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၃၀ ရက်တွင် လွှတ်တင်ခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်သည် ဂျီဇီးရိုးဥက္ကာချိုင့်ဝှမ်းနယ်မြေ၌ စူးစမ်းလေ့လာမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**Ref : NDTV**

**Trs : KKO**

## နေအဖွဲ့အစည်း၏ အရွယ်အစားအသေးငယ်ဆုံး ဗုဒ္ဓဟူးဂြိုဟ် ဂြိုဟ်အတွင်းပိုင်းအေးမြလာမှုကြောင့် အရွယ်အစားပို၍ကျုံ့ဝင်လာ


**လန်ဒန် အောက်တိုဘာ ၉**

နေအဖွဲ့အစည်း၏ အရွယ်အစား အသေးငယ်ဆုံးဂြိုဟ်ဖြစ်သော ဗုဒ္ဓဟူးဂြိုဟ်မှာ ဂြိုဟ်အတွင်းပိုင်း အေးမြလာမှုကြောင့် အရွယ်အစားပို၍ ကျုံ့ဝင်လာကြောင်း အောက်တိုဘာ ၈ ရက် သတင်းများအရ သိရသည်။

ဗုဒ္ဓဟူးဂြိုဟ်၏ အရွယ်အစားသည် တစ်ချိန်ကရှိခဲ့သည့်အရွယ်အစားထက် ပို၍သေးငယ်လာပြီး ၈ ဒသမ ၆ မိုင်ထိ အရွယ်အစားကျုံ့ဝင်သွားကြောင်း ဗြိတိန်နိုင်ငံ အိုးပင်းတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

ဗုဒ္ဓဟူးဂြိုဟ်အတွင်းပိုင်း၌ ပို၍အေးမြလာမှုကြောင့် ၎င်းဂြိုဟ်၏ အရွယ်အစား ကျုံ့ဝင်လာခြင်းဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

ပြီးခဲ့သည့်နှစ်သန်း ၃၀၀ အတွင်း ဗုဒ္ဓဟူးဂြိုဟ်၏အရွယ်အစားမှာ ကိုးမိုင်ခန့်ထိ ကျုံ့ဝင်ခဲ့ရသလို ယခုအချိန်ထိလည်း ဆက်လက်ကျုံ့ဝင်နေဆဲဖြစ်ကြောင်း ဗြိတိန်သိပ္ပံပညာရှင်များက ပြောကြားသည်။



အခြားသော ဂြိုဟ်များကဲ့သို့ပင် ဗုဒ္ဓဟူးဂြိုဟ်၏ အတွင်းပိုင်းကျောက်ရည်ပူများနှင့် သတ္တုရည်ပူများမှာ တဖြည်းဖြည်း အေးမြလာခြင်းကြောင့် ဂြိုဟ်၏အရွယ်အစား ကျုံ့ဝင်နေခြင်းဖြစ်သည်ဟု သိပ္ပံပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

ဗြိတိန် သိပ္ပံပညာရှင်များသည် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ မက်ဆင်ဂျာ အာကာသယာဉ်မှရရှိသည့် အချက်အလက်များကိုအသုံးပြု၍ ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။

**Ref : Space.com**

**Trs : KKO**

## အာရီယာနီစပေ့စ်ကုမ္ပဏီ၏ မီဂါဒုံးပျံက ဂြိုဟ်တု ၁၂ စင်းကို အောင်မြင်စွာလွှတ်တင်

**ပဲရစ် အောက်တိုဘာ ၉**

ဥရောပအခြေစိုက် အာရီယာနီစပေ့စ်ကုမ္ပဏီ၏ မီဂါဒုံးပျံသည် အောက်တိုဘာ ၈ ရက်က ဂြိုဟ်တု ၁၂ စင်းကို အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း သိရသည်။

ဂြိုဟ်တု ၁၂ စင်းသယ်ဆောင်ထားသည့် မီဂါဒုံးပျံကို ပြင်သစ်ဂီယာနာဒေသရှိ ဥရောပအာကာသအေဂျင်စီ၏ အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ၁ နာရီ ၄၅ မိနစ်အကြာတွင် မီဂါဒုံးပျံသည် သယ်ဆောင်သွားသည့် ဂြိုဟ်တုများကို ကမ္ဘာပတ်လမ်းကြောင်း အနိမ့်ပိုင်းတွင် နေရာချထားနိုင်ခဲ့ကြောင်း သိရသည်။

ကိုယ်ထည်အလျား မီတာ ၃၀ ရှိသည့် မီဂါဒုံးပျံသည် အထိုက်အလျောက်သေးငယ်သည့်ဂြိုဟ်တုနှင့် အာကာသယာဉ်များကို လွှတ်တင်ရန် ရည်ရွယ်တည်ဆောက်ထားသည့် ဒုံးပျံဖြစ်ကြောင်း သိရသည်။

အဆိုပါဒုံးပျံသည် အလေးချိန် ကီလိုဂရမ် ၁၅၀၀ ထိရှိသော ဂြိုဟ်တုများကို ကမ္ဘာမြေပြင်အထက် အမြင့် ၄၃၅ မိုင်အကွာရှိ ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အာရီယာနီစပေ့စ်ကုမ္ပဏီသည် မီဂါဒုံးပျံကို ၂၀၁၂ ခုနှစ်တွင် စတင်အသုံးပြုခဲ့ပြီး လက်ရှိအချိန်တွင် ၂၂ ကြိမ်ထိ လွှတ်တင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**Ref : Space.com**

**Trs : KKO**

# HEALTH

## အကျိုးပြု ကိုလက်စထရောအဆင့်မြင့်မားမှုကြောင့် Dementia ဖြစ်နိုင်ခြေ မြင့်တက်လာနိုင်

**နယူးယောက် အောက်တိုဘာ ၉**

အကျိုးပြု ကိုလက်စထရောဟုခေါ်သည့် High-Density Lipoprotein Cholesterol (HDL) အဆင့်မြင့်မားမှုကြောင့် ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ဖြစ်နိုင်ခြေမြင့်တက် လာနိုင်ဖွယ်ရှိကြောင်း အောက်တိုဘာ ၈ ရက် သတင်းများအရ သိရသည်။

HDL အဆင့်အမြင့်ဆုံးရှိသူများသည် ပျမ်းမျှအဆင့်ရှိသူများနှင့် နှိုင်းယှဉ်ပါက Dementia ဖြစ်နိုင်ခြေ ၁၅ ရာခိုင်နှုန်းပိုမြင့်မားကြောင်း အမေရိကန်နိုင်ငံ ဘော်စတွန် တက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

သို့ရာတွင် HDL ကိုလက်စထရော အနိမ့်ဆုံးအဆင့်ရှိသူများတွင်လည်း Dementia ဖြစ်နိုင်ခြေ ခုနစ်ရာခိုင်နှုန်းထိ မြင့်မားနေတတ်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် လူပေါင်း ၁၈၅၀၀၀ ကျော်ကြား Dementia ရောဂါဖြစ်ပွားနှုန်းကို ၁၀ နှစ်ခန့်ကြာ စောင့်ကြည့်ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

သို့ရာတွင် HDL ကိုလက်စထရောအဆင့်နှင့် Dementia ဖြစ်နိုင်ခြေတို့ကြား မည်သို့မည်ပုံဆက်စပ်နေသည်ကို သုတေသနပညာရှင်များက ရှင်းပြနိုင်မှုမရှိသေးပေ။

HDL ကိုလက်စထရောသည် နှလုံးကို အကာအကွယ်ပေးနိုင်မှုကြောင့် လူ့ကျန်းမာရေးအတွက် အကျိုးရှိသော ကိုလက်စထရောအဖြစ် သတ်မှတ်ခံထားရကြောင်း သိရသည်။

**Ref : The Daily Mail**

**Trs : KKO**

## အသက် ၃၀ တွင် ပုံစံ-၂ ဆီးချိုရောဂါဖြစ်ပွားပါက ပျမ်းမျှဘဝသက်တမ်း ၁၄ နှစ်ထိ တိုတောင်းနိုင်

**လန်ဒန် အောက်တိုဘာ ၉**

အသက် ၃၀ အရွယ်တွင် ပုံစံ-၂ ဆီးချိုရောဂါ ဖြစ်ပွားပါက ပျမ်းမျှဘဝသက်တမ်း ၁၄ နှစ်ထိ တိုတောင်းသွားနိုင်ကြောင်း သုတေသန ပညာရှင်များက အောက်တိုဘာ ၈ ရက်တွင် ပြောကြားသည်။

ဗြိတိန် သုတေသနပညာရှင်များသည် ပုံစံ-၂ ဆီးချိုရောဂါ ဆိုးကျိုးများကို ဖော်ထုတ်ရေးအတွက် နိုင်ငံတကာ လေ့လာချက်နှစ်ခုမှ အချက်အလက်များကို ပြန်လည်လေ့လာစိစစ်ခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ အသက် ၃၀ အရွယ်တွင် ပုံစံ-၂ ဆီးချိုရောဂါ ခံစားရသူများမှာ ပျမ်းမျှဘဝသက်တမ်း ၁၄ နှစ်ထိ ပို၍တိုတောင်းသွားနိုင်သည်ကို တွေ့ရကြောင်း ဗြိတိန် သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် သုတေသနပညာရှင်များ၏အဆိုအရ အသက် ၅၀ အရွယ်တွင် ပုံစံ-၂ ဆီးချိုရောဂါဖြစ်ခဲ့လျှင်ပင် ပျမ်းမျှဘဝသက်တမ်း ခြောက်နှစ် ပိုတိုတောင်းသွားနိုင်ကြောင်း သိရသည်။

ပုံစံ-၂ ဆီးချိုရောဂါကို သက်ကြီးရောဂါအဖြစ် ရှုမြင်ထားကြသော်လည်း ၎င်းရောဂါမှာ လူငယ်များတွင်လည်း အဖြစ်များလာကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သုတေသန ပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ပုံစံ-၂ ဆီးချိုရောဂါ ဖြစ်သင့်သည့်ကာလထက် ၁၀ နှစ်ပိုစော၍ ဖြစ်ပွားတိုင်း ပျမ်းမျှဘဝသက်တမ်းမှာ လေးနှစ်မျှ တိုတောင်းသွားနိုင်ကြောင်း သိရသည်။

**Ref : Health Day News**

**Trs : KKO**



# နိုင်ငံတကာ အားကစားသတင်းများ

## ဥရောပဘောလုံးအဖွဲ့ချုပ်က ယူရို ၂၀၂၄ ပြိုင်ပွဲ ခြေစစ်ပွဲကစားမည့် အစ္စရေးအသင်းနှင့် ဆွစ်ဇာလန်အသင်းတို့ပွဲစဉ်ကို ရွှေ့ဆိုင်း



**ဇူးရစ် အောက်တိုဘာ ၉**

ဥရောပ ဘောလုံးအဖွဲ့ချုပ်က အစ္စရေးနိုင်ငံအတွင်း နိုင်ငံရေး မတည်ငြိမ်မှုများကြောင့် ယူရို ၂၀၂၄ ပြိုင်ပွဲ ခြေစစ်ပွဲစဉ်ကစားမည့် အစ္စရေးအသင်းနှင့် ဆွစ်ဇာလန်အသင်းတို့ပွဲစဉ်ကို ရွှေ့ဆိုင်းခဲ့သည်ဟု အတည်ပြုကြေညာခဲ့ကြောင်း သိရသည်။

လက်ရှိတွင် အစ္စရေးနိုင်ငံ၌ ပြီးခဲ့သည့်ရက်ပိုင်းက ဂါဇာဒေသဘက်မှ ပစ်ခတ်ခဲ့မှုများကြောင့် လူပေါင်း ၆၀၀ ကျော်သေဆုံးခဲ့ပြီး လူအများအပြား ဒဏ်ရာရရှိခဲ့ကာ နိုင်ငံရေး မတည်မငြိမ်ဖြစ်နေသောကြောင့် ကစားသမားများ၏ လုံခြုံရေးစိတ်ချမှုမရှိသည့်အတွက် အစ္စရေးအသင်းနှင့် ဆွစ်ဇာလန်အသင်းတို့ပွဲစဉ်ကို ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်သည်ဟု ကြေညာခဲ့သည်။

ထို့ပြင် ဥရောပဘောလုံးအဖွဲ့ချုပ်က အစ္စရေးအသင်းနှင့် ဆွစ်ဇာလန်အသင်းတို့ ပွဲစဉ်ကို ရွှေ့ဆိုင်းခဲ့သည့်အပြင် ယခုလအတွင်းကစားရမည့် အစ္စရေး ယူ-၂၁ အသင်းနှင့် ကစားရမည့် အက်စ်တိုနီးယားယူ-၂၁ အသင်းပွဲစဉ်နှင့် ဂျာမနီယူ-၂၁ အသင်းတို့၏ ယူ-၂၁ ယူရို ၂၀၂၅ ပြိုင်ပွဲ ခြေစစ်ပွဲစဉ်များ၊ အစ္စရေးယူ-၁၇ အသင်း၏ ဘယ်လ်ဂျီယံယူ-၁၇ အသင်း၊ ဂျီဘရော့တာယူ-၁၇ အသင်းနှင့် ဝေးလ်ယူ-၁၇ အသင်းတို့၏ ယူ-၁၇ ယူရို ၂၀၂၄ ခြေစစ်ပွဲစဉ်များကိုလည်း ရွှေ့ဆိုင်းသွားမည်ဟု အတည်ပြုကြေညာခဲ့သည်။

ဥရောပ ဘောလုံးအဖွဲ့ချုပ်က အစ္စရေးအသင်းနှင့် ဆွစ်ဇာလန်အသင်းတို့ပွဲစဉ်အပြင် အောက်တိုဘာ ၁၅ ရက်တွင် ကစားရမည့် ကိုဆိုဗိုအသင်းနှင့်အစ္စရေးအသင်းတို့၏ ယူရို ၂၀၂၄ ပြိုင်ပွဲ ခြေစစ်ပွဲကိုလည်း ဆက်လက်စောင့်ကြည့်ပြီး ရွှေ့ဆိုင်းရန်လိုအပ်ပါက ထပ်မံရွှေ့ဆိုင်းသွားမည်ဟု ကြေညာထားကြောင်း သိရသည်။

Ref : Marca

Trs : STA

## ဝက်စ်ဟမ်းအသင်းက တောင်ပံကစားသမား ဘိုဝင်ကို ၂၀၃၀ ပြည့်နှစ်ထိ သက်တမ်းတိုးစာချုပ်ချုပ်ဆို

**လန်ဒန် အောက်တိုဘာ ၉**

ဝက်စ်ဟမ်းအသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ခြေစွမ်းပြသနေသည့် တောင်ပံကစားသမား ဘိုဝင်ကို လာမည့် ၂၀၃၀ ပြည့်နှစ်ထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

တောင်ပံကစားသမား ဘိုဝင်သည် အသင်းနှင့် လာမည့် ၂၀၂၅ ခုနှစ်မှ စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သော်လည်း ၎င်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက ယူရိုပါကွန်ဖရင့်လိဂ်ပြိုင်ပွဲတွင် အသင်းကို အနိုင်ဂိုးသွင်းယူပေးခဲ့ပြီး ချန်ပီယံဆုဖလား ရယူပေးနိုင်ခဲ့သည့်အပြင် ယခုနှစ်ဘောလုံးရာသီ အမှတ်ပေးပြိုင်ပွဲတွင်လည်း အသင်းအတွက် သွင်းဂိုးငါးဂိုးသွင်းယူကာ အသင်းကို အမှတ်ပေးဇယား အဆင့်(၇)သို့ ရောက်ရှိအောင် ပို့ဆောင်ခဲ့သည့်အတွက် အသင်းတာဝန်ရှိသူများက ၎င်း၏ခြေစွမ်းပိုင်းကို ဂုဏ်ပြုသည့်အနေဖြင့် လာမည့် ၂၀၃၀ ပြည့်နှစ်ထိ ကာလရှည်သက်တမ်းတိုးခဲ့ကြောင်း သိရသည်။

ဘိုဝင်သည် ၂၀၂၀ ပြည့်နှစ်က ဝက်စ်ဟမ်းအသင်းသို့ ရောက်ရှိခဲ့ပြီးနောက် ဘောလုံးရာသီနှစ်ရာသီဆက်တိုက်အသင်းအတွက် သွင်းဂိုး ၁၀ ဂိုးနှင့် ဂိုးဖန်တီးမှု ၁၀ ကြိမ်ထိ ပြုလုပ်ပေးခဲ့ပြီး အသင်းကိုဘောလုံးရာသီသုံးရာသီဆက်တိုက် ဥရောပယှဉ်ပြိုင်ခွင့်ရရှိအောင် စွမ်းဆောင်ပေးခဲ့သဖြင့် ဆယ်စုနှစ် နှစ်ခုအတွင်း ဝက်စ်ဟမ်းအသင်းက ခေါ်ယူခဲ့သည့် ကစားသမားများထဲတွင် အကောင်းဆုံးကစားသမားခေါ်ယူမှုအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

အသက် ၂၆ နှစ်ရှိ တောင်ပံကစားသမားဘိုဝင်က "အသင်းအနေနဲ့ အခုလိုကာလရှည်သက်တမ်းတိုးခဲ့လို့ အတိုင်းမသိဝမ်းသာမိပါတယ်။ ဝက်စ်ဟမ်းအသင်းဟာ ကျွန်တော့်ကစားသမားဘဝကို မြှင့်တင်ပေးခဲ့ပြီးလူသိများစေခဲ့တာပါ။ ဒီအသင်းမှာကစားရတဲ့အချိန်တိုင်းကို ကျွန်တော်ကျေနပ်မိပါတယ်။ အထူးသဖြင့် ပရက်မြို့ဗိုလ်လုပွဲမှာ ဂိုးသွင်းပြီးအောင်ပွဲခံရတဲ့အချိန်ကို အမြဲအမှတ်ရနေပါတယ်။ ဒီလိုအချိန်မျိုးတွေ ထပ်မံရရှိဖို့ ကျွန်တော်တို့အတူတကွ ကြိုးစားသွားမှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : 90Min

Trs : ML



## နည်းပြမန်ဒီလီဘာကို ဆီဗီလာအသင်း ရာထူးမှထုတ်ပယ်ကြောင်း ကြေညာ

**မက်ဒရစ် အောက်တိုဘာ ၉**

ဆီဗီလာအသင်းသည် လာလီဂါ အမှတ်ပေးပြိုင်ပွဲတွင် ရလဒ်ပိုင်းကျဆင်းနေသည့် နည်းပြမန်ဒီလီဘာကို အောက်တိုဘာ ၇ ရက်က ကစားခဲ့သည့် ဗယ်လ်ကာနိုအသင်းကို တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီးနောက် ရာထူးမှ ထုတ်ပယ်ရန်ဆုံးဖြတ်ခဲ့သည်။

နည်းပြမန်ဒီလီဘာသည် ပြီးခဲ့သည့်မတ်လက ဆီဗီလာအသင်းကို စတင်တာဝန်ယူခဲ့ပြီး ဘောလုံးရာသီပြီးဆုံးချိန်တွင် တန်းဆင်းဇုန်မှ အသင်းကို အမှတ်ပေးဇယား အဆင့်(၁၂)သို့ ရောက်ရှိအောင် ပို့ဆောင်နိုင်ခဲ့ပြီး ယူရိုပါလိဂ်ပြိုင်ပွဲတွင်လည်း ရိုးမားအသင်းနှင့်ဗိုလ်လုပွဲစဉ်တွင်တွေ့ဆုံခဲ့ရာ ပင်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရရှိအောင် စွမ်းဆောင်၍ ဆုဖလားရယူပေးခဲ့သောကြောင့် ချန်ပီယံလိဂ်ပြိုင်ပွဲ တိုက်ရိုက်ကစားခွင့်ရရှိခဲ့သည်။

သို့သော် ၎င်းအနေဖြင့်ယခုနှစ် အမှတ်ပေးပြိုင်ပွဲ ရှစ်ပွဲအပြီးတွင် ဆီဗီလာအသင်းကို နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ လေးပွဲရှုံးရလဒ်သာ ရရှိခဲ့သဖြင့် ရလဒ်ပိုင်းကျဆင်းလာသောကြောင့် အသင်းတာဝန်ရှိသူများက မန်ဒီလီဘာကိုရာထူးမှထုတ်ပယ်ခဲ့ရာ ၁၂ လအတွင်း ထုတ်ပယ်ခံရသည့် သုံးဦးမြောက် နည်းပြဖြစ်ခဲ့သည်။

လက်ရှိတွင် ဆီဗီလာအသင်းအနေဖြင့် နည်းပြသစ်အဖြစ် မာဆေးအသင်း နည်းပြဟောင်း ဂါစီယာကိုခန့်အပ်ရန်ပြင်ဆင်လျက်ရှိနေပြီး နိုင်ငံတကာပြိုင်ပွဲကာလအပြီးတွင် အမှတ်ပေးပြိုင်ပွဲအဖြစ် အောက်တိုဘာ ၂၁ ရက်တွင် ရီးရဲလ်မက်ဒရစ်အသင်းနှင့်လည်းကောင်း၊ အောက်တိုဘာ ၂၅ ရက်တွင် ချန်ပီယံလိဂ်ပြိုင်ပွဲအဖြစ် ပရီးမီးယားလိဂ်ကလပ် အာဆင်နယ်အသင်းနှင့်လည်းကောင်း ယှဉ်ပြိုင်ရမည့်ပွဲစဉ်တို့အမီ ယာယီနည်းပြတစ်ဦးခန့်အပ်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

Ref : beIN Sports

Trs : ML

## ဘာစီလိုနာတိုက်စစ်မှူး ယာမယ် လာလီဂါပြိုင်ပွဲတွင် အသက်အငယ်ဆုံးဂိုးသွင်းယူနိုင်သူအဖြစ် မှတ်တမ်းဝင်

**ဘာစီလိုနာ အောက်တိုဘာ ၉**

လာလီဂါပွဲစဉ်(၉)အဖြစ်ကစားခဲ့သည့် ဂရန်နာဒါအသင်းနှင့် ဘာစီလိုနာအသင်းတို့ ပွဲစဉ်တွင် ဘာစီလိုနာအသင်းအတွက် ချေပဂိုးသွင်းယူပေးခဲ့သည့် တိုက်စစ်မှူး ယာမယ်အနေဖြင့် လာလီဂါသမိုင်းတစ်လျှောက် အသက်အငယ်ဆုံးဂိုးသွင်းယူနိုင်သူအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

တိုက်စစ်မှူး ယာမယ်သည် ဂရန်နာဒါအသင်းဘက်သို့ ဂိုးသွင်းယူချိန်တွင် အသက် ၁၆ နှစ် ၈၇ ရက်သာရှိသေးသဖြင့် လာလီဂါဘောလုံးသမိုင်းတွင် ၂၀၁၂ ခုနှစ်က မာလာကာအသင်းအတွက် ဂိုးသွင်းယူခဲ့သည့် ကွင်းလယ်ကစားသမား အိုလင်ဂါ၏ အသက် ၁၆ နှစ် ၉၈ ရက်စံချိန်ကိုကျော်ဖြတ်၍ အသက်အငယ်ဆုံး ဂိုးသွင်းယူနိုင်သူအဖြစ် စံချိန်သစ်တင်ခဲ့ကြောင်း သိရသည်။

လာလီဂါဘောလုံးသမိုင်းတွင် အသက်အငယ်ဆုံးဂိုးသွင်းနိုင်သည့် ထိပ်ဆုံးငါးဦးစာရင်းတွင်ပါဝင်သည့် ကစားသမားများမှာ အီကာမူနီယန်၊ အန်ဆုဖာတီနှင့် ရီကိုနာဒယ်တို့မှာ အသက် ၁၇ နှစ်ကျော်ချိန်မှသာ ဂိုးသွင်းယူနိုင်ခဲ့ကြသည်။

လူငယ်ကစားသမား ယာမယ်သည် ဂရန်နာဒါအသင်းနှင့်ပွဲစဉ်တွင် ပထမပွဲထွက်လူစာရင်း၌ ပါဝင်လာခဲ့ပြီး ဂရန်နာဒါအသင်းက နှစ်ဂိုးဂိုးမရှိဖြင့် ဦးဆောင်နေချိန် ပထမပိုင်းပွဲပြီးဆုံးခါနီးတွင် အသင်းအတွက် ချေပဂိုးသွင်းယူပေးခဲ့ရာ



စံချိန်ကောင်း တစ်ရပ်ရရှိခဲ့ပြီး အသင်းအနေဖြင့် ပွဲချိန် ၈၆ မိနစ်တွင် ဆာဂျီရော်ဘတ်တို၏ ဒုတိယမြောက်သွင်းဂိုးကြောင့် သရေတစ်မှတ်ရယူနိုင်ခဲ့သဖြင့် ပွဲစဉ်(၉)အပြီးတွင် ရမှတ် ၂၁ မှတ်ဖြင့် အဆင့်(၃)နေရာ၌ ရပ်တည်လျက်ရှိကြောင်း သိရသည်။

Ref : ESPN

Trs : ML

## အားကစားသတင်း အတိုအထွာများ

- ပြင်သစ်လီဂူးပွဲစဉ်ဖြစ်သည့် မောင့်ပယ်လီယာအသင်းနှင့် ကလဲယားမောင့်အသင်းတို့ပွဲစဉ်တွင် ပွဲပြီးဆုံးခါနီး၌ ပရိသတ်များ၏ ကွင်းအတွင်းမီးရှူးမီးပန်းများဖြင့် ပစ်ပေါက်မှုကြောင့် ကလဲယားမောင့်ဂိုးသမား ဒီရော ဒဏ်ရာရရှိခဲ့သဖြင့် ကွင်းလယ်ဒိုင်က ပြိုင်ပွဲကိုဖျက်သိမ်းခဲ့ကြောင်း သိရသည်။
- အေစီမီလန်အသင်းက ဂျီရိုနာအသင်းနှင့်ပွဲစဉ်တွင် အသင်းအတွက်ဂိုးသမားတာဝန်ယူ၍ အနိုင်သုံးမှတ်ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့် တိုက်စစ်မှူးဂီရော့ဒ်ကို ဂုဏ်ပြုသည့်အနေဖြင့် ၎င်း၏ကျောနံပါတ်ဖြင့် ဂိုးသမားအင်္ကျီ ရောင်းချပေးမည်ဖြစ်ကြောင်း အတည်ပြုခဲ့သည်။ ML

# AFC Futsal Asian Cup ပြိုင်ပွဲခြေစစ်ပွဲတွင် အိန္ဒိယအသင်းကိုအနိုင်ရရှိပြီး မြန်မာအသင်းခြေစစ်ပွဲအောင်မြင်




**ရန်ကုန် အောက်တိုဘာ ၉**

တာဂျစ်ကစ္စတန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိနေသည့် AFC Futsal Asian Cup ပြိုင်ပွဲခြေစစ်ပွဲ အုပ်စုဒုတိယပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲက မြန်မာဖူဆယ်အသင်းနှင့် အိန္ဒိယဖူဆယ်အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာဖူဆယ်အသင်းက ငါးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ခြေစစ်ပွဲအောင်မြင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် မြန်မာဖူဆယ်အသင်းက အိန္ဒိယဖူဆယ်အသင်းကို ခြေစွမ်းပိုင်းအသာ၊ ဂိုးပေါက်ခြိမ်းခြောက်မှုအသာစီးဖြင့် ကစားနိုင်ခဲ့ပြီး ပထမပိုင်းတွင် မြန်မာဖူဆယ်အသင်းက သုံးဂိုး တစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက်ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း မြန်မာဖူဆယ်အသင်းကပင် ဆက်လက်ဖိအားပေးကစားနိုင်ခဲ့ကာ အိန္ဒိယဖူဆယ်အသင်းကလည်း ပြန်လည်ဖိအားပေးကစားရန်ကြိုးပမ်းခဲ့ပြီး ဒုတိယပိုင်းအစတွင် အိန္ဒိယဖူဆယ်အသင်းက ချေပဂိုးတစ်ဂိုးပြန်လည်သွင်းယူနိုင်ခဲ့သော်လည်း အိန္ဒိယအသင်းဂိုးသမား အနီကတ်ပြသခံခဲ့ရပြီးနောက် မြန်မာအသင်းက တစ်ယောက်အသာစီးဖြင့်ကစားခွင့်ရရှိခဲ့ပြီး နှစ်ဂိုး ထပ်မံသွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် မြန်မာဖူဆယ်အသင်းက အိန္ဒိယဖူဆယ်အသင်းကို ငါးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

AFC Futsal Asian Cup ပြိုင်ပွဲ ခြေစစ်ပွဲတွင် မြန်မာဖူဆယ်အသင်းသည် အုပ်စုအဖွင့်ပွဲစဉ်ကလည်း ပါလက်စတိုင်းဖူဆယ်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ကာ အိန္ဒိယအသင်းကိုပါ ထပ်မံအနိုင်ရရှိခဲ့သည့်အတွက် အုပ်စုနှစ်ပွဲဆက်နိုင်ပွဲရယူနိုင်ခဲ့ပြီး အုပ်စုတစ်ပွဲကစားရန် ကျန်ရှိနေသည့်အချိန်တွင် ခြေစစ်ပွဲ အောင်မြင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **STA**

# China Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို စဝီယာတက်ခ် ဆွတ်ခူး

**ပေကျင်း အောက်တိုဘာ ၉**

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ကျင်းပခဲ့သည့် China Open အမျိုးသမီး တစ်ဦးချင်းတင်းနစ်ပြိုင်ပွဲဗိုလ်လုပွဲစဉ်အဖြစ် ပိုလန်တင်းနစ်မယ် စဝီယာတက်ခ်နှင့် ရုရှားတင်းနစ်မယ် ဆမ်ဆိုနိုဗာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ စဝီယာတက်ခ်က (၆-၂ ၊ ၆-၂)ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကိုဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

စဝီယာတက်ခ်အနေဖြင့် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းကြောင့် အမေရိကန်တင်းနစ်မယ် ဆီရီနာဝီလျံနောက်ပိုင်း နှစ်ရာသီဆက်တိုက် တစ်ရာသီလျှင်ဆုဖလား ငါးလုံးနှင့်အထက် ဆွတ်ခူးနိုင်ခဲ့သော ကစားသမားအဖြစ်မှတ်တမ်းဝင်ခဲ့သည်။

ဆီရီနာဝီလျံသည် ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်တို့တွင် တစ်ရာသီလျှင် ဆုဖလားငါးလုံးနှင့်အထက် ဆွတ်ခူးနိုင်ခဲ့သည့်မှတ်တမ်းကောင်းတစ်ရပ်ကိုရရှိထားပြီး ၎င်းစံချိန်ကို စဝီယာတက်ခ်က အမီလိုက်နိုင်ခဲ့ခြင်းဖြစ်သည်။

စဝီယာတက်ခ်သည် အစောပိုင်းအဆင့်များတွင် ပုံစံကောင်းရရှိရန် ရုန်းကန်ခဲ့ရသော်လည်း ဗိုလ်လုပွဲစဉ်တွင် ပုံစံကောင်းရရှိခဲ့ပြီး ဆမ်ဆိုနိုဗာကို ပြတ်သားသည့်ရလဒ်ဖြင့်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

စဝီယာတက်ခ်က "ပေကျင်းမှာ ကစားရတာကို သဘောကျပါတယ်။ ကွင်းတွေကလဲ ကောင်းတယ်။ ပြင်ဆင်ထားတဲ့ အရာအားလုံးကလဲ ပြိုင်ပွဲဝင်တွေအတွက် အဆင်ပြေပါတယ်။ ပေကျင်းမှာ ကစားရတာ ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ကစားနေရသလို ခံစားရပါတယ်။ ကျွန်မအနေနဲ့ ဒီလိုပတ်ဝန်းကျင်ကောင်းတဲ့ပြိုင်ပွဲမျိုးမှာ ယှဉ်ပြိုင်ကစားရတာ စိတ်ပျော်ပါးတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sportskeeda**

**Trs : AZL**

# The Ascendant LPGA ပြိုင်ပွဲ ချန်ပီယံဆုကို ကင်မ်ဟိုဂျို ဆွတ်ခူး




**တက္ကဆက် အောက်တိုဘာ ၉**

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်တွင်ကျင်းပခဲ့သည့် The Ascendant LPGA ဂေါက်သီးရိုက်ပြိုင်ပွဲတွင် တောင်ကိုရီးယားဂေါက်သီးရိုက်မယ် ကင်မ်ဟိုဂျိုက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၃ ချက်လျှော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ထိုင်း ဂေါက်သီးရိုက်မယ် အက်သာယာက ဖီလစ်ပိုင်ဂေါက်သီးရိုက်မယ် ပက်ဒန်ဂန်နန်နှင့်အတူ စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ကိုးချက်စီလျှော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့သည်။

ဩစတြေးလျ ဂေါက်သီးရိုက်မယ် ဆာရာကမ်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်လျှော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

ကင်မ်ဟိုဂျိုသည် ပထမနေ့မှစ၍ နောက်ဆုံးနေ့ထိအမှတ်ပေးဇယားကို ဆက်တိုက်ဦးဆောင်ကာ wire-to-wire ပုံစံဖြင့် ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်ပြီး ယခုနှစ် ဂေါက်သီးရိုက်ရာသီတွင် wire-to-wire စနစ်ဖြင့် ချန်ပီယံဆုကိုဆွတ်ခူးခဲ့သော တတိယမြောက်ဂေါက်သီးရိုက်ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ကင်မ်ဟိုဂျိုက "ဒီနှစ်ဂေါက်သီးရိုက်ရာသီမှာ ပါဝင်ယှဉ်ပြိုင်ဖြစ်ခဲ့တဲ့ပြိုင်ပွဲတော်တော်များများမှာ ရလဒ်ကောင်းခဲ့တယ်။ ဒါပေမဲ့လဲ စိတ်ပျက်စရာကောင်းတာကတော့ အောင်မြင်မှုမရခဲ့ဘူး။ ဒီနှစ်အတွက် ဆုဖလားတစ်လုံးတော့ ယူချင်တဲ့ဆန္ဒပြင်းပြခဲ့တယ်။ ဒီပြိုင်ပွဲမှာ ကျွန်မရဲ့ဆန္ဒပြည့်ဝခဲ့တယ်။ နှစ်မကုန်ခင် ချန်ပီယံဆုဖလားတစ်လုံးယူချင်တဲ့ ဆန္ဒပြည့်ဝခဲ့လို့ ဒီရက်သတ္တပတ်ဟာ ကျွန်မအတွက် ပျော်ရွှင်စရာဖြစ်ခဲ့ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ **Ref : Golf Week**

**Trs : AZL**

# Sanderson Farms Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို လုဒ်လစ် ဆွတ်ခူး

**ဂျက်ဆင် အောက်တိုဘာ ၉**

အမေရိကန်နိုင်ငံ မစ္စစ္စပီပြည်နယ် ဂျက်ဆင်မြို့တွင် ကျင်းပခဲ့သည့် Sanderson Farms Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမားလုဒ်လစ်က ချန်ပီယံဆုကိုဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

Sanderson Farms Championship ဂေါက်သီးရိုက်ပြိုင်ပွဲ နောက်ဆုံးနေ့အပြီးတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမားများဖြစ်ကြသည့် လုဒ်လစ်၊ စတောလင်း၊ ဂရစ်ဖင်၊ ဆွီဒင်ဂေါက်သီးရိုက်ကစားသမားများ ဖြစ်ကြသည့် နော်လန်ဒါ၊ လက်ဗစ်အဘက်တို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၈ ချက်စီလျှော့ရိုက်ကာ အမှတ်ပေးဇယားကိုပူးတွဲဦးဆောင်ခဲ့ကြသည်။


ချန်ပီယံဆုအဆုံးအဖြတ်အတွက် ပြိုင်ပွဲဝင် ငါးဦး Play-off ကစားခဲ့ကြရာ လုဒ်လစ်က အနိုင်ရရှိပြီး ချန်ပီယံဆုကိုဆွတ်ခူးခဲ့သည်။

လက်ဗစ်အဘက်သည် ဥရောပအသင်းနှင့်အတူ Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးထားသူ တစ်ဦးဖြစ်ပြီး Sanderson Farms Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဗိုလ်စွဲရန် ရေပန်းစားခဲ့သော်လည်း Play-off တွင် လုဒ်လစ်ကိုရှုံးနိမ့်ခဲ့ရပြီး ချန်ပီယံဆုနှင့်လွဲချော်ခဲ့ရသည်။

ယခုနှစ် Sanderson Farms Championship ဂေါက်သီးရိုက်ပြိုင်ပွဲသည်လည်း ပြိုင်ပွဲသက်တမ်းတစ်လျှောက် အကြိတ်အနယ်အရှိဆုံးပြိုင်ပွဲအဖြစ် မှတ်တမ်းဝင်ခဲ့ပြီး ပရိသတ်များအကြိုက်တွေ့စေသည့် ပြိုင်ပွဲတစ်ရပ်ဖြစ်ခဲ့ကြောင်း သိရသည်။

**Ref : RTE**

**Trs : AZL**



# ၂၀၂၃ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး လက်ဝှေ့ပြိုင်ပွဲများဆက်လက်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၉**

၂၀၂၃ ခုနှစ် (၃၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီးလက်ဝှေ့ပြိုင်ပွဲ ပွဲစဉ်များကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း လက်ဝှေ့ရုံ၌ ယနေ့တွင် ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲဝိတ်တန်းအလိုက် အမျိုးသား (၄၈)ကီလိုတန်းပြိုင်ပွဲတွင် မျိုးဇာနည်ထက်(ရန်ကုန်)နှင့် ညီညီဇော်(ချင်း)တို့ပွဲစဉ်တွင် မျိုးဇာနည်ထက်(ရန်ကုန်)ကလည်းကောင်း၊ အောင်အောင်ထွန်း(မွန်) နှင့် လှိုင်ဘွား(ရေဝတီ)တို့ ပွဲစဉ်တွင် အောင်အောင်ထွန်း(မွန်)ကလည်းကောင်း၊ အမျိုးသား(၅၁)ကီလိုတန်းပြိုင်ပွဲတွင် ကျော်ဝင်းမောင်(မန္တလေး)နှင့် ကောင်းဆက်နိုင်(မကွေး)တို့ပွဲစဉ်တွင် ကျော်ဝင်းမောင်(မန္တလေး)က လည်းကောင်း၊ သက်ဇော်ဦး(ရေဝတီ)နှင့်အောင်ခန့်ထူး(စစ်ကိုင်း)တို့ ပွဲစဉ်တွင် သက်ဇော်ဦး(ရေဝတီ)က လည်းကောင်း၊ အမျိုးသား(၅၇)ကီလိုတန်းပြိုင်ပွဲတွင် ဂင်ရှင်မောင်(ချင်း)နှင့် ထူးမြတ်လွင်(ရခိုင်)တို့ ပွဲစဉ်တွင် ဂင်ရှင်မောင်(ချင်း)က လည်းကောင်း၊ ရှိုင်းငယ်(ရှမ်း)နှင့် မင်းဆက်သာဦး(စစ်ကိုင်း)တို့ပွဲစဉ်တွင် ရှိုင်းငယ်(ရှမ်း)ကလည်းကောင်း အနိုင်ရရှိခဲ့သည်။

ဆက်လက်ပြီး အမျိုးသား(၆၃ ဒသမ ၅) ကီလိုတန်းပြိုင်ပွဲတွင် မင်းထက်ကျော်(ရန်ကုန်) နှင့် ထူးအောင်ရဲရင့်(တနင်္သာရီ)တို့ပွဲစဉ်တွင် မင်းထက်ကျော်(ရန်ကုန်)က လည်းကောင်း၊ နတ်မာရ်(ကချင်) နှင့် မျိုးသူအောင်(မွန်)တို့ပွဲစဉ်တွင် နတ်မာရ်(ကချင်)ကလည်းကောင်း၊ အမျိုးသား(၇၁)ကီလိုတန်း ပြိုင်ပွဲတွင် စတီးရွှေ(ရေဝတီ)နှင့် မင်းဝေအောင်(မန္တလေး)တို့ပွဲစဉ်တွင် စတီးရွှေ(ရေဝတီ)က လည်းကောင်း၊ ရှိုင်းထက်ကိုကို(ကချင်)နှင့် ကျော်မျိုးဟန်(စစ်ကိုင်း)တို့ပွဲစဉ်တွင် ရှိုင်းထက်ကိုကို(ကချင်)က လည်းကောင်း၊ အမျိုးသား(၈၀)ကီလိုတန်း ပြိုင်ပွဲတွင် စောငွေမိုး(ကရင်)နှင့် ခွန်ရဲမောင်မောင်(ရှမ်း)တို့ ပွဲစဉ်တွင် စောငွေမိုး(ကရင်)ကလည်းကောင်း၊ ဝဏ္ဏစိုး(ရန်ကုန်)နှင့် သက်ထွန်းဇော်(ကချင်)တို့ပွဲစဉ်တွင် သက်ထွန်းဇော်(ကချင်)က လည်းကောင်း၊ အမျိုးသမီး(၅၇)ကီလိုတန်း ပြိုင်ပွဲတွင် နန်းအေးသန္တာအောင်(ကရင်)နှင့် သင်းသင်းမြတ်(ရှမ်း)တို့ပွဲစဉ်တွင် နန်းအေးသန္တာအောင်(ကရင်)ကလည်းကောင်း၊ တိမ်ရှမ်းဒိတ်စန်(ချင်း)နှင့် သန္တာစိုး(တနင်္သာရီ)တို့ ပွဲစဉ်တွင် တိမ်ရှမ်းဒိတ်စန်(ချင်း)ကလည်းကောင်း၊ အမျိုးသမီး(၆၃)ကီလိုတန်းပြိုင်ပွဲတွင် ဆုမြတ်ရတနာဦး(ရန်ကုန်)နှင့် အိအိထွေး(မန္တလေး)တို့ပွဲစဉ်တွင် အိအိထွေး(မန္တလေး)ကလည်းကောင်း၊ နန်းဖေနီမူ(ကရင်)နှင့် နန်းစုနွယ်(စစ်ကိုင်း)တို့ပွဲစဉ်တွင် နန်းစုနွယ်(စစ်ကိုင်း)ကလည်းကောင်း အနိုင်ရရှိခဲ့ကြောင်း သိရသည်။ **STA**

# ဘဝဖွံ့ဖြိုးအလှတိုးအောင် ပြုစုပျိုးထောင်

**မောင်ထည်ဝါ(ပျော်ဘွယ်)**

"ငှက်ပျံရှင်းသေ လူကြံရင်းသေ"ဟူသော ရှေးလူကြီးသူမများ ဆိုစကားရှိ၏။ ငှက်များသည် မိမိဘဝရှင်သန်ရေးအတွက် အမြဲတမ်းပျံသန်းရှာဖွေနေကြရသည်။ ထို့အတူ လူတို့သည်လည်း မိမိဘဝအောင်မြင်တိုးတက်ရေးအတွက် အမြဲတစေ ကြံစည်တွေးဆအားထုတ်ကြိုးပမ်းနေကြရမည်ဖြစ်သည်။ မိမိဘဝအောင်မြင်တိုးတက်ရေးအတွက် ဥဒ်၊ သတ္တိ၊ လုံ့လ၊ ဝီရိယတို့ကို အရင်းခံပြုလျက် လူ့ဘောင်ဘဝ၊ လူ့လောကကို လေ့လာသုံးသပ်၍ ရရှိလာသော အတွေ့အကြုံ၊ ဗဟုသုတများဖြင့် မိမိဘဝကို မိမိကပြုစုပျိုးထောင် အရောင်တင်ပေးနေရမည်ဖြစ်သည်။

မိမိဘဝကို သူတစ်ပါးက လေ့လာသင်ယူနေရသကဲ့သို့ သူတစ်ပါး၏ဘဝကိုလည်း မိမိက လေ့လာနေရပြန်သည်။ ထိုသို့ အစဉ်အမြဲလေ့လာနေပါက အချိန်တိုအတွင်း အဖိုးတန်သော အတွေးသစ်၊ အမြင်သစ်များ၊ အတွေ့အကြုံသစ်များ ရရှိနိုင်သည်ဖြစ်၍ လူ့ဘဝသည် ဖျင်းရိငြီးငွေ့ဖွယ်ရာ မရှိတော့ပေ။ ဆရာတော် ရှင်မဟာရဋ္ဌသာရက အသိပညာဗဟုသုတများကို နေ့စဉ်နေ့တိုင်း လေ့လာရှာဖွေနေကြရန် "သု၊ စိ၊ ပု၊ ဘာ၊ ဝိ၊ လိ၊ သိ၊ ဓာ အက္ခရာစွဲသုံး ဤရှစ်လုံးကို သီကုံးပန်းသွင် နေ့တိုင်းဆင်လော့"ဟု လမ်းညွှန်တိုက်တွန်းခဲ့သည်။

ထိုရှစ်လုံးမှာ-

| | | |
|---|---|---|
| (၁) သုဏေယျ | - | ကြားနာရာ၏။ |
| (၂) စိန္တေယျ | - | ကြံစည်ရာ၏။ |
| (၃) ပုစ္ဆေယျ | - | မေးမြန်းရာ၏။ |
| (၄) ဘာသေယျ | - | ပြောဆိုရာ၏။ |
| (၅) ဝိစာရေယျ | - | စူးစမ်းရာ၏။ |
| (၆) လိက္ခေယျ | - | ရေးမှတ်ရာ၏။ |
| (၇) သိက္ခေယျ | - | သင်ယူရာ၏။ |
| (၈) ဓာရေယျ | - | နှုတ်ငုံဆောင်ရာ၏။ |

ဤရှစ်လုံးကို လိုက်နာကျင့်သုံးနေသူအတွက် နေ့စဉ်နှင့်အမျှ အသိအမြင်ဗဟုသုတများ အမြဲရနေပေလိမ့်မည်။ စာကိုနှုတ်ငုံဆောင်ခြင်းသည် အရေးကြီးလှသည်။ လူသည် မေ့လျော့တတ်သော သဘောရှိ၏။ အချို့အရေးကြီးသော စာပိုဒ်များကို နှုတ်တက်အာဂုံဆောင်ထားရန် လိုအပ်သည်။ သို့ဖြစ်၍ ရှေးလူကြီးများက "အာဂုံရမှ အာဂလူ"ဟု ဆိုခဲ့ကြ၏။

အင်္ဂလိပ်စာပေတွင်လည်း မြန်မာစာပေကဲ့သို့ပင် မှတ်သားလိုက်နာရမည့် စာလုံးများရှိသည်။

| | | |
|---|---|---|
| What | - | ဘာလဲ |
| Why | - | ဘာကြောင့်လဲ |
| When | - | ဘယ်တုန်းကလဲ |
| Where | - | ဘယ်မှာလဲ |
| Who | - | ဘယ်သူလဲ |
| How | - | ဘယ်လိုလဲ |

ဤမေးခွန်းခြောက်မျိုးဖြင့် လေ့လာစူးစမ်းမှုပြုနေလျှင် အသိပညာဗဟုသုတများ နေ့စဉ်နေ့တိုင်း တိုးပွားနေပါလိမ့်မည်။ လူ့ဘဝခရီးလမ်းသည် အခက်အခဲအကျပ်အတည်းများဖြင့်ပြည့်နေ၏။ မည်သည့်အလုပ်ကိုစွမဆို ပြဿနာအခက်အခဲကို ကြောက်ရွံ့နေ၍ မဖြစ်ပေ။ တွေ့ကြုံလာသည့်အခက်အခဲကို ရဲရဲဝံ့ဝံ့ရင်ဆိုင်နိုင်ရမည်ဖြစ်၏။ အခက်အခဲ အတက်အကျများသည် လူပုဂ္ဂိုလ်တစ်ဦး၏ အရည်အချင်းကို စမ်းသပ်စစ်ဆေးသည့် မှတ်ကျောက်တစ်ခုပင်ဖြစ်သည်။ အခက်အခဲကြီးလေ အရည်အချင်းလိုလေ၊ အရည်အချင်းပြည့်ဝလေ ဂုဏ်တက်လေပင်ဖြစ်သည်။ အခက်အခဲတွေ့တိုင်း ကျောခိုင်းရှောင်ခွာအရှုံးပေးခဲ့ပါလျှင် ဘယ်မှာအောင်မြင်မှုကို ရမည်နည်း။ မဆုတ်မနစ်ကြိုးစားလျှင် ရည်မှန်းချက်ကို မလွဲဧကန် ရောက်ရှိမည်ဖြစ်သည်။

"ဝီရိယဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ" ဝီရိယရှိသူအတွက် မအောင်မြင်နိုင်သော အရာမရှိဟု ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော်မူခဲ့သည်။ မင်းကွန်းတိပိဋကဆရာတော်ကြီးအပါအဝင် တိပိဋကဆရာတော်များသည် ပိဋကတ်တော်စာမျက်နှာပေါင်း ၇၉၈၀ ကို အလွတ်ကျက်မှတ် အာဂုံဆောင်နိုင်ခဲ့ကြသည်။ အဓိဋ္ဌာန်ပြည့်ဝပြီး ပျော်ရွှင်သည့်ဘဝတစ်ခုကို တည်ဆောက်ခြင်းဖြစ်သည်။ ဖုန်တက်နေသည့်ဦးနှောက်ကို သန့်ရှင်းပေးရန် စာဖတ်ပါ။ စိတ်ဓာတ်ကျိုးကြေညှိုးနွမ်းနေလျှင် ပြန်ပြီးနာလန်ထရန် စာဖတ်ပါ။ ရှုပ်ထွေးနေသည့်အမြင်များ ရှင်းလင်းသွားရန် စာပေကိုဖတ်လိုက်ပါ။ အမှားသံသရာထဲတွင် အကြာကြီးမနေရဘဲ အမှန်လမ်းကိုတွေ့ချင်လျှင် စာဖတ်ပါ။ ရိုးသားရဲရင့်သည့်သူဖြစ်ရန် စာဖတ်ခြင်းသည် အကောင်းဆုံးနည်းလမ်းဖြစ်၏။

အချို့လူများက အချိန်မရ၍၊ အလုပ်မအား၍ဟု ဆင်ခြေပေးတတ်ကြပြန်သည်။ အချိန်ကိုရှာကြံပြီးသုံးလျှင် ထူးခြားသောအောင်မြင်မှုရလဒ်သစ်များ ရရှိနိုင်သည်။ နေ့စဉ်နှင့်အမျှ ရရှိသော စက္ကန့်များ၊ မိနစ်များကို ထိရောက်စွာအသုံးပြုခြင်းဖြင့် အကျိုးကျေးဇူးများ ရရှိနိုင်သည်။ ထိုကဲ့သို့ ရရှိသောအချိန်အနည်းငယ်ကို အသုံးပြုခြင်းဖြင့် ကမ္ဘာကျော်ဖြစ်သွားသူများ၊ ပညာရပ်တစ်ခုကို ထွန်းပေါက်အောင်မြင်သွားသူများ အများအပြားရှိနေသည်ကို တွေ့ရသည်။

> ❖ လူသည် တော်နေရုံဖြင့်မပြီး၊ စိတ်ကောင်းရှိရန်လည်းလိုသည်။ လူသည် တော်လည်းတော်၊ ကောင်းလည်းကောင်းရမည်။ ထိုသို့ တော်လည်းတော်၊ ကောင်းလည်းကောင်းအောင် ကြိုးစားအားထုတ်ခြင်းသည် မိမိဘဝလှပဖွံ့ဖြိုး အသိပညာတိုးအောင် ပျိုးထောင်ပြုစုခြင်းပင်ဖြစ်သည်။ ဥစ္စာပစ္စည်းဆုံးရှုံးခြင်းသည် သာမန်ဆုံးရှုံးခြင်းသာဖြစ်၏။ ကျန်းမာရေးဆုံးရှုံးခဲ့လျှင်လည်း ပြန်လည်ကုစား၍ ရနိုင်သည်။ သို့သော် လူတွင် အကျင့်စာရိတ္တဆုံးရှုံးခဲ့လျှင် မည်သို့မျှ ပြုပြင်ကုစား၍မရသော ဆုံးရှုံးမှုဖြစ်၏။ ❖

လောင်းဖဲလိုးသည် ရေနွေးအိုးတည်နေရင်း ရရှိသော ၁၀ မိနစ်ကို နေ့စဉ်အသုံးပြုခြင်းဖြင့် ကမ္ဘာကျော် ကဗျာကြီးကို ဘာသာပြန်ဆိုနိုင်ခဲ့သည်။ ချားစ်ဖရော့အမည်ရှိ ဖိနပ်ချုပ်သမားသည် တစ်နေ့လျှင် တစ်နာရီလေ့လာခြင်းဖြင့် ကမ္ဘာကျော်သင်္ချာပညာရှင်ကြီးဖြစ်လာခဲ့သည်။ ဘဏ်သူဌေးကြီး လူးဘော့သည် ရသမျှအားလပ်ချိန်လေးတွင် ဖတ်ရှုခြင်းဖြင့် ထင်ရှားသော သမိုင်းပညာရှင်ကြီးဖြစ်လာခဲ့သည်။ ဂျာမန်ကဗျာ့ဝိဇ္ဇာကြီး ဂိုတားသည် ရှင်ဘုရင်နှင့်စကားပြောစဉ် အတွေးကောင်းတစ်ခုပေါ်လာရာ မေ့သွားမည်စိုးသဖြင့် ဘုရင်နှင့်စကားဖြတ်ပြီး ရေးမှတ်ခဲ့သည်။ ကဗျာဆရာကြီး ပုပ်သည်လည်း ညအိပ်နေရာမှ စိတ်ကူးပေါ်လာလျှင် ချက်ချင်းထပြီး ရေးလေ့ရှိ၏။ ဘဏ်သူဌေးကြီးဂရုတ်သည် အားအပ်ချိန်လေးများတွင် "ဂရိသမိုင်းကျမ်း"ကို ရေးသားခဲ့ရာ ကမ္ဘာကျော်ခဲ့လေသည်။

ရှေးခေတ်က မြန်မာစစ်သည်တော်များလည်း တိုင်းရေးပြည်မှု အလုပ်ကိစ္စ များမြောင်လှသော်လည်း အားလပ်ချိန်များတွင် နောင်လာနောက်သားတို့အတွက် စာပေများရေးသားခဲ့ကြသည်။ နတ်သျှင်နောင်၊ နဝဒေး၊ မြဝတီမင်းကြီးဦးစ၊ လက်ဝဲသုန္ဒရအမတ်စသည်တို့မှာ စစ်ချီရင်း၊ စစ်တက်ရင်း၊ စစ်နားချိန်များတွင် ကဗျာ၊ ရတု၊ ပျို့၊ မော်ကွန်း စသည်များကို ရေးသားဖွဲ့ဆိုခဲ့ကြသည်။ စာဆိုတော် စိန္တကျော်သူဦးဩက သူသည် ဩဝါဒထူးပျို့ကို "ပြည်ရွာမင်းရေးမှုရှုပ်ထွေးလည်း၊ ဆေးတစ်အိုးကျွမ်း၊ ကွမ်းတစ်ယာညက်၊ စိတ်စက်ပျော်ပိုက်၊ လစ်လပ်ခိုက်တွင်၊ နှစ်ခြိုက်သာယာ၊ စီကုံးပါသည်"ဟု ဖွင့်ဆိုခဲ့သည်။ အချိန်ကိုလေးစားတန်ဖိုးထားသူကို အချိန်ကပြန်၍ အကျိုးပြုမည်သာဖြစ်၏။ "Time is Money" အချိန်တိုင်း၊ မိနစ်တိုင်းသည် အဖိုးတန်သော ငွေကြေးများဖြစ်သည်ဟု ဆိုသည်။

ထို့ကြောင့် အချိန်ကို အလဟဿမဖြစ်စေဘဲ အကျိုးရှိရှိ အသုံးချသွားရန်လိုသည်။ လူ့ဘဝတွင် အသက် တစ်ရာ မနေရသော်လည်း အမှုတစ်ရာပွေရတတ်၏။ ကြိုတင်ဆုံးဖြတ်၍ မရနိုင်ပါ။ အချိန်ရှိခိုက် လုံ့လစိုက်၍ အားထုတ်ကြိုးပမ်းရမည်ဖြစ်သည်။

မန်လည်ဆရာတော်ကြီးက "ပညာပြည့်ဝ၊ နှလုံးလှသော်၊ ကိစ္စကြီးငယ်၊ ဆောက်သဖွယ်လျှင်၊ ကျဉ်းကျယ်ထွင်းဖောက်၊ ဖြတ်တောက်လိုရာ၊ ပြီးနိုင်စွာ"ဟု မိန့်မှာခဲ့သည်။ တစ်နည်းဆိုရသော် ပညာပြည့်ဝခြင်းသည် အသိပညာ၊ အတတ်ပညာ ထက်မြက်ကျွမ်းကျင်ပြီး ဦးနှောက်ကောင်းသည့် လူတော်လူချွန်အဖြစ်ကို ရရှိစေသည်။ နှလုံးသားလှခြင်းသည် ရိုးသားဖြောင့်မတ်ခြင်း၊ စာရိတ္တကောင်းမွန်ခြင်း၊ အများအကျိုးသယ်ပိုးခြင်း၊ ကိုယ်ကျိုးစွန့်အနစ်နာခံခြင်း စသောအရည်အသွေးများကို ဆိုလိုပါသည်။ နှလုံးလှခြင်းသည် လူချွန်လူမွန်၊ လူတော်လူကောင်းအဖြစ်သို့ ပို့ဆောင်ပေးသည်။

လူသည် တော်နေရုံဖြင့်မပြီး၊ စိတ်ကောင်းရှိရန်လည်းလိုသည်။ လူသည် တော်လည်းတော်၊ ကောင်းလည်းကောင်းရမည်။ ထိုသို့ တော်လည်းတော်၊ ကောင်းလည်းကောင်းအောင် ကြိုးစားအားထုတ်ခြင်းသည် မိမိဘဝလှပဖွံ့ဖြိုး အသိပညာတိုးအောင် ပျိုးထောင်ပြုစုခြင်းပင်ဖြစ်သည်။ ဥစ္စာပစ္စည်းဆုံးရှုံးခြင်းသည် သာမန်ဆုံးရှုံးခြင်းသာဖြစ်၏။ ကျန်းမာရေးဆုံးရှုံးခဲ့လျှင်လည်း ပြန်လည်ကုစား၍ ရနိုင်သည်။ သို့သော်လူတွင် အကျင့်စာရိတ္တဆုံးရှုံးခဲ့လျှင် မည်သို့မျှ ပြုပြင်ကုစား၍ မရသောဆုံးရှုံးမှုဖြစ်၏။

လူတွင် အကျင့်စာရိတ္တပျက်စီးယိုယွင်းနေလျှင်၊ ကိုယ်ကျင့်တရားမကောင်းခဲ့လျှင် လူ့အသိုင်းအဝိုင်းထဲသို့ ဝင်ဆံ့၍မရနိုင်။ တန်ဖိုးရှိသောဘဝ၊ လှပသောဘဝ၊ အောင်မြင်တိုးတက်သောဘဝများသို့ ဘယ်လိုမှ မရနိုင်၊ မရောက်နိုင်တော့။ ကိုယ်ကျင့်တရားမကောင်းသူကို လူ့အဖွဲ့အစည်းက လက်ခံခြင်းမရှိဘဲ ဝိုင်းပယ်ခြင်းကို ခံရမည်သာဖြစ်၏။

ထို့ကြောင့် ထူးချွန်ထက်မြက်သော ဉာဏ်ပညာအရည်အသွေးများနှင့်ပြည့်စုံ၍ စိတ်ကောင်း၊ စေတနာကောင်းများနှင့်ပြည့်ဝသည့် လူကောင်း၊ လူတော်များသည် လူ့ဘောင်ဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတည်ဆောက်ရေးတို့တွင် မရှိမဖြစ်လိုအပ်သော လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည်။ သို့ဖြစ်၍ ယနေ့ကာလ၌ စိတ်နေစိတ်ထား ရိုးသားဖြူစင် ကိုယ်ကျင့်တရားလည်း ကောင်းမွန်၊ ဉာဏ်ပညာလည်းထက်မြက်ပြီး ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ ဟူသည့် ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်လာစေရန် ပြုစုပျိုးထောင်ပေးရမည်ဖြစ်ပါကြောင်း ရေးသားရပါသည်။

# အောင်လံမြို့နယ် ဂုံတောကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**အောင်လံ အောက်တိုဘာ ၉**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ရွှေညောင်ပင်ကျေးရွာအုပ်စု ဂုံတောကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အောက်တိုဘာ ၈ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီနှင့်ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဂုံတောကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီအချိန်မီ ပြီးစီးရေး အလေးထားဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ဂုံတောကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည်ပေ ၄၈၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို VDP စီမံကိန်း ရန်ပုံငွေကျပ်သိန်း ၁၅၀ အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများ၏အနီးကပ်ကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် စက်တင်ဘာလ စတုတ္ထပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ဂုံတောကျေးရွာရှိ ကျေးလက်နေပြည်သူများ သွားလာရေး အဆင်ပြေမည်ဖြစ်ပြီး လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး လုပ်ငန်းများဆောင်ရွက်ရာတွင် အဆင်ပြေလွယ်ကူမည်ဖြစ်ကြောင်း အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီထံမှ သိရသည်။ **ကိုလှိုင်**

# ပဲခူးမြို့ ရွှေမော်ဓောစေတီတော်တွင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ၊ ဆီမီး ၁၀၀၀၀ ပူဇော်ပွဲ၊ မီးထွန်းပွဲတော်နှင့် ဈေးပွဲတော် ကျင်းပသွားမည်ဖြစ်



**ပဲခူး အောက်တိုဘာ ၉**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ ရွှေမော်ဓောစေတီတော်တွင် အောက်တိုဘာ ၂၉ ရက် (သီတင်းကျွတ်လပြည့်နေ့)တွင် ပင့်သံဃာ အပါး ၅၀၀၀ ကျော်တို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲ၊ ဆီမီး ၁၀၀၀၀ ပူဇော်ပွဲ၊ မီးထွန်းပွဲတော်နှင့် ဈေးပွဲတော်ကို အောက်တိုဘာ ၂၈ ရက်မှစ၍ အောက်တိုဘာ ၃၀ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးအေးမောင်ကြည်၏ပြောကြားချက်အရ သိရသည်။

အဆိုပါပွဲတော်တွင် MSME ထုတ်ကုန်များ ပြသရောင်းချသည့် ဈေးပွဲတော်ကိုပါ ထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး အနယ်နယ်အရပ်ရပ်မှ ပွဲတော်လာများကို ဒေသထွက်ကုန်များနှင့် မိတ်ဆက်ရောင်းချပေးသွားမည်ဖြစ်ပြီး ပွဲတော်လာများကို မြန်မာ့ဆိုင်းဝိုင်းကြီးဖြင့် ဖြေ့ခံဖျော်ဖြေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"နှစ်စဉ်ကျင်းပမြဲဖြစ်တဲ့ ပဲခူးမြို့ ရွှေမော်ဓောစေတီတော်ရဲ့ ဆွမ်းဆန်စိမ်းလောင်းလှူပွဲနဲ့ စေတီတော်ကြီးအား ဆီမီး ၁၀၀၀၀ ပူဇော်ပွဲကိုလဲ အစဉ်အလာမပျက် (သီတင်းကျွတ်လပြည့်နေ့) အောက်တိုဘာ ၂၉ ရက် နံနက်ပိုင်းနဲ့ ညပိုင်းတွေမှာ ကျင်းပသွားမှာဖြစ်ပါတယ်။ ဒါ့ပြင် ပဲခူးမြို့ရဲ့ သီတင်းကျွတ် မီးထွန်းပွဲတော်နဲ့ဈေးရောင်းပွဲတော်ကိုလဲ တစ်ဆက်တည်း ကျင်းပသွားမှာ ဖြစ်ပါတယ်။ သီတင်းကျွတ် မီးထွန်းပွဲတော်နဲ့ ဈေးရောင်းပွဲတော်ကိုတော့ ပဲခူးမြို့ ရွှေမော်ဓောစေတီတော် အနောက်ဘက်မုခ်စေတီလမ်းတစ်လျှောက်မှာ မီးရောင်စုံတွေ ထွန်းညှိပြီးတော့ ကျင်းပမှာဖြစ်ပါတယ်။ ရှင်ဥပဂုတ္တကိုလဲ ဖောင်တော်နဲ့ တကွ အောက်တိုဘာ ၂၉ ရက်က စတင်ပြီးတော့ ဘုရားလမ်းအနီး ကျုံးရေပြင်မှာ ပူဇော်ထားမှာဖြစ်ပါတယ်။ အောက်တိုဘာ ၃၀ ရက်မှာတော့ ရှင်ဥပဂုတ္တဖောင်တော်မျှောပွဲနဲ့ မီးမျှောပွဲကိုပါ ကျင်းပသွားမှာဖြစ်ပါတယ်"ဟု ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးအေးမောင်ကြည်က ပြောပြသည်။ ASH

# မေးလ်ပဲလေးရုပ်ရှင်ပွဲတော်၌ ပြသပြီးသော Fast Charlie ကို ရုပ်ရှင်ရုံများ၌ ပြမည်

**နယူးယောက် အောက်တိုဘာ ၉**

မေးလ်ပဲလေး ရုပ်ရှင်ပွဲတော်တွင် ပွဲဦးထွက်ပြသပြီးသော Fast Charlie ဇာတ်ကားကို ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်ကြောင်း အောက်တိုဘာ ၈ ရက် သတင်းများအရ သိရသည်။

၄၆ ကြိမ်မြောက် မေးလ်ပဲလေး ရုပ်ရှင်ပွဲတော်သည် အောက်တိုဘာ ၅ ရက်မှစတင်၍ အောက်တိုဘာ ၁၅ ရက်တွင် ပြီးဆုံးမည်ဖြစ်ပြီး Fast Charlie ကို အောက်တိုဘာ ၇ ရက်တွင် ပြသခဲ့ပြီးဖြစ်ကြောင်း၊ သို့ရာတွင် Fast Charlie ဇာတ်ကားကို ရုပ်ရှင်ရုံများ၌ စတင်ရုံတင်ပြသမည့်ရက်ကို Vertical ရုပ်ရှင်ကုမ္ပဏီက အတိအကျကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Fast Charlie ဇာတ်ကားတွင် မင်းသား ပီရက်စ်ဘရော့စနန်နှင့် မင်းသမီး မိုရီနာဘက်ကာရင်းတို့က အဓိက ဇာတ်ကောင်များအဖြစ် ပါဝင်သရုပ်ဆောင်ထားပြီး အဆိုပါဇာတ်ကားသည် မြေအောက်ဒုစရိုက်လောကကို နောက်ခံထားရိုက်ကူးထားပြီး မင်းသား ပီရက်ဘရော့စနန်က ကြေးစားလုပ်ကြံရေးသမားတစ်ဦးအဖြစ် သရုပ်ဆောင်ထားသည်။

Fast Charlie ဇာတ်ကားကို စာရေးဆရာ ဗစ်တာဂစ်လာ၏ Gun Monkeys ဇာတ်ကားကို အခြေခံ၍ ဒါရိုက်တာ ဖိလစ်နော့က ရိုက်ကူးပေးထားကြောင်း သိရသည်။

**Ref: Movieweb**
**Trs: KKO**



# စုံထောက်ဦးထင်ကျော် ဇာတ်လမ်းတွဲကို SKY PREMIER HD မှ ထုတ်လွှင့်မည်

**ရန်ကုန် အောက်တိုဘာ ၉**

စုံထောက်ဦးထင်ကျော် ရုပ်သံဇာတ်လမ်းတွဲကို လာမည့် နိုဝင်ဘာလအတွင်း SKY PREMIER HD မှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွဲကို ပုံဖော်ရိုက်ကူးသူ တွဲဖက်ဒါရိုက်တာ ချမ်းသာကြည်စိုးက ပြောပြ၍ သိရသည်။

စုံထောက်ဦးထင်ကျော် ရုပ်သံဇာတ်လမ်းတွဲသည် စာရေးဆရာကြီး ဒဂုန်ရွှေမျှား၏ စုံထောက်ဦးထင်ကျော် ဝတ္ထုဇာတ်လမ်းကို ဒါရိုက်တာ အလင်္ကာကျော်စွာကြည်စိုးထွန်းက ဇာတ်ညွှန်းရေးသားထားခြင်းဖြစ်ကာ အလင်္ကာကျော်စွာကြည်စိုးထွန်းက ဒါရိုက်တာအဖြစ် ရိုက်ကူးထားခြင်းဖြစ်ပြီး တွဲဖက်ဒါရိုက်တာများအဖြစ် ဒါရိုက်တာ ချမ်းသာကြည်စိုးနှင့် သုတဇော်တို့က ရိုက်ကူးပေးထားကြောင်း သိရသည်။



"ဒီရုပ်သံဇာတ်လမ်းတွဲကတော့ ထင်ရှားအောင်မြင်ပြီးသားဖြစ်တဲ့ စာရေးဆရာကြီး ဒဂုံရွှေမျှားရဲ့ စုံထောက် ဦးထင်ကျော်ကို ဖန်သားပြင်မှာ အသက်သွင်းရတာဖြစ်တဲ့အတွက် မူရင်းဝတ္ထုကို ဖတ်ထားသူတွေ အရသာမပျက်အောင် အဲဒီခေတ်ကာလနဲ့လဲ ဇာတ်ကိုဟပ်အောင် ကြိုးစားရိုက်ကူးတင်ပြထားပါတယ်"ဟု တွဲဖက်ဒါရိုက်တာ ချမ်းသာကြည်စိုးက ပြောပြသည်။

အဆိုပါ ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် စောမြတ်နိုး၊ နိုင်သုတ၊ ညီရဲထွဋ်၊ တင့်ထက်၊ ချမ်းငြိမ်းကျော် စသည့်အနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# The Nun 2 ဇာတ်ကား ကမ္ဘာတစ်ဝန်း ဝင်ငွေအမေရိကန်ဒေါ်လာသန်း ၂၅၀ ခန့်ရှိလာ

**နယူးယောက် အောက်တိုဘာ ၉**


ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီ၏ The Nun 2 ဇာတ်ကားသည် စတင်ရုံတင်ပြီး ပဥ္စမသီတင်းပတ်ကုန်ချိန် အောက်တိုဘာ ၈ ရက်တွင် ကမ္ဘာတစ်ဝန်းဝင်ငွေအမေရိကန်ဒေါ်လာ သန်း ၂၅၀ ခန့်ထိ ရှိလာကြောင်း အောက်တိုဘာ ၈ ရက် သတင်းများအရ သိရသည်။

The Nun 2 ဇာတ်ကားသည် အောက်တိုဘာ ၈ ရက်တွင် ပြည်တွင်းဝင်ငွေစုစုပေါင်း အမေရိကန်ဒေါ်လာ ၈၁ သန်းကျော်နှင့် နိုင်ငံတကာဝင်ငွေ အမေရိကန်ဒေါ်လာ ၁၆၇ သန်းကျော်ရှိခဲ့ရာ ၎င်းဇာတ်ကား၏ ကမ္ဘာတစ်ဝန်းဝင်ငွေစုစုပေါင်းမှာ ၂၄၈ ဒသမ ၇ သန်းထိ ရှိလာခဲ့သည်။

The Nun (2018) ၏ နောက်ဆက်တွဲဇာတ်ကားဖြစ်သည့် The Nun 2 အတွက် ရိုက်ကူးထုတ်လုပ်မှုစရိတ်အဖြစ် ဝါနာဘရားသားကုမ္ပဏီက အမေရိကန်ဒေါ်လာ ၁၈ သန်းသာ သုံးစွဲထားခြင်းဖြစ်သည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာမိုက်ကယ်ချားဗက်စ်က ရိုက်ကူးပေးထားပြီး မင်းသမီးတိုင်ဆာဖာမီဂါ၊ ဘွန်အေရှုန်နှင့် မင်းသားဂျိုနက်ဘလိုကတ်တို့ ပါဝင်ထားကြောင်း သိရသည်။

**Ref: Movieweb**
**Trs: KKO**




# မေတ္တာမုန်တိုင်း ဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်သူများနှင့် ပရိသတ်များတွေ့ဆုံပွဲ Time City Promotion Area ၌ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၉**

Mahar Application တွင် အောက်တိုဘာ ၆ ရက်က စတင်ထုတ်လွှင့်နေသည့် မေတ္တာမုန်တိုင်း ဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်သူများနှင့် ပရိသတ်များတွေ့ဆုံပွဲ (Fan Meeting) ကို အောက်တိုဘာ ၈ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ Time City Promotion Area ၌ကျင်းပပြုလုပ်ခဲ့ကြောင်း အဆိုပါတွေ့ဆုံပွဲသို့ တက်ရောက်ခဲ့သည့် သရုပ်ဆောင် ချမ်းမင်းရဲထွဋ်က ပြောပြ၍ သိရသည်။

မေတ္တာမုန်တိုင်း ဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်သူများနှင့် ပရိသတ်များတွေ့ဆုံပွဲ (Fan Meeting) သို့ မေတ္တာမုန်တိုင်းဇာတ်လမ်းတွဲတွင် အဓိကသရုပ်ဆောင်များဖြစ်ကြသည့် သရုပ်ဆောင် ကောင်းပြည့်၊ ချမ်းမင်းရဲထွဋ်၊ ရတနာဗိုလ်၊ ဖုန်းသီရိကျော်တို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

"မေတ္တာမုန်တိုင်း ဇာတ်လမ်းတွဲလေးက အခုဆိုရင် အပိုင်း (၄) ထိ ထုတ်လွှင့်ပြသပြီးပါပြီ။ ပရိသတ်တွေက ကြိုက်တယ်လို့ကြားရတဲ့အတွက် ကျွန်တော်တို့လဲ ဝမ်းသာပါတယ်။ ဒီဇာတ်လမ်းတွဲထဲမှာ ပရိသတ်တွေ ထင်မှတ်မထားတဲ့ ဇာတ်လမ်းအလှည့်အပြောင်းပုံစံတွေလဲရှိလို့ အားပေးကြပါ"ဟု သရုပ်ဆောင် ချမ်းမင်းရဲထွဋ်က ပြောပြသည်။

အဆိုပါတွေ့ဆုံပွဲတွင် မေတ္တာမုန်တိုင်းဇာတ်လမ်းတွဲ၌ ပါဝင်သရုပ်ဆောင်ထားကြသည့် သရုပ်ဆောင်များက ပရိသတ်များနှင့် တွေ့ဆုံကာ ဂိမ်းများဆော့ကစားခဲ့ကြပြီး မေတ္တာလက်ဆောင်များလည်း ပေးအပ်ခဲ့ကြကြောင်း သိရသည်။

မေတ္တာမုန်တိုင်း ဇာတ်လမ်းတွဲကို ဝတ္ထုလုံမ၊ ဇာတ်ညွှန်း ရွှေရည်ရွှန်းလဲ့တို့က ရေးသားထားပြီး ဒါရိုက်တာ ညွန့်မြန်မာညီညီအောင်က ပုံဖော်ရိုက်ကူးထားသည့် မိသားစုဒရာမာ ဇာတ်လမ်းဖြစ်ကြောင်း၊ ဇာတ်လမ်းတွဲတွင် အပိုင်း (၂၀)ခန့် ပါဝင်ကြောင်း သိရသည်။ ASH

# SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win addresses Illegal Trade Eradication Steering Committee meeting 5/2023



Vice-Senior General Soe Win delivers address at the meeting.

**Nay Pyi Taw October 9**

The Illegal Trade Eradication Steering Committee held the meeting 5/2023 at the Ministry of Commerce here at 2 pm, addressed by the committee chairman Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win.

Also present were union ministers U Win Shein, Lt-Gen Yar Pyae and U Tun Ohn, deputy ministers, Nay Pyi Taw Council member, the Revenue Appellate Tribunal chair, permanent secretaries, directors general and officials. Chairs of region and state illegal trade eradication special teams took part in the meeting through video conferencing.

The Vice-Senior General said at his meeting with region/state chief ministers and chairs of self-administered zones and division, the Prime Minister gave a guidance, saying, "The State is implementing programs to eradicate illegal trade. Illegal border trade has adverse effects on national income. Trade with foreign countries should be conducted properly in accord with the law. Acts that violate the law should be exposed and action should be taken against the violators."

At the National Defence and Security Council meeting, the PM also said, "A nation must have robust driving force in economy, politics and defence. Strong economic driving force will enhance political and defence power or in other words, promote the political and defence driving force, and eventually, the country will become powerful." Production and trade development is pivotal for national economic growth. But illegal trade is the main culprit that is harming the production and trade sector. Every country is facing illegal trade, but in Myanmar its root are strong and it is growing throughout the successive periods. Hence, severe action is required. If the problem cannot be handled properly, it may hurt the national economy and the public socioeconomic progress. Hence, the anti-illicit trade program calls for effective checks and legal actions to reinforce the national economic drive.

During July and August transport of illegal rice by vessels, train and cars could be exposed. In addition, attempts to transport illegal rice through Yangon Region could be stopped. Moreover, 11 illegal containers were exposed at Thilawa Special Economic Zone.

Mon State illegal trade eradication special team, acting on information, searched the five cargo wagons in Mawlamyint Reilway Station and found 1659 bags of QR-code-less corn seeds on 2 August. Further information led to the arrest of 51 suspicious cargo wagons on Bago-Mawlamyine railroad and another 37 at Bagon Station.

The teams could arrest eight undocumented cars at Mayanchang inspection gate. They found undocumented bags of corn seed on a vessel sailing towards Mawlamyine from Yangon. As initial statements made by the captain and the company owner were different, the teams continued the search. Civil servants could expose 91,359 bags (4567.95 tons) of undocumented illegal corn seeds at a current value of over Ks 2.9 billion on 88 cargo wagons, one vessel and eight cars. Hence, they together with their supervisors are honoured with pleasure and their work is acknowledged. The relevant ministries should apply reward and punishment programs and should reward public servants for their brilliant accomplishments. Here, severe action should also be taken against the persons who violate the rules.

Regarding the seized items without evidence, management was made to confiscated the seized items as quickly as possible not for loss and waste, soonest take legal action against the companies who failed to do legal measures for harming the interests of the State and quickly auction the seized items off. As such, seized maize seeds could be procured without waste and loss, earning K3.057 billion of revenue exceeding K2.9 billion of target, confiscating over K80 million as public finance rather than the target.

Thilawa Special Economic Zone systematically manages export and import measures of the State as well as G to G process. In so doing, outstanding service personnel exposed the attempts of some companies which imported the goods without import licence by abusing import licences of other companies. As such, more than 300,000 kilogrammes of import goods worth more than K479 million could be confiscated as the public finance. Smuggled items were seized in July and August thanks to endeavours of illegal trade eradication special task forces in regions and states and the steering committee.

Illegal trade eradication special task forces strived for seizing illegal trade worth K10,445.742 million in 611 cases in July 2023 and K12,434.244 million in 540 cases in July. In comparison with the seizures, illegal trade items worth K610.388 million in 369 cases were seized in July 2022 and K7.002.613 million in 480 cases in August. Although this year's cases and value of seizures exceeded that of previous year, indicating illegal trade process in both export and import measures. As such, the Vice-Senior General stressed that special task forces need to carefully expose and seize export and import measures in order to prevent illegal trade.

As export goods as well as import goods are managed by car, vessel and train in eradicating illegal trade, SOP must be schemed for the aviation export process in conformity with the current situation. The e-lock system is being implemented for checking transport of commodity as a six-moth pilot project. Officials have to cooperate in seeking strong and weak points of the e-lock system for use of containers and vans in respective phases in order to eradicate the illegal trade so as to implement such a system throughout the nation.

As seized maize seeds are perishable, action was soonest taken against offenders under the Customs Law and Export/Import Law. So, these seeds could be procured without damage, earning the revenue rather than the expected. It depended on collaborative efforts on consideration based on legal affairs and rapid process. The Customs Law comprises the original law and bylaws. Due to its rules and regulation on prevention of loss for the owners, it needs to take a time for legal action like the Export/Import Law and confiscation for public finance. As such, it is necessary to consider amending the laws and bylaws to be confined with the situations if necessary. As laws are enacted by human, these should be amended by human but such act must be based on firm reasons. With regard to the illegal trade which is taking root in successive eras in Myanmar, cases of fuel and cooking oil including export and import measures are being exposed for taking action. Relevant departments need to supervise the acts of eradicating the illegal trade not to harm the State economy and the economic drive. Eradication of illegal trade can contribute to the State economy on one hand. As the illegal trade hinders market competitiveness of local businesses, officials need to place more emphasis on eradication of illegal trade.

Then, Steering Committee Secretary Deputy Minister for Commerce U Min Min clarified the progress in implementing the resolutions of the meeting (4/2023) and the activities of the Steering Committee.

Next, leader of the Task Force of the Steering Committee's Office Deputy Director General U Aung Thwin Oo, Director General of the Transport Planning Department U Thint Myat Thu, Director General of the Central Equipment Statistics and Inspection Department U Han Win Aung, Director General of the Customs Department U Thein Swe, Director General of the Trade Department U Myint Thura and Director General of the Food and Drug Control Department Professor Dr Khin Zaw read out the messages sent to the meeting (5/2023).

Steering Committee Vice Chairmen Union Ministers U Win Shein and Lt-Gen Yar Pyae and member Union Minister U Tun Ohn reported on illegal trade reviews, E-Lock system issues, laws, and regulations to be revised, seizures of drugs, controlled chemicals, illegal vehicles, foodstuff, medicines, and cosmetics and preventive measures, the sale of goods online illegally, and the use of the QR Code.

After that, those present at the meeting discussed their relevant sectors in the fight against illegal trade.

Then the leader of the Task Force of the Steering Committee's Office read out the draft resolutions of the meeting (5/2023).

Later, the Vice-Senior General coordinated the matters related to the reports and discussions and concluded the meeting. 100

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Myanmar plans to hold 2023 mid-year Myanmar Gems Emporium in NPT in Oct


A previous Gems Emporium in progress.

**Nay Pyi Taw October 9**

The 2023 mid-year Myanmar Gems Emporium will be held in Nay Pyi Taw in October, according to the Ministry of Natural Resources and Environmental Conservation on October 5, 2023.

The gems emporium will be held by the Central Committee of Myanmar Gem and Jewellery Exhibition under the supervision of the Ministry of Natural Resources and Environmental Conservation from October 20 to 28 at the Mani Yadanar Jade Hall of Nay Pyi Taw.

At the emporium, pearls, gems, and jade sets from Myanmar will be presented and sold.

At the emporium, pearls, gems, and jades will be displayed and sold as groups (A), group (B), and group (C). It will be displayed and sold in 3 groups, with high-quality jade sets in Group (A), middle grade jade sets in group (B) and low grade jade sets in group (C).

In the exhibition, 100 pairs of pearls, 160 pairs of gems and 4,025 pairs of jade will be presented and sold.

336

# Mbankolo landslides kill 30 in Cameroon capital Yaoundé

**Yaoundé October 9**

At least 30 people have been killed in landslides caused by heavy rains in Cameroon's capital Yaoundé, the emergency services have said.

A local radio station put the death toll at 40, saying that many people are still missing.

Rescue efforts were hampered by floods, forcing locals to pull bodies out of the debris with their bare hands.

Heavy rainfall caused the Mefou River to burst its banks on Sunday, submerging several neighbourhoods.

The disaster comes almost a year after at least 14 people died in another landslide in the city.

The poor neighbourhood of Mbankolo was worst affected in the latest disaster, with some homes, built on slopes, collapsing and banana trees being uprooted.

Housing and Urban Development Minister Celestine Ketcha Courtès told the BBC a team would "work all day long to continue finding people".

The bodies of children were "spread out on the wet ground", a resident was quoted as saying by the Cameroon Voice news website.

In total, 12 bodies have been identified and taken to the morgue, the private Actu Cameroun website reports.

About 25 houses were swept away by the raging floods and "many families are certainly still trapped alive", it added.

BBC

# State economic promotion fund covers cooperative society members in 10 townships

**Mandalay October 9**

A total of K944 million has been disbursed as agricltural costs for cultivation of monsoon paddy to members of cooperative societies in 10 townships in Mandalay Region, said assistant director U Hlaing Moe of Mandalay Region Cooperative Department.

The department issued K944 million loans from the State economic promotion fund to 1,787 farmers from 43 cooperative societie from 10 townships for cultivation of monsoon paddy on 4,720 acres of farmlands.

"The cooperative societies engaging in cultivation of monsoon paddy organize local farmers for borrowing loans from the department. So far, the department has loaned 1,487 farmers. The Region government transferred loans from the State economic promotion fund to the General Administration Department for disbursement of loans to farmers. The accounts of GAD transferred the loans to the township cooperative syndicates again. The township cooperative syndicates issued loans to farmers starting from July.


A paddy plantation.

Such loan is set at a soft interest rate for farmers, and they have to pay back the loans once for every six months," he explained.

The townships of farmers who got loans are Madaya, Myittha, TadaU, Mahlaing, Thazi, Wundwin, Myingyan, Taungtha, Yamethin and Pyawbwe townships.

185

# US moves warships closer to Israel after Hamas attack

**Washington October 9**

The US says it is moving an aircraft carrier, ships and jets to the eastern Mediterranean and will also give Israel additional equipment and ammunition.

It follows the Hamas attack on southern Israel, which President Biden called an "unprecedented and appalling assault".

A US National Security spokesperson said several US citizens were among the dead.

Israel says more than 700 people have been killed and 100 kidnapped.

In Gaza, more than 400 people have been killed following retaliatory Israeli air strikes, according to Palestinian officials.

US Defence Secretary Lloyd Austin said the USS Gerald R Ford aircraft carrier, a missile cruiser and four missile destroyers were heading to the region. He said fighter jets would also be sent.

Further military aid to Israel would be sent in the coming days, the White House said, adding that the US was working to ensure Israel's enemies did not try to seek advantage from the situation.

The large deployment reflects American concerns that the conflict between Israel and Hamas could draw in other parts of the region.

In particular, the US is eager to prevent Lebanon's powerful Hezbollah movement from joining the conflict. It is backed by Iran, which also funds and arms Hamas.

BBC


The USS Gerald R. Ford aircraft carrier is heading to the region.

# Extra allowance K1,000 added to minimum wage K4,800 of workers across the nation

**Nay Pyi Taw October 9**

The minimum wage setting national committee stated a press release, saying that an extra allowance worth K1,000 was added to the minimum wage of all workers worth K4,800 starting from 5 October.

Such kind of new minimum wage will be inclusive of all workers from garment factories and other factories across the nation. Such new minimum wage must be calculated starting from 1 October.

"Last five years, calculation of minimum wage was based on K600 per hour. So, employee could get K4,800 as daily wage in minimum. Now, extra allowance was set as K1,000 per day. As such, employee can get K30,000 as extra allowance per month. Some private factories have extended allowance for many months. So, they do not need to add more allowance for workers but the factories which have not added allowance yet need to expand more allowance to workers," said U Htein Li, member of Thakayta Industrial Zone Management Committee of Yangon Region.

The minimum wage was set as K4,800 per day on 14 May 2018, and five years after, it was added with K1,000 as extra allowance per day.

Before emergence of the notification, the majority of factories in Yangon Region have added new allowance to workers from industrial zones and garment factories in advance.

ASH

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ဆလိုဗက်ကီးယားနိုင်ငံက ယူရိုသန်း ၂၀၀ တန်ဖိုးရှိ လေကြောင်းရန်ကာကွယ်ရေးစနစ်များကိုဝယ်ယူရန် အတည်ပြု



ဆလိုဗက်ကီးယားနိုင်ငံသည် ယူရိုသန်း ၂၀၀ တန်ဖိုးရှိ လေကြောင်းရန်ကာကွယ်ရေးစနစ်သစ်များဝယ်ယူရန် အတည်ပြုခဲ့ကြောင်း အောက်တိုဘာ ၄ ရက်တွင် ဆလိုဗက်ကီးယားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန(MoD)၏ အဆိုအရ သိရသည်။

ဝယ်ယူရေးအစီအစဉ်တွင် အဓိက အစိတ်အပိုင်းနှစ်ခုပါဝင်သည်။ အစ္စရေး၏ Israel Aerospace Industries (IAI) ထံမှ Barak MX တာလတ်ပစ် လေကြောင်းရန်ကာကွယ်ရေးစနစ်နှင့် ပိုလန်နိုင်ငံပိုင် ကာကွယ်ရေးကုမ္ပဏီ Mesko ထံမှ Piorun MANPADS (Man-Portable Air-Defense Systems) ပခုံးထမ်းဒုံး လေကြောင်းရန်ကာကွယ်ရေးစနစ် ၃၆ ခုတို့ ပါဝင်သည်။

ဆလိုဗက်ကီးယား ကာကွယ်ရေးဝန်ကြီးဌာနသည် Piorun MANPADS ပခုံးထမ်းဒုံးကျည်စနစ်များကို ဝယ်ယူရေးအတွက် စာချုပ်ပါ သဘောတူညီချက်များကို တရားဝင်အတည်ပြုနိုင်ရန် ပိုလန်အစိုးရနှင့် ညှိနှိုင်းမှုများပြုလုပ်မည်ဖြစ်သည်။ Thunder (Piorun) ဟု မကြာခဏ ရည်ညွှန်းလေ့ရှိသော တစ်ကိုယ်ရေသယ် ပခုံးထမ်းဒုံးလေကြောင်းရန်ကာကွယ်ရေးစနစ်များသည် မူရင်းဆိုဗီယက်ထုတ် 9K38 Igla (SA-18 Grail) ကိုအခြေခံ၍ ခေတ်မီအောင် ထုတ်လုပ်ထားသော GROM MANPADS ဗားရှင်းပင်ဖြစ်သည်။ ထို GROM MANPADSများကို ပင် အဆင့်ဆင့် ပြုပြင်မွမ်းမံအဆင့်မြှင့်တင်မှုများပြုလုပ်လာခဲ့ခြင်းဖြစ်သည်။ Piorun MANPADS တွင် အကွာအဝေး မီတာ ၄၀၀ မှ ခြောက်ကီလိုမီတာထိ ပစ်ခတ်နိုင်သော တာတိုပစ်ဒုံးကျည်အသစ်များအသုံးပြုထားပြီး အမြင့် ၁၀ မီတာမှ အများဆုံး လေးကီလိုမီတာထိ ဝေဟင်ပစ်မှတ်များကို တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။

ထူးခြားသည်မှာ ဒရုန်းများအပါအဝင် အသေးစားလေကြောင်းအန္တရာယ်များကို ကြားဖြတ်ဟန့်တားရာတွင် ထိရောက်မှုမြှင့်တင်ရန် ဒီဇိုင်းထုတ်ထားသည့် Proximity Fuse တစ်ခုတပ်ဆင်အသုံးပြုထားခြင်းဖြစ်သည်။

တစ်ချိန်တည်းတွင် Israel Aerospace Industries (IAI) က ထုတ်လုပ်သော Barak MX အလယ်အလတ်တန်းစားယာဉ်တင်လေကြောင်းရန်ကာကွယ်ရေးစနစ်ကို ဝယ်ယူနိုင်ရန်အတွက် အစ္စရေးအစိုးရနှင့် ညှိနှိုင်းမှုများစတင်တော့မည်ဖြစ်ကြောင်း သိရသည်။

Barak MX စနစ်သည် အမျိုးမျိုးသောလားရာ၊ အရပ်မျက်နှာ၊ အကွာအဝေးများမှ ဝင်ရောက်ပျံသန်းလာသော လေကြောင်းခြိမ်းခြောက်မှုမျိုးစုံကိုတန်ပြန်ရန် ဒီဇိုင်းထုတ်ထားသည့် အဆင့်မြင့်လေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေးစနစ်ပင်ဖြစ်သည်။

ရေတပ်သင်္ဘောများတွင် တပ်ဖြန့်အသုံးပြုထားသည်ဖြစ်စေ၊ ကုန်းပေါ်၌ဖြစ်စေ ကွဲပြားသောမစ်ရှင်များနှင့် ကွဲပြားသော တိုက်ပွဲအခြေအနေများအတွက် စိတ်ကြိုက်ချိန်ညှိနိုင်စေသည့်စနစ်ဖြစ်သည်။

Barak MX စနစ်သည် အကွာအဝေး ၃၅ ကီလိုမီတာ (တာလတ်)၊ ကီလိုမီတာ ၇၀ (တာဝေး) နှင့် ကီလိုမီတာ ၁၅၀ (ထပ်တိုးကွာဝေး) အပါအဝင် ရွေးချယ်ထားသောဒုံးကျည်အမျိုးအစားပေါ်မူတည်၍ အကွာအဝေးအမျိုးမျိုးအတွက် တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။ လောင်ချာတစ်ခုစီတွင် ဒုံးကျည်ရှစ်စင်းတပ်ဆင်ထားပြီး ၎င်းစနစ်တွင် Barak Battle Management Center (BMC) တိုက်ပွဲဝင်စီမံခန့်ခွဲမှုစနစ်နှင့် ဒုံးကျည်များကိုချိတ်ဆက်ထားသည့် ဒေတာလင့်ခ်တစ်ခုပါရှိကာ ထိရောက်သောဆက်သွယ်မှုနှင့် ပေါင်းစပ်ညှိနှိုင်းမှုကို သေချာစေသည်။

အဆိုပါစနစ်သည် တိုက်လေယာဉ်များ၊ ပင်လယ်ရေမျက်နှာပြင်ရှပ်ပြေး၍ အနိမ့်ပျံသန်းတိုက်ခိုက်လာနိုင်သော ခရုဇ်ဒုံးကျည်များ၊ နည်းဗျူဟာမြောက် ပွဲထိန်းဒုံးကျည်များ၊ ဒရုန်းများ၊ ရဟတ်ယာဉ်များနှင့် လေဟုန်စီး ဗုံးသီးများအပါအဝင် လေကြောင်းခြိမ်းခြောက်မှုများကို ကျယ်ကျယ်ပြန့်ပြန့် တန်ပြန်နိုင်စွမ်းရှိသည်။

အချက်အချာနေရာ ကာကွယ်ရေး၊ အချက်အချာဧရိယာ ကာကွယ်ရေးနှင့် ပွဲထိန်းဒုံးကျည် ကာကွယ်ရေးအပါအဝင် မစ်ရှင်အမျိုးမျိုးအတွက် ဖြန့်ကြက်အသုံးပြုနိုင်သည်။ အဆိုပါစနစ်သည် ယာဉ်တင်သို့မဟုတ် မြေပြင်အခြေပြု(အထိုင်စနစ်)ဖြစ်စေ၊ ရေတပ်နှင့်ကြည်းတပ် နှစ်ခုစလုံးဖြစ်စေ တိုက်ပွဲဝင်တပ်ဖြန့်အသုံးပြုရန်သင့်လျော်ပြီး Joint Taskforce Coordination (JTC) ပူးပေါင်းတိုက်ခိုက်ရေးတပ်ဖွဲ့များကြား တိုက်ပွဲဝင်စွမ်းဆောင်ရည်မြင့်မားကောင်းမွန်စေသည်။

စနစ်အစိတ်အပိုင်းများတွင် ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည် သုံးမျိုးပါဝင်ပြီး တစ်မျိုးစီသည် သီးခြားအတိုင်းအတာများနှင့် စွမ်းဆောင်ရည်များအတွက် အံဝင်ခွင်ကျ အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**Slovakia approves €200 Mn purchase of air defense systems ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းအထူးစစ်ဆင်ရေးအတွင်း ဒရုန်းများကိုတန်ပြန်ရန် အဆင့်မြင့်ပစ်ခတ်မှုထိန်းချုပ်ရေးစနစ် ရုရှားတီထွင်

ရုရှားနိုင်ငံသည် ယူကရိန်းအထူးစစ်ဆင်ရေးအတွင်း ဒရုန်းများကိုတန်ပြန်ရန် အဆင့်မြင့်ပစ်ခတ်မှုထိန်းချုပ်ရေးစနစ်ကို တီထွင်ခဲ့ကြောင်း အောက်တိုဘာ ၄ ရက်က https://armyrecognition.com သတင်းဌာနတွင် ရေးသားဖော်ပြထားသည်။

၎င်းတီထွင်မှုစနစ်၏ အရေးပါသော အင်္ဂါရပ်မှာ ဒရုန်းတိုက်ခိုက်မှုများ မြင့်တက်လာနေသည့် ခြိမ်းခြောက်မှုအပေါ် တန်ပြန်ရန် အင်ဂျင်နီယာပညာရပ်ဖြင့် ခဲယမ်းများစံပြုပေါက်ကွဲအား အကောင်းဆုံးအနေအထားကိုတွက်ချက်၍ ပေါက်ကွဲမှုကြောင့် ဝေဟင်ပစ်မှတ်များအပေါ် တိုက်ရိုက်သက်ရောက်စေနိုင်မည့် တိမ်တိုက်သဖွယ်ပေါက်ကွဲစများထုတ်လုပ်ပေးနိုင်ကာ ဒရုန်းများကို ထိရောက်စွာ ခုခံကာကွယ်နိုင်စွမ်းရှိသည်။

၎င်းအဆင့်မြင့် ခဲယမ်းထိန်းချုပ်ရေးနည်းပညာသည် ထောက်လှမ်းခြင်း၊ စောင့်ကြည့်ထောက်လှမ်းခြင်းနှင့် တိုက်ရိုက်တိုက်ခိုက်မှုများအတွက် အသုံးပြုလေ့ရှိသည့် ဒရုန်းများသည် ၎င်းတို့၏ အရွယ်အစားနှင့်လျင်မြန်မှုတို့ကြောင့် ရှာဖွေပြီး တိုက်ခိုက်ရန် စိန်ခေါ်မှုဖြစ်လာခဲ့ကြကြောင်း သိရသည်။

ဒရုန်းများသည်လည်း ပုံဖျက်ဖုံးကွယ်ထားသောနေရာများမှ ထိန်းကျောင်းပျံသန်းလုပ်ဆောင်နေခြင်းဖြစ်သောကြောင့် ယခု Kizlyar ပစ်ခတ်မှုထိန်းချုပ်ရေးစနစ်သည် အတားအဆီးများနောက်ကွယ်ရှိ ပစ်မှတ်များကို တိုက်ခိုက်နိုင်စွမ်းရှိသည့်အတွက် ဒရုန်းများကိုတိုက်ခိုက်ရာတွင် များစွာအသုံးဝင်မည်ဖြစ်သည်။

လက်ရှိတွင် ပြန်လည်မွမ်းမံထားသော ဆိုဗီယက်ခေတ်ထုတ် ZU-23M2 လေယာဉ်ပစ်အမြောက်သည် ၎င်းစနစ်ကို စမ်းသပ်ရန်အတွက် ရှေ့ပြေးပုံစံအဖြစ် ဆောင်ရွက်လျက်ရှိသည်။ သို့သော်လည်း အဆိုပါနည်းပညာဖြင့် အမြောက်လက်နက်များကို ခေတ်မီအဆင့်မြှင့်တင်မှုများ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ပေးနိုင်မည်ဟု ကတိကဝတ်ပြုထားပြီး ၃၀ မီလီမီတာ၊ ၄၀ မီလီမီတာ နှင့် ၅၇ မီလီမီတာ အမြောက်များထိ ပါဝင်မည်ဖြစ်သည်။

ZU-23M2 လက်နက်စနစ်သည် ဆိုဗီယက်ထုတ် ၂၃ မီလီမီတာလေယာဉ်ပစ်၊ ပြောင်းနှစ်လုံးတပ် အလိုအလျောက် လေယာဉ်ပစ် အမြောက်စနစ်ဖြစ်သည်။ ၎င်းကို ၁၉၅၀ ပြည့်နှစ် နှောင်းပိုင်းတွင် တီထွင်ခဲ့ပြီး လေယာဉ်နှင့်ရဟတ်ယာဉ်များအပါအဝင် အနိမ့်ပျံသန်းသော ပစ်မှတ်များကို တိုက်ခိုက်ဖျက်ဆီးနိုင်ရန် အဓိက ရည်ရွယ်ထုတ်လုပ်ခဲ့ကြောင်း သိရသည်။



ဆိုဗီယက်ခေတ်ထုတ် ZU-23 လက်နက်စနစ်ကို အဆင့်မြှင့်တင်ထားသော ZU-23M2 လေယာဉ်ပစ်အမြောက်စနစ်သည် တိုက်ပွဲဝင်စွမ်းရည် ပိုမိုမြင့်မားလာခဲ့သည်။ ZU-23M2 လက်နက်စနစ်တွင် လေဆာအကွာအဝေးရှာကိရိယာ၊ ရုပ်မြင်သံကြားချန်နယ်နှင့် Optical-Mechanic ကိရိယာတို့ ပါဝင်ဖွဲ့စည်းထားသည့် ပစ်မှတ်ရှာဖွေခြေရာခံထိန်းကျောင်းရေးစနစ်ကိုတပ်ဆင်အသုံးပြုထားကြောင်း သိရသည်။

**Russia Develops Advanced Ammunition Control System to Counter Drone Threats in Ukraine ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# မော်လမြိုင်ကျွန်းမြို့နယ်တွင် ဖွဲနု ၂၄ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၂၉၅၀၀ ထိ ဈေးကောင်းရရှိနေ



**မော်လမြိုင်ကျွန်း အောက်တိုဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်တွင် ဖွဲနု ၂၄ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၂၉၅၀၀ ထိ ဈေးကောင်းရရှိနေကြောင်း လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးသူဇာက ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက ဖွဲနု ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၂၅၀၀၀ ထိသာ ဈေးရှိခဲ့ပြီး အောက်တိုဘာ ၁ ရက်မှ ယနေ့ထိ ဖွဲနု ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၂၉၅၀၀ ထိ ဈေးရရှိနေကြောင်း၊ အဆိုပါ ဖွဲနုများသည် ပြည်တွင်း၌ ငါးစာ၊ ကြက်စာ၊ ဝက်စာ၊ ဘဲစာ စသည့် မွေးမြူရေး လုပ်ငန်းသုံးအစာအဖြစ် အသုံးပြုနေခြင်းဖြစ်ကြောင်း သိရသည်။

"ဖွဲနုက စပါးကြိတ်ခွဲရင် ထွက်လာတဲ့ ကုန်ကြမ်းတစ်ခုပါ။ ပြည်တွင်းမှာ တိရစ္ဆာန်အစာအဖြစ် အသုံးပြုတာ များပါတယ်။ လက်ရှိ စပါးသစ်မပေါ်သေးတော့ ဖွဲနုလဲ အထွက်နည်းနေတယ်။ ဒါကြောင့် ဖွဲနုဈေးကောင်းရရှိလာတဲ့သဘောပါ။ ဈေးကောင်းလာလို့ အရောင်းအဝယ်ကလဲ ကောင်းနေပါတယ်" ဟု ပွဲရုံပိုင်ရှင် ဒေါ်မိုးသူဇာက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ထွက်ရှိသည့် ဖွဲနုများကို ဒေသမွေးမြူရေး လုပ်ငန်းရှင်များက အများဆုံးဝယ်ယူလျက်ရှိကြောင်း၊ တစ်ရက်လျှင် ဖွဲနု ၂၄ ပြည်ဝင်အိတ်ရေ ၆၀၀၀ မှ ၁၀၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း၊ အဆိုပါဖွဲနုများကို ရန်ကုန်မြို့က လည်း မှာယူလျက်ရှိနေကြောင်း သိရသည်။

"ဖွဲနုတွေကို ငါးမြစ်ချင်း ငါးစာအဖြစ် အသုံးပြုတာများတယ်။ ငါးအသားလဲ တိုးသလို ဒေသထွက် အစာဖြစ်လို့ကုန်ကျစရိတ်လဲနည်းပါတယ်။ ဒါကြောင့် မွေးမြူရေးလုပ်တာအဆင်ပြေနေတယ်။ တချို့က ဝက်စာနဲ့ ဘဲစာအဖြစ်သုံးတာလဲ တွေ့ရပါတယ်။ ဈေးကတော့ နည်းနည်းတက်လာတယ်။ လာမဲ့မိုးစပါးပေါ်ချိန်မှာ ဈေးပြန်ကျနိုင်ပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့မှ ငါးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးတင်ရွှေက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ဘားအံမြို့နယ် နောင်ပေါက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

**ဘားအံ အောက်တိုဘာ ၉**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် နောင်ပေါက်ကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာရွာလယ်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘားအံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသူရလွင်က ဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစု ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကို အသုံးပြု၍ မိမိတို့ဆောင်ရွက်သည့်



လုပ်ငန်းများကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ဘားအံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက နောင်ပေါက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၇ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၅ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၄၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၂၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုသက်**

# နမ့်ဆန်မြို့နယ် အာရမ်း(ပန်စုံ)ကျေးရွာ၌ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**နမ့်ဆန် အောက်တိုဘာ ၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ဆန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အာရမ်း(ပန်စုံ)ကျေးရွာတွင် စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နမ့်ဆန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းထွန်းနှင့် တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၇၃ ဒသမ ၄၄၂ သန်းဖြင့် ဆောင်ရွက်သည့် အာရမ်း(ပန်စုံ)ကျေးရွာ၌ စိမ့်စမ်းရေသွယ်ယူခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုကို သတ်မှတ်စံချိန်စံညွှန်းအတိုင်း ပြည့်မီခြင်း ရှိမရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက ဆောင်ရွက်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်အသုံးပြုနိုင်ရေးအတွက် စနစ်တကျထိန်းသိမ်းကြရန် ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီဝင်များကို မှာကြားခဲ့သည်။

နမ့်ဆန်မြို့နယ် အာရမ်း(ပန်စုံ)ကျေးရွာ၌ အရှည် သုံးမိုင်နှစ်ဖာလုံ စိမ့်စမ်းရေသွယ်ယူခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်းများကို နမ့်ဆန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၏အနီးကပ်ကြီးကြပ်မှုဖြင့် ယခုနှစ် ဩဂုတ်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ပြီးစီးပြီဖြစ်၍ ကျေးလက်နေပြည်သူများ ရာသီမရွေး သန့်ရှင်းသောသောက်သုံးရေကို ရရှိအသုံးပြုနိုင်ပြီဖြစ်ကြောင်း၊ ဒေသခံများအနေဖြင့် လူနေမှုအဆင့်အတန်း မြင့်မားလာစေသည့်အပြင် ကျန်းမာရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် အကျိုးပြုစေမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇောဦး(မော့ရှမ်းမြေ)**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၉-၁၀-၂၀၂၃**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်း (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ဧည့်ဝိယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၂၇၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၃၁၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၉၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၁၉၉၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၀၉၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)




**တိုင်းဒေသကြီးနှင့် ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ ဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်စဉ်။**

၂၀ **ရှေ့ဖုံးမှအဆက်**

ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းဥက္ကဋ္ဌများနှင့်တွေ့ဆုံရာတွင် **"တရားမဝင်ကုန်သွယ်မှုကို နိုင်ငံတော်က တိုက်ဖျက်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ နယ်စပ်ကုန်သွယ်မှုများတွင် တရားမဝင်ကုန်သွယ်မှုများကြောင့် နိုင်ငံ့ဝင်ငွေများကို ထိခိုက်နစ်နာစေလျက်ရှိကြောင်း၊ ပြည်ပသို့ကုန်သွယ်မှုများဆောင်ရွက်ရာတွင် တရားဥပဒေနှင့်အညီ မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ ဥပဒေကို ဖောက်ဖျက်ဆောင်ရွက်မှုများကို ဖော်ထုတ်အရေးယူသွားရန်လိုကြောင်း"**ဟု လမ်းညွှန်မှာကြားထားပါကြောင်း။

ထို့ပြင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေးတွင် နိုင်ငံတော်ဝန်ကြီးချုပ်က **"နိုင်ငံတစ်ခုတွင် စီးပွားရေးမောင်းနှင်အား၊ နိုင်ငံရေးမောင်းနှင်အားနှင့် ကာကွယ်ရေးမောင်းနှင်အား ကောင်းမွန်နေရန်လိုအပ်ကြောင်း၊ ယင်းအထဲတွင် စီးပွားရေးမောင်းနှင်အား ကောင်းမွန်လာသည်နှင့်အမျှ နိုင်ငံရေးနှင့် ကာကွယ်ရေးစွမ်းအားများ၊ တစ်နည်းအားဖြင့် နိုင်ငံရေးနှင့် ကာကွယ်ရေးမောင်းနှင်အားသည်လည်း ကောင်းမွန်လာမည်ဖြစ်ပြီး အင်အားကောင်းသည့် နိုင်ငံတစ်ခုဖြစ်လာမည်ဖြစ်ပါကြောင်း"**ဟု ပြောကြားခဲ့ကြောင်း၊ နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် ထုတ်လုပ်မှုနှင့် ကုန်သွယ်မှု အဓိကဖွံ့ဖြိုးတိုးတက်ရန်လိုကြောင်း၊ နိုင်ငံ၏ထုတ်လုပ်မှုနှင့်ကုန်သွယ်မှုများကို အဓိကထိုးနှက်နေသည့်အချက်သည် တရားမဝင်ကုန်သွယ်မှုများဖြစ်ကြောင်း၊ နိုင်ငံတိုင်းတွင် တရားမဝင်ကုန်သွယ်မှုများရှိသော်လည်း မိမိတို့နိုင်ငံတွင် တရားမဝင်ကုန်သွယ်မှုများသည် ခေတ်အဆက်ဆက်ကျယ်ပြန့်စွာ အမြစ်တွယ်ကြီးထွားနေသည့်အတွက် ယင်းကို ပြင်းပြင်းထန်ထန်အရေးယူဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဆက်လက်၍လည်း အရေးယူမှုများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မှန်မှန်ကန်ကန်နှင့်မဆောင်ရွက်နိုင်ပါက နိုင်ငံ၏စီးပွားရေးကိုထိခိုက်သည့်အပြင် မိမိတို့ဆောင်ရွက်နေသည့် ပြည်သူလူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း များစွာထိခိုက်စေပါကြောင်း၊ ထို့ကြောင့် နိုင်ငံ့စီးပွားရေးမောင်းနှင်အား ကောင်းမွန်စေရန်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိကအဟန့်အတားဖြစ်သည့် တရားမဝင်ကုန်သွယ်မှုကို ယခုထက်ပိုမိုထိရောက်စွာ တားဆီးစစ်ဆေးအရေးယူရန်လိုအပ်ကြောင်း။

ပြီးခဲ့သည့် ဇူလိုင်နှင့် ဩဂုတ်လအတွင်း ထူးခြားဖြစ်စဉ်အနေဖြင့် ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ရေယာဉ်၊ မီးရထား၊ မော်တော်ယာဉ်များဖြင့် တရားမဝင်ပြောင်းဆန်သယ်ယူမှုကို ဖော်ထုတ်အရေးယူနိုင်ခဲ့ပါကြောင်း၊ အလားတူ ရန်ကုန်တိုင်းဒေသကြီးကိုဖြတ်ကျော်၍ တရားမဝင်ပြောင်းဆန်များတင်ပို့ရန် ကြိုးပမ်းမှုကိုလည်းတားဆီးနိုင်ခဲ့ပါကြောင်း၊ ထို့ပြင် သီလဝါအထူးစီးပွားရေးဇုန်တွင် ကွန်တိန်နာ ၁၁ လုံး တရားမဝင်ထုတ်ယူမှုနှင့်ပတ်သက်၍ ဖော်ထုတ်နိုင်ခဲ့ပါကြောင်း။

ထူးခြားဖြစ်စဉ်များအနေဖြင့် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ဩဂုတ် ၂ ရက်တွင် မော်လမြိုင်ဘူတာသို့ဆိုက်ရောက်ကုန်တင်တွဲ ငါးတွဲ၌ သတင်းအရ မသင်္ကာဖွယ်တွေ့ရှိ၍စိစစ်ရာ တင်ပို့လိုင်စင်နှင့် QR Code မပါ အထောက်အထားမဲ့ ပြောင်းစေ့ ၁၆၅၉ အိတ် ဆက်စပ်အမှုအရ ပဲခူး၊ မော်လမြိုင် လမ်းကြောင်းတစ်လျှောက် ကုန်တွဲ ၅၁ တွဲ ပဲခူးဘူတာမှ မသင်္ကာဖွယ် ၃၇ တွဲကို ဖော်ထုတ်နိုင်ခဲ့ကြောင်း။

အလားတူ မရမ်းချောင်စစ်ဆေးရေးဂိတ်၌ အထောက်အထားမဲ့ မော်တော်ယာဉ်ရှစ်စီးကို တားဆီးနိုင်ခဲ့ကြောင်း၊ ထူးခြားမှုအနေဖြင့် ရေကြောင်းဖြင့် တရားမဝင်တင်ပို့မှုကိုတားဆီးနိုင်ခဲ့ပါကြောင်း၊ ရန်ကုန်မှ မော်လမြိုင်ဘက်သို့ ထွက်ခွာလာသည့်သင်္ဘောပေါ်တွင် အထောက်အထားမဲ့ ပြောင်းစေ့အိတ်များ တွေ့ရှိရသည့်အတွက် ရေယာဉ်မှူးနှင့် ကုမ္ပဏီပိုင်ရှင်တို့၏ ကနဦးထွက်ဆိုချက်များ ကွဲလွဲနေသည့်အတွက် ဆက်လက်ဖော်ထုတ်ခဲ့ပါကြောင်း၊ ရထားတွဲ ၈၈ တွဲ၊ ရေယာဉ် တစ်စီး၊ မော်တော်ယာဉ်ရှစ်စီးပေါ်တွင် တရားမဝင်အထောက်အထားမဲ့ ပြောင်းစေ့ ၉၁၃၅၉ အိတ် တန်ချိန် ၄၅၆၇ ဒသမ ၉၅ တန်နှင့် ကာလတန်ဖိုးငွေကျပ် ၂ ဒသမ ၉ ဘီလီယံကျော် တရားမဝင်ပို့ကုန်အဖြစ် ဆောင်ရွက်ရန် ကြိုးပမ်းစဉ် သက်ဆိုင်ရာပြည်သူ့ဝန်ထမ်းကောင်းများ၏ ကြိုးပမ်းမှုအရ တားဆီးဖော်ထုတ်နိုင်ခဲ့ပါကြောင်း၊ ထို့အတွက် စီမံကြီးကြပ်သူများနှင့်စေ့စပ်စွာဆောင်ရွက်ခဲ့ကြသည့် ပြည်သူ့ဝန်ထမ်းကောင်းများကိုလည်း ဂုဏ်ပြုဝမ်းမြောက်ပါကြောင်းနှင့် မှတ်တမ်းတင်ပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများက ဆုပေးဒဏ်ပေးစနစ်ကျင့်သုံး၍ ဝန်ထမ်းကောင်းများကို ထိုက်သင့်သည်များ ဂုဏ်ပြုချီးမြှင့်သွားရမည်ဖြစ်ပြီး တားမြစ်ထားသည့် စည်းမျဉ်းစည်းကမ်း ဥပဒေများနှင့် တားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်ပါကလည်း ပြင်းပြင်းထန်ထန်အရေးယူဆောင်ရွက်သွားရန်လည်း လိုအပ်ပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် ဖမ်းဆီးရရှိမှုများနှင့်စပ်လျဉ်း၍ ဆောင်ရွက်နိုင်ခဲ့သည့် နိုင်ငံ့ဝန်ထမ်းကောင်းများကို ထိုက်သင့်သည်များကိုဂုဏ်ပြုချီးမြှင့်ရန်လိုကြောင်း။

ဖမ်းဆီးရရှိသည့် အထောက်အထားမဲ့ ပစ္စည်းများနှင့်စပ်လျဉ်း၍ အလဟဿဆောင်ရွက်လျက်ရှိပြီး G to G လည်း ဆောင်ရွက်နေပါကြောင်း၊ ထိုသို့ဆောင်ရွက်မှုအပေါ်တွင် အချို့ကုမ္ပဏီများအနေဖြင့် တင်သွင်းလာသည့် ကုန်ပစ္စည်းများမှာ သွင်းကုန်လိုင်စင်မရှိဘဲ အခြားကုမ္ပဏီများ၏ သွင်းကုန်လိုင်စင်များကို အလွဲသုံးစားလုပ်ပြီး ၎င်းတို့၏ သွင်းကုန်ပစ္စည်းများကို တင်သွင်းရန် ကြိုးစားဆောင်ရွက်မှုများကို ပြည်သူ့ဝန်ထမ်းကောင်းများက ဖော်ထုတ်တားဆီးပေးနိုင်ခဲ့သည့်အတွက် သွင်းကုန်ပစ္စည်းကီလို သုံးသိန်းကျော် ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၉ သန်းကျော်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ခဲ့ကြောင်း၊ ယင်းသို့ ဥပဒေမဲ့ဆောင်ရွက်ခဲ့သည့် သက်ဆိုင်ရာကုမ္ပဏီများကိုလည်း အရေးယူဆောင်ရွက်မှုများမရှိစေရေးကို သွင်းကုန်ပိုင်းနှင့်ပို့ကုန်ပိုင်းများကိုပါ ယခင်ကထက် အထူးအဖွဲ့များက စေ့စေ့စပ်စပ်ဖော်ထုတ်ဖမ်းဆီးသွားရန်လိုကြောင်း။

ထို့ပြင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးနှင့်ပတ်သက်၍ သွင်းကုန်အပြင် ပို့ကုန်များအတွက်ပါ မော်တော်ယာဉ်၊ ရေယာဉ်၊ မီးရထားအပါအဝင် ယခုအခါ ကုန်တင်ယာဉ်များဖြင့် ကုန်ပစ္စည်းတင်ပို့နေပြီဖြစ်သည့်အတွက် လေကြောင်းအတွက်ပါ SOP များကို စနစ်တကျ နောက်ဆုံးအခြေအနေနှင့်အညီ ရေးဆွဲဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးတွင် အဓိကအထောက်ကူပြုမည့် E-lock စနစ်ဖြင့် ကုန်ပစ္စည်းစစ်ဆေးရေး ပို့ဆောင်ရန်အတွက် Pilot Project ခြောက်လ ဆောင်ရွက်လျက်ရှိကြောင်း၊ Pilot Project ဖြင့် ဆောင်ရွက်ရာတွင် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးကို မိမိတို့ဆောင်ရွက်လိုသည့် E-Lock စနစ်ဖြင့် ကုန်သေတ္တာနှင့် အလုံပိတ်ယာဉ်များ အသုံးပြုသည့်ကုန်ပစ္စည်းများ ပို့ဆောင်မှုကို Phase အလိုက် အားသာချက်၊ အားနည်းချက်ဖော်ထုတ်၍ နိုင်ငံတစ်ဝန်းလုံးပို့ဆောင်နိုင်ရေး အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရန် မိမိတို့အားလုံးက အားတက်သရောဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ဖမ်းဆီးရမိသည့် ပြောင်းစေ့များသည် ပျက်စီးလွယ်သည့် ပစ္စည်းများဖြစ်သည့်အတွက် ဥပဒေအရ အမြန်ဆုံးအရေးယူဆောင်ရွက်နိုင်ရေး အကောက်ခွန်ဥပဒေနှင့် ပို့ကုန်သွင်းကုန်ဥပဒေတွင် ပို့ကုန်၊ သွင်းကုန်ဥပဒေဖြင့် အရေးယူဆောင်ရွက်နိုင်ခဲ့၍ ပစ္စည်းများကို မပျက်မစီးဘဲ ထုခွဲရောင်းချနိုင်ခဲ့သည့်အပြင် စနစ်တကျဆောင်ရွက်နိုင်ခဲ့သည့်အတွက် မူလခန့်မှန်းထားသည့်

**တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးသည် နိုင်ငံ့စီးပွားရေးကို အထောက်အကူပြုသကဲ့သို့ တစ်ဖက်ကလည်း ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ၏ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းကို တားဆီးပေးနေသည့်လုပ်ငန်းဖြစ်သောကြောင့် တာဝန်ရှိသူများက ယခင်ကထက် ပိုမို၍ဆောင်ရွက်သွားကြရန်လို . . .**

လေလွင့်ပျက်စီးဆုံးရှုံးမှုမရှိစေရေး၊ နိုင်ငံ့ဘဏ္ဍာအဖြစ် အမြန်ဆုံးသိမ်းယူနိုင်ရေး၊ တရားမဝင်ကိုယ်ကျိုးစီးပွားအတွက် သတ်မှတ်တရားဝင်ဆောင်ရွက်ရသည့် လုပ်ငန်းများကို မဆောင်ရွက်နိုင်ခဲ့ကြသည့်ကုမ္ပဏီများကို နိုင်ငံတော်၏အကျိုးစီးပွားထိခိုက်စေရန် ရည်ရွယ်ဆောင်ရွက်ခဲ့သည့်အတွက် အမြန်ဆုံး ထိရောက်စွာအရေးယူနိုင်ရေး အရေးပေါ်အထူးအစည်းအဝေးကျင်းပပြီး ဥပဒေအကြောင်းအရ အရေးယူနိုင်ရေးနှင့် သိမ်းဆည်းပစ္စည်းများ အမြန်ဆုံးလေလံတင်ရောင်းချနိုင်ရေးအပါအဝင် လုပ်သင့်သည်များလုပ်ဆောင်နိုင်ရန် စီမံဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ယင်းသို့ဆောင်ရွက်နိုင်ခဲ့မှုကြောင့် ပြောင်းစေ့များ မပျက်စီးမဆုံးရှုံးဘဲ ပြန်လည်ထုခွဲရောင်းချနိုင်ခဲ့သည့်အတွက် မူလခန့်မှန်းခဲ့သည့် ငွေကျပ် ၂ ဒသမ ၉ ဘီလီယံထက်ကျော်လွန်ပြီး ငွေကျပ် ၃ ဒသမ ၀၅၇ ဘီလီယံရရှိခဲ့သည့်အတွက် မူလထက် သိန်းပေါင်း ၈၀၀ ကျော် ပိုမို၍ ပြည်သူ့ဘဏ္ဍာအဖြစ်ရရှိခဲ့ပါကြောင်း။

သီလဝါအထူးစီးပွားရေးဇုန်တွင် နိုင်ငံတော်၏ ပို့ကုန်၊ သွင်းကုန်များ စနစ်တကျသွားမည်ဖြစ်ကြောင်း၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း ဖမ်းဆီးရရှိမှုများမှာ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီနှင့် တိုင်းဒေသကြီး၊ ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့များ၏ ဆောင်ရွက်ချက်များဖြစ်ပါကြောင်း။

မိမိတို့တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့များ၏ ဆောင်ရွက်မှုကြောင့် ၂၀၂၃ ခုနှစ် ဇူလိုင်လတွင် အမှုတွဲ ၆၁၁ မှု၊ တန်ဖိုးငွေကျပ် ၁၀၄၄၅ ဒသမ ၇၄၂ သန်းဖြစ်ပြီး ဩဂုတ်လတွင် အမှုတွဲ ၅၄၀၊ တန်ဖိုးငွေကျပ် ၁၂၄၃၄ ဒသမ ၂၄၄ သန်း ဖမ်းဆီးရရှိခဲ့ကြောင်း၊ ကာလတူ ၂၀၂၂ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လ နှိုင်းယှဉ်ရာ ယခင်ဇူလိုင်လတွင် အမှုတွဲ ၃၆၉ မှု၊ တန်ဖိုးငွေကျပ် ၆၁၀ ဒသမ ၃၈၈ သန်းနှင့် ဩဂုတ်လတွင် အမှုတွဲ ၄၈၀၊ ခန့်မှန်းငွေကျပ် ၇၀၀၂ ဒသမ ၆၁၃ သန်းဖြစ်ကြောင်း၊ ယခင်နှစ်ထက် ဖမ်းဆီးအမှုတွဲနှင့် ဖမ်းဆီးရမိတန်ဖိုး ပိုမိုဆောင်ရွက်နိုင်ခဲ့သော်လည်း သွင်းကုန်အပြင် ပို့ကုန်အပိုင်းများပါ တရားမဝင် ကုန်သွယ်မှုများရှိနေဆဲဖြစ်သည်ဟု ဖော်ပြနေသည့်အတွက် တရားမဝင်ကုန်သွယ်ငွေပမာဏများထက် ပိုမိုရရှိခဲ့ပါကြောင်း၊ ယင်းမှာ လုပ်ငန်းဆောင်ရွက်မှုအပိုင်းတွင် ရှိပြီး ဥပဒေအပေါ် ဝိုင်းဝန်းစဉ်းစားခဲ့ပြီး လျင်လျင်မြန်မြန် ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း၊ အကောက်အခွန်ဥပဒေအပိုင်းတွင် မူလထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေရှိပါကြောင်း၊ အဆိုပါဥပဒေပိုင်းတွင်လည်း ပိုင်ရှင်ဘက်မှ ထိခိုက်နစ်နာမှုမရှိစေရေး လုပ်ထုံးလုပ်နည်းများကြောင့် ပို့ကုန်၊ သွင်းကုန်ဥပဒေကဲ့သို့ အရေးယူခြင်း၊ ပြည်သူ့ဘဏ္ဍာသိမ်းဆည်းခြင်းအပိုင်းတို့တွင် ကြန့်ကြာမှုရှိသင့်သလောက်ရှိပါကြောင်း၊ သို့ဖြစ်၍ အခြေအနေ အချိန်အခါနှင့်လိုက်လျောညီထွေမှုရှိစေရန်နှင့် ဖမ်းဆီးရရှိသည့် ပစ္စည်းများဆုံးရှုံးမှုမဖြစ်စေရေးအတွက် ဥပဒေ၊ နည်းဥပဒေများကို ပြင်ဆင်ရန်လိုအပ်ပါလည်း ပြင်ဆင်ရန်စဉ်းစားသင့်ပါကြောင်း၊ ဥပဒေကို လူကပြုစုခြင်းဖြစ်၍ လူကပင် ပြင်ဆင်၍ရပါကြောင်း၊ အကျိုးအကြောင်းခိုင်လုံရန်လိုအပ်ပါကြောင်း၊ တရားမဝင်ကုန်သွယ်မှုနှင့်စပ်လျဉ်း၍ ခေတ်အဆက်ဆက်

**စာမျက်နှာ ၁၉ သို့**



# ပြင်ဦးလွင်မြို့ ကော်ဖီစိုက်ပျိုးလုပ်ကိုင်ခွင့်ပြုထားသော လုပ်ငန်းများနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**မန္တလေး အောက်တိုဘာ ၉**

ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ်အတွင်း ကော်ဖီစိုက်ပျိုးလုပ်ကိုင်ခွင့်ပြုထားသောလုပ်ငန်းများနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး နှစ်ထပ်ဆောင် အစည်းအဝေးခန်းမတွင် ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး ကော်ဖီတိုးချဲ့စိုက်ပျိုးရေးနှင့် အထွက်နှုန်းတိုးတက်ရေးကော်မတီအဖွဲ့ဝင် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ကွင်းဆင်းစိစစ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်က မြန်မာ့ကော်ဖီကို ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်နိုင်ရေးနှင့် ကော်ဖီအဓိကတင်ပို့ရောင်းချသော နိုင်ငံဖြစ်လာစေရန်ရည်ရွယ်၍ ကော်ဖီတန်ဖိုးကွင်းဆက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ပြည်ပသို့ တင်ပို့ရောင်းချခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နေပါကြောင်း၊ မန္တလေးတိုင်းဒေသကြီး ကော်ဖီတိုးချဲ့စိုက်ပျိုးရေးနှင့်အထွက်နှုန်းတိုးတက်ရေးအတွက် ကော်မတီဖွဲ့စည်း၍ တာဝန်ပေးအပ်ထားပြီးဖြစ်ရာ နိုင်ငံတော်၏မူဝါဒများ၊ ရည်မှန်းချက်များကိုအောင်မြင်အောင် အကောင်အထည်ဖော်အလေးထားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ပြည်တွင်း၌ စားသုံးမှုဖူလုံရေး၊ ပြည်ပသွင်းကုန်လျှော့ချရေးနှင့် ထုတ်ကုန်များ ပိုမိုထုတ်လုပ်ကာ ပြည်ပသို့တင်ပို့နိုင်ရေးအတွက် အုပ်ချုပ်ရေးအဖွဲ့၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ကော်ဖီစိုက်ပျိုးသူများ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ပြင်ဦးလွင်မြို့နယ်အတွင်းရှိ စိုက်ပျိုးလုပ်ကိုင်လျက်ရှိသော ကော်ဖီခြံများနှင့်ပတ်သက်၍ စာချုပ်စည်းကမ်းပါအတိုင်း ဆောင်ရွက်ထားမှုမရှိပါက အမိန့်ညွှန်ကြားချက်များနှင့်အညီ တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် တိကျစွာ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ကော်ဖီတိုးချဲ့စိုက်ပျိုးရေးနှင့် အထွက်နှုန်းတိုးတက်ရေးကော်မတီအဖွဲ့ဝင် တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ ကွင်းဆင်းစိစစ်ရေးကော်မတီမှ တာဝန်ရှိသူများက မြေပြင်ကွင်းဆင်းဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ပြီးစီးမှု၊ ကြုံတွေ့နေရသည့် အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့်ပတ်သက်၍ရှင်းလင်းတင်ပြပြီး ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးပြောကြားရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

**စာမျက်နှာ ၁၈ မှအဆက်**

မိမိတို့နိုင်ငံတွင် အမြစ်တွယ်ခဲ့သည့်အတွက် ပို့ကုန်၊သွင်းကုန်များအပါအဝင် စက်သုံးဆီ၊ စားသုံးဆီများနှင့်စပ်လျဉ်း၍ ဖော်ထုတ်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံစီးပွားရေးနှင့် စီးပွားရေးမောင်းနှင်အားကို ထိခိုက်စေမှုမရှိစေရေးအတွက် သက်ဆိုင်ရာဌာနများက ဝိုင်းဝန်းကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ **တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးသည် နိုင်ငံ့စီးပွားရေးကို အထောက်အကူပြုသကဲ့သို့ တစ်ဖက်ကလည်း ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ၏ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းကို တားဆီးပေးနေသည့် လုပ်ငန်းဖြစ်သောကြောင့် တာဝန်ရှိသူများက ယခင်ကထက် ပိုမို၍ဆောင်ရွက်သွားကြရန်လို**ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ အတွင်းရေးမှူး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းက ဦးဆောင်ကော်မတီအစည်းအဝေး (၄/၂၀၂၃) အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများနှင့် ဦးဆောင်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဦးဆောင်ကော်မတီရုံးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်သွင်ဦး၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသင့်မြတ်သူ၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဟန်ဝင်းအောင်၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရနှင့်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာခင်ဇော်တို့က တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၅/၂၀၂၃)သို့ တင်ပြလာသည့်အမှာစာများကို ဖတ်ကြားတင်ပြကြသည်။

ထို့နောက် ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ဦးဆောင်ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံတို့က တရားမဝင်ကုန်သွယ်မှုဆိုင်ရာ သုံးသပ်တွေ့ရှိချက်များ၊ E-Lock စနစ်ဆိုင်ရာကိစ္စရပ်များ၊ ဥပဒေများ၊ နည်းဥပဒေများကို ပြန်လည်သုံးသပ် ပြင်ဆင်ရန်ကိစ္စရပ်များ၊ မူးယစ်ဆေးဝါး၊ ထိန်းချုပ်ဓာတုပစ္စည်းများ၊ တရားမဝင် ယာဉ်များ၊ စားသောက်ကုန်၊ ဆေးဝါးနှင့် အလှကုန်ပစ္စည်း ဖမ်းဆီးရမိမှုများနှင့် ကာကွယ်တားဆီးရေးဆိုင်ရာကိစ္စရပ်များ၊ တရားမဝင် Online မှ ကုန်ပစ္စည်းများရောင်းချနေမှု၊ QR Code အသုံးပြုဆောင်ရွက်နေမှုကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဦးဆောင်ကော်မတီရုံးလုပ်ငန်းအဖွဲ့ခေါင်းဆောင်က တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ အစည်းအဝေး(၅/၂၀၂၃) ဆုံးဖြတ်ချက်(မူကြမ်း)များကို ဖတ်ကြားတင်ပြသည်။

ယင်းနောက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

## သံအမတ်ကြီး ဦးတင်မောင်ဆွေကို မွန်ဂိုလီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် အောက်တိုဘာ ၁၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်မောင်ဆွေကို ၎င်း၏လက်ရှိ တာဝန်ဝတ္တရားများအပြင် မွန်ဂိုလီးယားနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

## SIM Card များ စနစ်တကျမှန်ကန်စွာ မှတ်ပုံတင်သုံးစွဲနိုင်ရေး အသိပေးကြေညာချက်

၁။ ဆင်းကတ်များမှတ်ပုံတင်ရာတွင် ဖြည့်စွက်ရသည့် အမည်၊နိုင်ငံသားစိစစ်ရေးကတ်အမှတ်စသည့်အချက်အလက်များကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းစဉ်ကို ဆောင်ရွက်လျက်ရှိပါသည်။

၂။ တိုက်ဆိုင်စစ်ဆေးပြီး အချက်အလက်မမှန်သော နိုင်ငံသားစိစစ်ရေးကတ်များဖြင့် မှတ်ပုံတင်ထားသော ဆင်းကတ်သုံးစွဲသူများထံ မှန်ကန်စွာပြန်လည်မှတ်ပုံတင်ရန် အသိပေးစာတို(SMS)များပေးပို့ခဲ့ပြီးဖြစ်ပါသည်။ အသိပေးစာတို(SMS)များရရှိသည့် သုံးစွဲသူများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်အချက်အလက်အမှန်ဖြင့် အမြန်လာရောက်မှတ်ပုံတင်ကြရန်နှင့် **၂၀၂၃ ခုနှစ် အောက်တိုဘာလမကုန်မီ ပြန်လည်ပြင်ဆင်မှတ်ပုံတင်ခြင်းမရှိသော ဆင်းကတ်များကို အပြီးပိတ်သိမ်းသွားမည်**ဖြစ်ပါသည်။

၃။ ထို့ကြောင့် ဆင်းကတ်သုံးစွဲသူ ပြည်သူများအနေဖြင့် မိမိတို့အသုံးပြုနေသော ဆင်းကတ်ပိတ်သိမ်းခံရမှုမရှိစေရေးအတွက် ပြန်လည်မှတ်ပုံတင်နိုင်ရန် အသိပေးစာတို (SMS)ရရှိပါက သက်ဆိုင်ရာမိုဘိုင်းအော်ပရေတာများ၏ အရောင်းဆိုင်များ၊ Application များ၊ Website တို့တွင် နိုင်ငံသားစိစစ်ရေးကတ်အချက်အလက်အမှန်ဖြင့် အမြန်ပြန်လည်မှတ်ပုံတင်ကြရန် ထပ်မံအသိပေးနှိုးဆော်အပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်မှ **"အမှားကိုအမှန်လုပ် အကျိုးယုတ် မျိုးပြုတ်သင့်သည့်မီဒီယာ"**ခေါင်းစဉ်ဖြင့် ၁၁-၁၀-၂၀၂၃ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင်**"PDF အကြမ်းဖက်သမားတွေရဲ့ အကွဲအပြဲဓာတ်လမ်းများ"**ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ပဲခူးမြို့ရှိ ရေဘေးသင့်ပြည်သူများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း သွားရောက်ထောက်ပံ့



ပြည်ထောင်စု ဝန်ကြီး ဒေါက်တာ စိုးဝင်း ရေဘေးသင့် ပြည်သူများကို ထောက်ပံ့ ပစ္စည်းများ ပေးအပ်စဉ်။

**နေပြည်တော် အောက်တိုဘာ ၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ယနေ့တွင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တာဝန်ရှိသူများနှင့်အတူ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပေါ်လျက်ရှိသည့် ပဲခူးမြို့ ကျောက်ကြီးစုရပ်ကွက်၌ တာပေါ်င်ရေ ကျော်နေမှု၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များက ရေဘေးသင့်ပြည်သူများကို ရွှေ့ပြောင်းပေးနေမှု၊ ကူညီကယ်ဆယ်ရေး ဆောင်ရွက်နေမှုများကို ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဓမ္မလင်္ကာရကျောင်းတိုက်ရေဘေးရှောင်ကယ်ဆယ်ရေးစခန်းနှင့် မွန်ဓမ္မာရုံ ကယ်ဆယ်ရေးစခန်းတို့ရှိ ရေဘေးရှောင်ပြည်သူများနှင့် တွေ့ဆုံပြီး သဘာဝဘေးသင့်ပြည်သူများကို အချိန်နှင့်တစ်ပြေးညီ ကူညီထောက်ပံ့ပေးရန် လာရောက်ခြင်းဖြစ်ကြောင်း၊ အရေးပေါ်လိုအပ်လာနိုင်မည့် ကျန်းမာရေးကိစ္စရပ်များ၊ နောက်ဆက်တွဲ ကူးစက်ရောဂါများမဖြစ်ပွားစေရေး၊ မြွေနှင့် ကင်းကဲ့သို့သော အဆိပ်ရှိသတ္တဝါများ အန္တရာယ်မှ သတိပြုနေထိုင်ရေးနှင့်ရေဘေးရှောင်စခန်းများ၌ ခေတ္တလာရောက်သည့် ပြည်သူများအနေဖြင့် စည်းလုံးညီညွတ်စွာ နေထိုင်ကြရန် လိုအပ်ကြောင်းပြောကြားကာ ရေဘေးရှောင်ကယ်ဆယ်ရေးစခန်း ၃၆ ခုမှ အိမ်ထောင်စု ၃၄၆၅စု၊ ဘေးသင့်ပြည်သူ ၁၄၃၀၄ ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၃၀၀၃၈၄၀၀နှင့် ခေါက်ဆွဲခြောက်၊ ကြက်ဥ၊ ရေသန့်များ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ ရေဘေးကွပ်ကဲရေးစခန်း ဖွင့်လှစ်ထားရှိသည့် သာသနာ့ဗိမာန်သို့ရောက်ရှိရာ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီးက ပဲခူးမြို့အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံဖြစ်ပေါ်နေမှု၊ တိုင်းဒေသကြီး သဘာဝဘေးစီမံခန့်ခွဲမှု အဖွဲ့က စီမံဆောင်ရွက်ပေးနေမှု၊ ရေဘေးသင့်ပြည်သူများကို ကယ်ဆယ်ရေးစခန်းများသို့ ရွှေ့ပြောင်းပေးနေမှု၊ စခန်းများတွင် စားရေရိက္ခာ စီမံထားရှိမှု၊ ကျန်းမာရေးဆိုင်ရာ စီမံဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် ဖိုက်ဘာစက်လှေများနှင့် အရေးပေါ်အသုံးပြုရန် ရေသန့်စင်ဆေးပြားများထောက်ပံ့ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးမြို့ ရှင်စောပုရပ်ကွက် အုန်းပင်လမ်း လမ်းမကြီးနှင့် မဂ္ဂတစ်လမ်းဆုံ ရေဝင်ရောက်မှုအခြေအနေနှင့် ပဲခူးမြို့ မြို့ရှောင်လမ်းနှင့် ကတွင်းချန်ရွာရေထွက်ပေါက်မှ ရေလွှဲထုတ်နိုင်မည့် အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တရားမအထူးအယူခံမှု ၁၁မှုကို စီရင်ချက်ချမှတ် တရားမအထူးအယူခံမှု ငါးမှု ရုံးထိုင်ကြားနာ

**နေပြည်တော် အောက်တိုဘာ ၉**

ပြည်ထောင်စု တရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးကြည်သိန်း၊ ဦးတင်ဟုန်၊ ဒေါ်ခင်မေရီ၊ ဒေါ်ပြုံးပြုံးအေး တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့ နံနက် ၉နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၃၂/၂၀၂၂(ရခိုင်)၊ ၄၅/၂၀၂၂ (ရခိုင်)၊ ၆/၂၀၂၃ (ပဲခူး)၊ ၁၂/၂၀၂၃ (မန္တလေး)၊ ၁၄/၂၀၂၃ (မကွေး)၊ ၄၃/၂၀၂၂ (ဧရာဝတီ)၊ ၄၈/၂၀၂၂ (ရန်ကုန်)၊ ၅၂/၂၀၂၂ (ကရင်)၊ ၉/၂၀၂၃ (ရှမ်း)၊ ၁၀/၂၀၂၃ (ရှမ်း) နှင့် ၂၈/၂၀၂၃ (ရှမ်း) စုစုပေါင်း တရားမအထူးအယူခံမှု ၁၁ မှုကို စီရင်ချက်ချမှတ်ခဲ့သည်။

ထို့ပြင် တရားမအထူးအယူခံမှုအမှတ် ၁၈/၂၀၂၃ (ရန်ကုန်)၊၅၈/၂၀၂၂ (ကရင်)၊ ၅/၂၀၂၃(ရန်ကုန်)၊ ၁၆/၂၀၂၃(ရန်ကုန်) နှင့် ၂၇/၂၀၂၃(မကွေး) စုစုပေါင်းတရားမအထူးအယူခံမှု ငါးမှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# လားရှိုးမြို့ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၂-၂၀၂၃ ခုနှစ် ပညာရည်ချွန်ဆုပေးပွဲပြုလုပ်



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦး ထူးချွန်ဆုရကျောင်းသားတစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် အောက်တိုဘာ ၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၂၂-၂၀၂၃ ခုနှစ် ပညာရည်ချွန်ဆုပေးပွဲကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါကျောင်းရှိ ပညာပါရမီခန်းမ၌ပြုလုပ်ရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးနှင့်အဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများက မြန်မာ့ကျောင်းတေးသီချင်းဖြင့် သီဆိုဖျော်ဖြေပြီး အခမ်းအနားကို ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းမှူးက ဂုဏ်ပြုအမှာစကားပြောကြားသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် ဂုဏ်ထူးရရှိကြသူများ၊ ပညာရည်ချွန်ဆုရရှိကြသူများနှင့် မြို့နယ်အဆင့် အားကစားပြိုင်ပွဲများနှင့် ကာယ၊ ဉာဏပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။ ၎င်းနောက် ထူးချွန်သော ပညာရည်ချွန်ကျောင်းသား၊ ကျောင်းသူများ ပေါ်ထွက်လာအောင် သင်ကြားပေးခဲ့သည့် ဆရာ၊ ဆရာမများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက စားသောက်ဖွယ်ရာများ ပေးအပ်ပြီး တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

# ၂၀၂၂-၂၀၂၃ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်



၂၀၂၂- ၂၀၂၃ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ပိုက်ကျော်ခြင်းပြိုင်ပွဲ အဖွင့်ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

**နေပြည်တော် အောက်တိုဘာ ၉**

၂၀၂၂- ၂၀၂၃ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်ပွဲကို ယနေ့ ညနေပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် ပုသိမ်တပ်နယ် အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပိုက်ကျော်ခြင်း ပြိုင်ပွဲအဖွင့်ပွဲစဉ်ဖြစ်သည့် နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့၏ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ပိုက်ကျော်ခြင်းပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၂၄ သင်းဖြင့် အောက်တိုဘာ ၂၀ ရက်ထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

## အောက်တိုဘာ ၉ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦးတွေ့ရှိ

**နေပြည်တော် အောက်တိုဘာ ၉**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၈ ရက် ည ၈ နာရီမှ ယနေ့ ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၂၆၇၁ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦးတွေ့ရှိရသည်။

ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၀၇ ရာခိုင်နှုန်းဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့်သေဆုံးသူမရှိပါ။ ကိုဗစ်-၁၉ ရောဂါဆိုင်ရာသတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များကို ဆုကြေးငွေ၊ ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်

**နေပြည်တော် အောက်တိုဘာ ၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများကို ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန်ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများကို လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများပါရှိမှုအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ထားရှိပြီးဖြစ်ရာ ယနေ့တွင် ပြစ်မှုကျူးလွန်ခြင်းမရှိသော PDF အဖွဲ့မှ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာသူများကို မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းကို အနောက်မြောက်တိုင်း စစ်ဌာနချုပ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ်၊ ကလေးမြို့နယ်နှင့် မုံရွာမြို့နယ်တို့ရှိ တပ်နယ်ခန်းမများ၌ အသီးသီးပြုလုပ်ကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူတို့က နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိသော စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ်၊ ကလေးမြို့နယ်နှင့် မုံရွာမြို့နယ်တို့မှ PDF အဖွဲ့ဝင် အမျိုးသား ကိုးဦးနှင့် အမျိုးသမီး သုံးဦးတို့သည် ၎င်းတို့နှင့်အတူပါလာသည့် AK-47 မောင်းပြန်သေနတ် နှစ်လက်ကို အပ်နှံကြရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး AK-47 မောင်းပြန်သေနတ် နှစ်လက်အတွက် ဆုကြေးငွေကျပ်သိန်း ၁၀၀၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူ တစ်ဦးလျှင် ထောက်ပံ့ငွေကျပ်သိန်း ၂၀ စုစုပေါင်းငွေကျပ်သိန်း ၃၄၀နှင့် ထောက်ပံ့ပစ္စည်းများ၊ စားသောက်ဖွယ်ရာများပေးအပ်ရာ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများက လက်ခံရယူကြသည်။ ယင်းနောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူ တစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။ ၎င်းနောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများကို ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ အသီးသီး လွှဲပြောင်းပေးအပ်ကြသည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဥပဒေဘောင်အတွင်းဝင်ရောက်လာသူများကို ပြန်လည်ကြိုဆိုလက်ခံ၍ လက်နက်၊ ခဲယမ်းများ ပါရှိမှုအတွက် ဆုကြေးငွေများ ပေးအပ်လျက်ရှိခြင်းနှင့် လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက်ထံ PDF အဖွဲ့ဝင်တစ်ဦးက လက်နက်အပ်နှံစဉ်။

# ကျိုက်ထိုမြို့နယ်နှင့် တိုက်ကြီးမြို့နယ်တို့ရှိ ရေဘေးသင့်ပြည်သူများကို လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ရေဘေးသင့်ပြည်သူတစ်ဦးကို စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများက ရေဘေးသင့်ပြည်သူများကို ကူညီရွှေ့ပြောင်းပေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၉**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ အောက်တိုဘာ ၇ ရက်နှင့် ၈ ရက်တို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေနိမ့်ပိုင်းရပ်ကွက်များရှိ နေအိမ်များအတွင်း ရေဝင်ရောက်မှုများဖြစ်ပေါ်ခဲ့သဖြင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက ရေဘေးသင့်ပြည်သူ ၉၄၁ ဦးကို ယာယီကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိသည့် ဇေယျာမွန်ရပ်ကွက်ရှိ တောရရွှေဂူကျောက်တွင်းဘုန်းတော်ကြီးကျောင်း၊ ကော့စ်နိုင်ရပ်ကွက်ရှိ တောရဘုန်းတော်ကြီးကျောင်း ဓမ္မာရုံနှင့် မြောက်ပိုင်းရပ်ကွက်ရှိ သာသနာ့ပါလဘုန်းတော်ကြီးကျောင်းသို့ ရွှေ့ပြောင်းပေးပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်နေမှုများကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် ကျိုက်ထိုတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဆန်နှင့်စားသောက်ဖွယ်ရာများပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံမြို့၌ အောက်တိုဘာ ၈ ရက်တွင် မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် ဥက္ကံချောင်းရေများ မြင့်တက်လာမှုကြောင့် အဆိုပါမြို့ရှိ ဥက္ကံရွာမကျေးရွာအုပ်စု၊ ရင်းတိုက်လေးပင်ကျေးရွာအုပ်စုနှင့် မင်းရဲကျော်စွာရပ်ကွက်တို့မှ ရေဘေးသင့်ပြည်သူများကို ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုက်ကြီးတပ်နယ်မှ နယ်မြေခံတပ်မတော်သားများက ရေဘေးကင်းလွတ်သည့်နေရာများသို့ ကူညီကယ်ဆယ်ရွှေ့ပြောင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ယနေ့တွင် တိုက်ကြီးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများ ပေးအပ်ကာ လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Maythu Mtkz" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၃)ရပ်ကွက်နေ မေသူကျော်ဇောကို ည ၁၀ နာရီ မိနစ် ၅၀ တွင် တောင်ဥက္ကလာပမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# အာဖဂန်နစ္စတန်ရှိ မြေငလျင်ဒဏ်သင့်ပြည်သူများကိုကူညီရန် တရုတ်နိုင်ငံ ကမ်းလှမ်းမှုပြုလုပ်



**ကဘူးလ် အောက်တိုဘာ ၉**

အာဖဂန်နစ္စတန်နိုင်ငံ အနောက်ဘက်ပိုင်း ဟီရက်မြို့တွင် အောက်တိုဘာ ၇ ရက်က ပြင်းအား ၆ ဒသမ ၂ မဂ္ဂနီကျူရှိသည့် မြေငလျင်လှုပ်ခတ်မှု ဖြစ်ပွားခဲ့ပြီးနောက် အောက်တိုဘာ ၇ ရက်မှ ယနေ့ထိ သေဆုံးသူ ၂၄၄၅ ဦးထိ မြင့်တက်လာခဲ့ရာ တရုတ်နိုင်ငံက အဆိုပါမြေငလျင်ဒဏ်သင့်ပြည်သူများကိုကူညီရန် အာဖဂန်နစ္စတန် အာဏာပိုင်အဖွဲ့အစည်းထံ ကမ်းလှမ်းမှုပြုလုပ်ထားသည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်သွားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ပျောက်ဆုံးနေသူအမြောက်အမြားရှိနေဆဲဖြစ်ပြီး ထိခိုက်ဒဏ်ရာရရှိသူဦးရေ ၉၂၄၀ ထက်မနည်း မြင့်တက်လာခဲ့ကြောင်း၊ မြေငလျင်ကြောင့် နေအိမ်များပျက်စီးခဲ့ပြီး အိုးမဲ့အိမ်မဲ့ဖြစ်နေသည့် ပြည်သူများမှာ နိုင်ငံတကာ၏အကူအညီကိုလိုအပ်နေကြောင်း သိရသည်။

"အာဖဂန်နစ္စတန်နိုင်ငံ မြေငလျင်ဒဏ်ကြောင့် သေဆုံးခဲ့ရတဲ့ အာဖဂန်နစ္စတန်ပြည်သူတွေ၊ ထိခိုက်ဒဏ်ရာရရှိခဲ့တဲ့ ပြည်သူတွေအတွက် မိသားစုနဲ့ထပ်တူဝမ်းနည်းရပါတယ်။ အာဖဂန်နစ္စတန်ပြည်သူတွေအနေနဲ့ ဒီလိုအခြေအနေဆိုးကနေ အမြန်ဆုံးလွတ်မြောက်ပြီး နေအိမ်တွေကိုလဲ အမြန်ဆုံးပြန်လည်တည်ဆောက်နိုင်မယ်လို့ ယုံကြည်ပါတယ်။ အာဖဂန်နစ္စတန်အစိုးရအနေနဲ့ အကူအညီလိုအပ်မယ်ဆိုရင် တရုတ်နိုင်ငံအနေနဲ့ ကူညီပေးသွားဖို့ အဆင်သင့်ပါပဲ။ အာဖဂန်နစ္စတန် အစိုးရကသာ ခွင့်ပြုမယ်ဆိုရင် တရုတ်နိုင်ငံအနေနဲ့ ကူညီပံ့ပိုးမှုတွေ အမြန်ဆုံးဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်"ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မြေငလျင်ကြောင့် ပျက်စီးခဲ့သည့် နေအိမ် ၁၃၂၀ ထိရှိနေပြီး တာလီဘန်အစိုးရက ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ကယ်ဆယ်ရေးအဖွဲ့ ၁၀ ဖွဲ့ကို စေလွှတ်ပေးထားကြောင်း သိရသည်။

**Ref : ENPeople**
**Trs : Sai Sat**

# ကာဘိုဗာဒီကျွန်းများတွင် လာမည့် ၄၈ နာရီအတွင်း ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ဖွယ်ရှိ

**ဝါရှင်တန် အောက်တိုဘာ ၉**

အတ္တလန္တိတ်သမုဒ္ဒရာပိုင်းမှ အစပျိုးလာသည့် ဆိုင်ကလုန်းမုန်တိုင်းသည် လာမည့် ၄၈ နာရီအတွင်း ကာဘိုဗာဒီကျွန်းများသို့ ဝင်ရောက်တိုက်ခတ်ဖွယ်ရှိနေသည်ဟု အမေရိကန်နိုင်ငံ မိုင်ယာမီမြို့တွင် အခြေစိုက်သည့် အမေရိကန်အမျိုးသားဟာရီကိန်းစင်တာ (NHC)က ထုတ်ပြန်သွားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဆိုင်ကလုန်းမုန်တိုင်းဖြစ်ပေါ်လာနိုင်ခြေမှာ ၃၀ ရာခိုင်နှုန်းခန့်ထိရှိနေပြီး အတ္တလန္တိတ်သမုဒ္ဒရာ အရှေ့ဘက်ပိုင်းမှ စတင်လာမည်ဖြစ်ကြောင်းလည်း အမေရိကန်အမျိုးသားဟာရီကိန်းစင်တာက (NHC) က သတိပေးချက် ထုတ်ပြန်သွားခဲ့သည်။

"အတ္တလန္တိတ်သမုဒ္ဒရာပိုင်းဇုန်မှာ အပူပိုင်းမုန်တိုင်း ဖြစ်ပေါ်လာနိုင်တဲ့လက္ခဏာတွေ မြင်တွေ့နေရပါတယ်။ မုန်တိုင်းပြင်းအားဟာ ဆိုင်ကလုန်းမုန်တိုင်းအသွင် ဖြစ်နေပြီး အတ္တလန္တိတ်သမုဒ္ဒရာ အရှေ့ဘက်ပိုင်းကနေ အနောက်မြောက်ဘက်ပိုင်းကို ဦးတည်တိုက်ခတ်သွားနိုင်ပါတယ်။ ဆိုင်ကလုန်းမုန်တိုင်းဟာ ကာဘိုဗာဒီကျွန်းတွေဘက်ကို ဦးတည်နေပြီးတော့ လာမဲ့ ၄၈ နာရီအတွင်း ကာဘိုဗာဒီကျွန်းကို ရောက်ရှိလာဖွယ်ရှိနေပါတယ်။ ကာဘိုဗာဒီကျွန်းတွေမှာ ဆိုင်ကလုန်းမုန်တိုင်း ဖြစ်ပေါ်လာနိုင်ခြေကတော့ ၃၀ ရာခိုင်နှုန်းရှိနေပါတယ်။ NHC အနေနဲ့လဲ မုန်တိုင်းအခြေအနေကို အချိန်ပြည့်စောင့်ကြည့်တိုင်းတာနေပြီး မုန်တိုင်းနဲ့ပတ်သက်တဲ့ သတင်းအချက်အလက်တွေကိုလဲ အချိန်နဲ့တစ်ပြေးညီ ထုတ်ပြန်ပေးနေပါတယ်"ဟု အမေရိကန်အမျိုးသားဟာရီကိန်းစင်တာ(NHC) မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဆိုင်ကလုန်းမုန်တိုင်းသည် အတ္တလန္တိတ်သမုဒ္ဒရာ အရှေ့ဘက်ပိုင်းမှတစ်ဆင့် အနောက်မြောက်ဘက်ပိုင်းသို့ ဦးတည်သွားနိုင်ခြေရှိနေပြီး ကာဘိုဗာဒီကျွန်းများဖြင့် မိုင်ပေါင်းများစွာ ဝေးကွာနေဆဲဖြစ်သော်လည်း လာမည့် ၄၈ နာရီအတွင်း မုန်တိုင်းမှာ ကာဘိုဗာဒီကျွန်းသို့ ရောက်ရှိနိုင်သည့် အခြေအနေဖြစ်ကြောင်း သိရသည်။

ဆိုင်ကလုန်းမုန်တိုင်းဖြစ်ပေါ်လာဖွယ်ရှိနေသည့် ကာဘိုဗာဒီကျွန်းများ၌ နေထိုင်သည့်ဒေသခံများနှင့် ကမ္ဘာ့လှည့်ခရီးသည်များ အနေဖြင့် မုန်တိုင်းအန္တရာယ်ကို သတိထားသင့်ကြောင်း အမေရိကန်အမျိုးသားဟာရီကိန်းစင်တာ (NHC) က ထုတ်ပြန်ခဲ့သည်။

**Ref : Devdiscourse**
**Trs : Sai Sat**

# ဂျပန်နိုင်ငံ ကမ်းခြေဒေသတချို့တွင် ဆူနာမီလှိုင်းအန္တရာယ်သတိပေးချက် ထုတ်ပြန်ထားဆဲဖြစ်

**တိုကျို အောက်တိုဘာ ၉**

ဂျပန်နိုင်ငံ တိုရိရှိမာကျွန်း၌ အောက်တိုဘာ ၈ ရက်က မြေငလျင် နှစ်ကြိမ်ဆက် လှုပ်ခတ်မှုဖြစ်ပွားခဲ့ပြီးနောက် ကမ်းခြေဒေသတချို့တွင် ဆူနာမီလှိုင်းဖြစ်ပေါ်လာဖွယ်ရှိနေဆဲဖြစ်သဖြင့် ဆူနာမီလှိုင်းအန္တရာယ်သတိပေးချက် ထုတ်ပြန်ထားဆဲဖြစ်သည်ဟု ဂျပန်မိုးလေဝသအေဂျင်စီက ထုတ်ပြန်သွားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

မြေငလျင်ကြောင့် ယနေ့အစောပိုင်းတွင် အိုင်ဇူကျွန်း၌ အသေးစားဆူနာမီလှိုင်း ဖြစ်ပေါ်ခဲ့သည့်အတွက် မြေငလျင်လှုပ်ခတ်မှုအပြီး ထုတ်ပြန်ခဲ့သော ဆူနာမီလှိုင်းသတိပေးချက်ကို ရုပ်သိမ်းခြင်းမရှိသေးကြောင်းလည်း ဂျပန်မိုးလေဝသအေဂျင်စီက ထုတ်ပြန်ခဲ့သည်။

တိုင်းတာချက်များအရ ဆူနာမီလှိုင်းဖြစ်ပေါ်ခဲ့သောဒေသများမှာ တာတီယာမာစီရင်စုနှင့် ချီဘာစီရင်စုတို့တွင် ၃၀ စင်တီမီတာ အမြင့်ရှိသည့် အသေးစားဆူနာမီလှိုင်းဖြစ်ပေါ်ခဲ့ပြီး တိုဆာရှီမီဇူစီရင်စု၊ ကိုချီစီရင်စုနှင့် ကာဂိုရှိမာစီရင်စုရှိနာကာနိုကျွန်းတို့တွင် ၄၀ စင်တီမီတာ အမြင့်ရှိသော အသေးစားဆူနာမီလှိုင်း ဖြစ်ပေါ်ခဲ့ကြောင်း၊ အန္တရာယ်ရှိသည့် အခြေအနေမျိုးမဟုတ်သေးသော်လည်း ကမ်းခြေဒေသများတွင် ဆူနာမီလှိုင်းဖြစ်ပေါ်လာနိုင်ဆဲဖြစ်သည့်အတွက်ကြောင့် ဆူနာမီလှိုင်းသတိပေးချက်ကို ပြန်လည်၍ မရုပ်သိမ်းသေးခြင်းဖြစ်ကြောင်း သိရသည်။



ဂျပန်မိုးလေဝသအေဂျင်စီ၏ ခန့်မှန်းတိုင်းတာချက်အရ ချီဘာစီရင်စုရှိ ကမ်းခြေဒေသတချို့တွင် တစ်မီတာအမြင့်ရှိသော ဆူနာမီလှိုင်း ဖြစ်ပေါ်လာဖွယ်ရှိနေသည့်အတွက်ကြောင့် ဆူနာမီလှိုင်းနှင့်ပတ်သက်ပြီး လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရန် လိုအပ်နေကြောင်း သတိပေးချက် ထုတ်ပြန်ခဲ့သည်။

ထို့ပြင် နီချီနန်စီရင်စုနှင့် မီယာဇာကီစီရင်စုတို့တွင်လည်း ၂၀ စင်တီမီတာအမြင့်ရှိသော ဆူနာမီလှိုင်းဖြစ်ပေါ်လာဖွယ်ရှိနေဆဲဖြစ်ကြောင်း သိရသည်။

**Ref : The New Daily**
**Trs : Sai Sat**

# ကာလီမန်တန်ဒေသနှင့် ဆူမတြားကျွန်းတို့တွင် တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေ

**ဂျကာတာ အောက်တိုဘာ ၉**

အင်ဒိုနီးရှားနိုင်ငံ ကာလီမန်တန်ဒေသနှင့် ဆူမတြားကျွန်းတို့တွင် အပူချိန်မြင့်တက်ပြီး တောမီးလောင်ကျွမ်းမှု ဖြစ်ပွားနေသည်ဟု အင်ဒိုနီးရှား သဘာဝဘေးအန္တရာယ်လျှော့ချရေးအေဂျင်စီ (BNPB)က ထုတ်ပြန်သွားခဲ့ကြောင်း အောက်တိုဘာ ၈ ရက်သတင်းများအရ သိရသည်။

တောမီးလောင်ကျွမ်းမှုမှာ ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိနေပြီး တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် မိုးရွာသွန်းရန်လိုအပ်နေကြောင်း၊ တောမီးလောင်ကျွမ်းမှုသည် ကာလီမန်တန်ဒေသအလယ်ပိုင်းအပြင် ဂျာဘီဒေသတွင်လည်း တောမီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားလျက်ရှိကြောင်း၊ တောမီးလောင်ကျွမ်းမှုကို ထိန်းချုပ်နိုင်ရေးအတွက် လေကြောင်းအကူအညီကိုလည်း ရယူထားကြောင်း သိရသည်။

"ကာလီမန်တန်ဒေသ အလယ်ပိုင်းနဲ့ ဆူမတြားကျွန်းမှာ တောမီးလောင်ကျွမ်းမှုတွေ ဖြစ်ပေါ်နေပါတယ်။ တောမီးလောင်ကျွမ်းမှုဟာ ထိန်းချုပ်ရခက်တဲ့အဆင့်ကိုရောက်ရှိနေပါတယ်။ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ဖို့ဆိုရင်တော့ မိုးရွာသွန်းဖို့ လိုအပ်နေပါတယ်။ တောမီးကိုအမြန်ဆုံးထိန်းချုပ်နိုင်ဖို့အတွက် စီမံချက်တွေနဲ့ ဆောင်ရွက်နေပါတယ်။ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်မယ်လို့လဲ မျှော်လင့်ပါတယ်"ဟု အင်ဒိုနီးရှား သဘာဝဘေးအန္တရာယ်လျှော့ချရေးအေဂျင်စီ (BNPB)မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

တောမီးလောင်ကျွမ်းမှုမှာ နေအိမ်များဆီ ကူးစက်နိုင်သည့်အခြေအနေသို့ ရောက်ရှိနေသဖြင့် ဒေသခံများကိုလည်း လိုအပ်လာပါက ဘေးလွတ်ရာအချိန်မီရွှေ့ပြောင်းနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားရန်နှင့် တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်အမြောက်အမြားကိုလည်း စေလွှတ်ပေးထားပြီး လာမည့်ရက်ပိုင်းအတွင်း တောမီးကိုထိန်းချုပ်နိုင်ရန် မျှော်လင့်နေကြောင်း အင်ဒိုနီးရှားသဘာဝဘေးအန္တရာယ်လျှော့ချရေးအေဂျင်စီ (BNPB) က ထုတ်ပြန်ခဲ့သည်။

**Ref : Tempo**
**Trs : Sai Sat**

## ရေကြီးခြင်းဖြစ်ပေါ်နေချိန်တွင်လိုက်နာရန် အချက်များ

၁။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကိုလိုက်နာပါ။




၂။ အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ မိန်းခလုတ်များကို ပိတ်ထားပါ။



၃။ သောက်သုံးရေသန့်(သို့) ကျိုချက်ထားသောရေ (သို့) ရေသန့်ဆေးခတ်ထားသော ရေကိုသာ အမြဲသောက်သုံးပါ။



၄။ အဆိပ်ရှိသော တိရစ္ဆာန်များ အိမ်၊မြေ အတွင်း၌ ရှိ ၊မရှိ စစ်ဆေးပါ။



# အိမ်တွင်းအသက်မွေးဝမ်းကျောင်းပညာမှသည် နိုင်ငံတော်ဖွံ့ဖြိုးရေးဆီသို့

**❖ လူသားတိုင်းသည် အသက်အရွယ် ကြီးငယ်၊ ကျားမ မရွေး အသက်မွေးဝမ်းကျောင်းပညာရပ်တစ်ခုကို တတ်မြောက်ထားရန် လိုအပ်သည်။ အတန်းပညာနည်းပါးသော်လည်း အိမ်တွင်းအသက်မွေးဝမ်းကျောင်းပညာကိုသင်ယူတတ်မြောက်ထားပါက မိသားစုဝမ်းစာရေးတွင် များစွာအထောက်အကူပြုနိုင်မည်ဖြစ်သည်။ အတန်းပညာပြည့်ဝသော်လည်း ဝင်ငွေလိုအပ်သူများ၊ အမှုထမ်း၊ အရာထမ်းမဟုတ်သောသူများသည်လည်း အိမ်တွင်းအသက်မွေးဝမ်းကျောင်းပညာကို သင်ယူတတ်မြောက်ထားရန်လိုအပ်သည်။ သို့မှသာ တစ်နိုင်တစ်ပိုင်လုပ်ငန်းမှ အပိုဝင်ငွေရရှိရန် တစ်ထောင့်တစ်နေရာမှ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။ ❖**

လူသားတို့သည် “သမုဒ္ဒရာဝမ်းတစ်ထွာ”အတွက် ရှာဖွေစားသောက် နေထိုင်ကြရသူများဖြစ်သည်။ အသက်ရှင်နေထိုင်ရေးအတွက် သဘာဝမှရရှိသော ရေ၊ နေ၊ လေတို့ဖြင့် လုံလောက်သည်မဟုတ်။ ခန္ဓာကိုယ်အာဟာရပြည့်ဝရန်အတွက် အစားအသောက်ဖြည့်ဆည်းရသည်။ ထိုအစားအသောက်များဖြည့်ဆည်းရန်အတွက် ရှာဖွေစုဆောင်းရသည်။ ရှာဖွေစုဆောင်းမှုဟူသည် အလွယ်တကူရရှိခြင်းမှာ နည်းပါးပေသည်။ အလုပ်အကိုင်တစ်ခုခုပြု၍သာ ရှာဖွေစုဆောင်းနိုင်မည်ဖြစ်သည်။ ထိုသို့ လုပ်ကိုင်ဆောင်ရွက်ရာတွင် ကာယလုပ်သား၊ ဉာဏလုပ်သား ဟူ၍ရှိသကဲ့သို့ ကာယအားနှင့် ဉာဏအားကိုပေါင်းစပ်၍ လုပ်ကိုင်ရသောအလုပ်များလည်းရှိပေသည်။ မည်သို့သောအင်အားဖြင့် အလုပ်တစ်ခုလုပ်ကိုင်စေကာမူ ကိုယ်တတ်ကျွမ်းသော အလုပ်တစ်ခုကိုပိုင်ဆိုင်ထားပါက လူ့ဘဝတွင် အသက်ရှင်နေထိုင်ရေးအတွက် ဝမ်းစာရှာဖွေရာ လွယ်ကူမည်ဖြစ်ပေသည်။

**မိသားစု**

လူသားတိုင်းတွင် မိသားစုဟူသော အသိုင်းအဝိုင်းရှိကြပေသည်။ မိသားစုဟူ၍ ဖြစ်လာသည်နှင့်အညီ မိဘတာဝန်၊ သားသမီးတာဝန်၊ အိမ်ထောင်ဦးစီးဖြစ်သူခင်ပွန်း၏တာဝန်၊ ဇနီးသည်၏တာဝန် စသည်ဖြင့် ခွဲခြား၍ လုပ်ကိုင်ကြရသည်မဟုတ်ချေ။ မိသားစုဖြစ်သည့်အလျောက် မိသားစုနှင့်ပတ်သက်သော တာဝန်တိုင်းသည် မိသားစုအားလုံးနှင့်သက်ဆိုင်ပေသည်။ မိသားစုတာဝန်အားလုံး မည်သည့်တာဝန်ကိုမဆို တက်ညီလက်ညီဆောင်ရွက်မှသာလျှင် ပျော်ရွှင်ဖွယ်မိသားစု၊ အစစအရာရာအဆင်ပြေ၍အေးချမ်းစွာ နေထိုင်နိုင်သောမိသားစုအဖြစ် ရပ်တည်နိုင်မည်ဖြစ်ပေသည်။

**မိသားစုဝင်ငွေ**

မိသားစုတစ်စု၏ စားဝတ်နေရေးပြေလည်မှုသည် ထိုမိသားစု၏ ဝင်ငွေနှင့်သက်ဆိုင်ပေသည်။ စီးပွားရေးဈေးကွက်တစ်ခုတွင် ဘောဂဗေဒနည်းဖြင့် တွက်ချက်လျှင် “ဝင်ငွေနှင့်ထွက်ငွေ”ညီမျှမှုရှိမှသာလျှင် ဘက်ညီလည်ပတ်မှုရှိနေမည်ဖြစ်သည်။ ထိုသို့မဟုတ်ဘဲ ဝင်ငွေနည်း၍ ထွက်ငွေများနေလျှင် ဘက်ညီလည်ပတ်မှုမရှိဘဲ စီးပွားရေးဈေးကွက်လည်ပတ်မှုသည် ပျက်စီးသွားမည်ဖြစ်သည်။ ထိုနည်းတူစွာပင် မိသားစုတစ်စု၌ ဝင်ငွေနှင့်ထွက်ငွေမမျှတပါက ပျော်ရွှင်သောမိသားစုဘဝကိုအပြည့်အဝရရှိမည်မဟုတ်ပေ။ လူသားတို့၏ လိုအင်ဆန္ဒများသည် အတောမသတ်အောင်များပြားလှပေသည်။ ထိုသို့များပြားသော လိုအင်ဆန္ဒများကို ဖြည့်ဆည်းရန်အတွက် ရရှိသောဝင်ငွေကိုအကောင်းဆုံးဖြစ်အောင်ခွဲဝေအသုံးချကြရပေသည်။ ခွဲဝေအသုံးချခြင်းတွင် လိုအင်ဆန္ဒကို အများဆုံးဖြည့်ဆည်းနိုင်ရန်အတွက် မိသားစုဝင်ငွေသည် အတော်အသင့်လုံလောက်သော အနေအထားရှိရမည်ဖြစ်ပေသည်။ ထို့ကြောင့် မိသားစုတစ်စု၏ ပျော်ရွှင်အေးချမ်းမှုအတွက် မိသားစုဝင်ငွေသည်လည်း အရေးကြီးသော အခန်းကဏ္ဍတစ်ရပ်ဖြစ်ပေသည်။

**အိမ်တွင်းအသက်မွေးဝမ်းကျောင်းပညာ**

မိသားစုတိုင်းအတွက် မိသားစုဝင်ငွေသည်အရေးကြီးသောကြောင့် အိမ်တွင်းအသက်မွေးဝမ်းကျောင်းပညာရပ်သည် မိသားစုဝင်များကို များစွာအထောက်အကူပြုသောပညာရပ်ပင်ဖြစ်ပေသည်။ အိမ်တွင်းအသက်မွေးဝမ်းကျောင်းပညာရပ်သည် တစ်နိုင်တစ်ပိုင် ဆောင်ရွက်နိုင်သော လုပ်ငန်းများပင်ဖြစ်သည်။ အိမ်တွင်းအသက်မွေးဝမ်းကျောင်းပညာရပ်တွင် အိမ်တွင်း၌လုပ်ငန်းဆောင်ရွက်နိုင်သော စက်မှုလက်မှုလုပ်ငန်းအငယ်စားများပင်ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုသော် စက်ချုပ်ခြင်း၊ စက်ပစ္စည်းများပြုပြင်ခြင်း၊ အိမ်တွင်းလျှပ်စစ်ပိုင်ယာကြိုးများ စနစ်တကျတပ်ဆင်ခြင်း၊ သိုးမွေးထိုးခြင်း စသောလက်မှုလုပ်ငန်းများ၊ မုန့်မျိုးစုံနှင့် ယိုမျိုးစုံပြုလုပ်ခြင်း၊ ဆပ်ပြာအဆီ၊ အခဲများပြုလုပ်ခြင်း စသည်တို့ပင်ဖြစ်သည်။ ထိုလုပ်ငန်းများသည် မိသားစုဝင်တိုင်း အသက်အရွယ်အလိုက်သင့်တော်သောအနေအထားဖြင့် ဆောင်ရွက်နိုင်သောသက်မွေးပညာရပ်လုပ်ငန်းများပင်ဖြစ်သည်။

**နိုင်ငံတော်အစိုးရ၏ဆောင်ရွက်ချက်များ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်ချမှတ်ခဲ့ပြီး ဦးတည်ချက်(၉)ရပ်တွင် စီးပွားရေးဦးတည်ချက်(၃)ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ စီးပွားရေးဦးတည်ချက်(၃)ရပ်တွင် တစ်ခုအပါအဝင်ဖြစ်သည့် တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေးကို ချမှတ်ဆောင်ရွက်ခဲ့သည်။

၂၀၂၁ ခုနှစ် ဇွန် ၁၇ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ်(၁၄၀/၂၀၂၁)ဖြင့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအဖြစ် အသစ်ပြန်လည်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ အသစ်ပြန်လည်ဖွဲ့စည်းခဲ့သော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန လက်အောက်တွင် သမဝါယမဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ပါဝင်သည်။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ မျှော်မှန်းချက်မှာ သမဝါယမကဏ္ဍနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းများ စနစ်တကျထွန်းကားစေပြီး ကျေးလက်လူမှုစီးပွားဘဝ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာအောင်စီမံဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်ဖြစ်သည်။

**အသေးစားစက်မှုလက်မှုလုပ်ငန်း**

အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန၏ ရည်မှန်းချက်များမှာ သမဝါယမအသင်းများ၏ ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန်၊ တန်ဖိုးမြှင့်ကုန်ထုတ်လုပ်ငန်းများထွန်းကားစေရန်၊ အသက်မွေးဝမ်းကျောင်းသင်တန်းများနှင့် နည်းပညာသင်တန်းများပေးရန်၊ ကျေးလက်အခြေခံအဆောက်အအုံများတည်ဆောက်ပေးရန်နှင့် မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများဆောင်ရွက်ပေးရန်တို့ဖြစ်သည်။ ထို့ကြောင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ လုပ်ငန်းစဉ်(၇)ရပ်ထဲမှ တစ်နိုင်တစ်ပိုင်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ကျေးလက်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ပေးခြင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ကို မြို့ပေါ်ရပ်ကွက်နေပြည်သူများသာမက ကျေးလက်ဒေသတွင်နေထိုင်သော ပြည်သူများကိုပါ လက်တွေ့နည်းပညာများပို့ချ၍ စွမ်းစွမ်းတမံဆောင်ရွက်ပေးလျက်ရှိနေပေသည်။

**အသက်မွေးဝမ်းကျောင်းပညာ၏ အကျိုးရလဒ်**

အသက်မွေးဝမ်းကျောင်းပညာ၏ အကျိုးရလဒ်မှာ ဆင်းရဲမှုလျော့ပါးပပျောက်ခြင်း၊ မိသားစုဝင်ငွေတိုးပွားခြင်း၊ တစ်နိုင်တစ်ပိုင်အိမ်တွင်းစီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်ခြင်း၊ အရင်းအနှီးအနည်းငယ်ဖြင့် ကိုယ်ပိုင်လုပ်ငန်းတည်ထောင်နိုင်ခြင်း၊ အတန်းပညာဆုံးခန်းတိုင်အောင် မသင်ကြားနိုင်သူများအတွက် ကိုယ်ပိုင်လက်မှုအတတ်ပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်ခြင်း၊ ကိုယ့်ကိုယ်ကိုယ်အားကိုးတတ်ခြင်း စသောအကျိုးတရားများပင်ဖြစ်သည်။ မိသားစုဝင်အားလုံးနီးပါးသည် ဝင်ငွေရရှိနိုင်သောအသေးစားလုပ်ငန်းများကို ဆောင်ရွက်နိုင်သောကြောင့် ကျန်းမာသန်စွမ်းရုံသာမက စားဝတ်နေရေးပြေလည်သော အကျိုးရလဒ်ကြောင့် ပျော်ရွှင်သောမိသားစုဘဝကို ရရှိနိုင်မည်ဖြစ်သည်။ စီးပွားဖြစ်မဆောင်ရွက်သော်လည်း မိမိအိမ်တွင်းအသုံးပြုရန်ဆောင်ရွက်ခြင်းဖြင့်လည်း မိသားစုဝင်ငွေကိုခြိုးခြံချွေတာရာရောက်သောကြောင့် စုဆောင်းငွေများရရှိလာမည်ဖြစ်ပေသည်။

**နိုင်ငံတော်ဖွံ့ဖြိုးရေးဆီသို့**

နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးသည်နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ်တွင်လည်း များစွာအခြေခံပေသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် ကဏ္ဍအသီးသီးတွင် လူ့လုပ်အားဟုခေါ်သော လူ့စွမ်းအားအရင်းအမြစ်သည် အဓိကလိုအပ်ချက်ပင်ဖြစ်သည်။ လူ့စွမ်းအားအရင်းအမြစ်ကို အသိပညာ၊ အတတ်ပညာတိုးပွားမှသာလျှင် နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တစ်တပ်တစ်အားပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် အိမ်တွင်းအသက်မွေးဝမ်းကျောင်းပညာရပ်ကို အသက် ၁၀ နှစ်အထက်မှစ၍ သင်ယူတတ်မြောက်ထားရန် လိုအပ်သည်။ လူ့စွမ်းအားအရင်းအမြစ်ဖြစ်သော လူသားတိုင်းမိမိ၏ အသက်ရှင်နေထိုင်ရေးအတွက် ပညာရပ်တစ်ခုကို တတ်မြောက်ထားပါလျှင် အချိန်နှင့်အမျှတိုးချဲ့ဆောင်ရွက်လာနိုင်ပေလိမ့်မည်။ ထိုသို့ တိုးချဲ့ဆောင်ရွက်ရာတွင် မိမိနိုင်ငံတွင်း၌ ဖူလုံမှုရှိသည့်အခါ နှစ်စဉ်နိုင်ငံခြားဝင်ငွေသုံးစွဲမှုကို လျော့ပါးစေမည်။ ပြည်တွင်းဝင်ငွေသည် လည်ပတ်မှုအားကောင်းလာပေလိမ့်မည်။ ဝင်ငွေလည်ပတ်စီးဆင်းမှု အားကောင်းလာသည်နှင့်အမျှ မိမိတို့နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ပိုမိုလျင်မြန်လာမည်မှာ မလွဲဧကန်ပင်ဖြစ်ပေလိမ့်မည်။

**အိမ်တွင်းအသက်မွေးဝမ်းကျောင်းပညာသင်ယူပါ**

လူသားတိုင်းသည် အသက်အရွယ်ကြီးငယ်၊ ကျားမ မရွေး အသက်မွေးဝမ်းကျောင်းပညာရပ်တစ်ခုကို တတ်မြောက်ထားရန် လိုအပ်သည်။ အတန်းပညာနည်းပါးသော်လည်း အိမ်တွင်းအသက်မွေးဝမ်းကျောင်းပညာကိုသင်ယူတတ်မြောက်ထားပါက မိသားစုဝမ်းစာရေးတွင် များစွာအထောက်အကူပြုနိုင်မည်ဖြစ်သည်။ အတန်းပညာပြည့်ဝသော်လည်း ဝင်ငွေလိုအပ်သူများ၊ အမှုထမ်း၊ အရာထမ်းမဟုတ်သောသူများသည်လည်း အိမ်တွင်းအသက်မွေးဝမ်းကျောင်းပညာကို သင်ယူတတ်မြောက်ထားရန် လိုအပ်သည်။ သို့မှသာ တစ်နိုင်တစ်ပိုင်လုပ်ငန်းမှ အပိုဝင်ငွေရရှိရန် တစ်ထောင့်တစ်နေရာမှဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။ အချိန်၊ လုပ်ကိုင်မှုစွမ်းရည်၊ နေရာဒေသအရ တစ်နိုင်တစ်ပိုင်အိမ်တွင်းအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှသည် အသေးစားလုပ်ငန်းပိုင်ရှင်များထိ ဖြစ်လာနိုင်ရန် အခွင့်အလမ်းများစွာရှိပေသည်။

အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက သင်ကြားပေးလျက်ရှိသော အိမ်တွင်းအသက်မွေးဝမ်းကျောင်းပညာရပ်များသည် စရိတ်ကုန်ကျမှုမရှိသည့်အပြင် နည်းစနစ်မှန်ကန်မှု၊ အန္တရာယ်ကင်းရှင်းမှုတို့ကို ဦးစားပေးသင်ကြားပေးလျက်ရှိသည်။ စရိတ်မျှပေးစီမံကိန်းဖြင့်လည်း သင်တန်းသား၊ သင်တန်းသူများကို ပြန်လည်ဝန်ဆောင်မှုပေးခြင်းကိုလည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ အသိအမှတ်ပြုသင်တန်းဆင်း ကျွမ်းကျင်လက်မှတ်များကိုလည်း ချီးမြှင့်ပေးသည်။ အောင်မြင်သောအိမ်တွင်းလုပ်ငန်းတစ်ခုဖြစ်လာပါကလည်း လုပ်ငန်းမှတ်ပုံတင်ဆောင်ရွက်ခြင်းကိုလည်း ကူညီဆောင်ရွက်ပေးလျက်ရှိပေသည်။ ထိုသို့ မိသားစုတိုင်းလုပ်ငန်းကိုယ်စီဖြင့် စွမ်းဆောင်နိုင်ရန် သင်တန်းပေးခြင်းကို ပြည်သူလူထုအနေဖြင့် အချိန်ပေး၍ သင်ယူသင့်ပေသည်။

ယခုအချိန်ခါသည် ခေတ်မီဖွံ့ဖြိုးတိုးတက်လာပြီဖြစ်သည်။ ခေတ်မီနည်းပညာနှင့်အပြိုင် လူမှုစီးပွားဖွံ့ဖြိုးရန် ဆောင်ရွက်ရမည့်အချိန်ကာလဖြစ်သောကြောင့် အသေးစားစက်မှုလက်မှုဦးစီးဌာန၏ အိမ်တွင်းအသက်မွေးမှုပညာသင်တန်းကို ပြည်သူလူထုအနေဖြင့် တက်ရောက်သင်ကြားကြစေလို ကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

**ကိုးကား**

- **သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ရည်မှန်းချက်**
- **အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ ဆောင်ရွက်ချက်များ**
- **ပဲခူးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ဖွင့်လှစ်သည့်အိမ်တွင်းအသက်မွေးဝမ်းကျောင်းသင်တန်းမှ အတွေ့အကြုံများ**

**မေတ္တာမိုးနှင်း(ပဲခူး)**

# မိခင်မေတ္တာ

လေးဝတီစိုးအောင်ကြည်



(၁)

ငစနဲကုန်းရွာ၏ ဆိပ်ဆင်းလမ်းတွင် ဦးထွန်းစံတို့ အိမ်ရှိသည်။ ဦးထွန်းစံအိမ်တွင် နှမ်းကြိတ်စက်ရှိ၍ တောင်ပေါ်သားချင်းလူမျိုးတချို့သည် သူ့ထံလာပြီး နှမ်းဆီကြိတ်ကြလေ့ရှိသည်။ ထိုအထဲတွင် တောင်ပေါ်သား ဦးငကျန်တစ်ယောက်လည်းပါ၏။ ဦးငကျန်မှာ ဦးထွန်းစံအိမ်သို့ နှစ်စဉ်နှစ်တိုင်းနှမ်းပေါ်လျှင် ဆီလာကြိတ်လေ့ရှိတတ်၏။ နှမ်းမပါသည့်အခါတွင် ယာခင်းကထွက်သည့် ပြောင်း၊ သခွား၊ ဘူး၊ ဖရုံ စသည်များကို ပလိုင်းထဲထည့်လွယ်ကာ လာရောင်းတတ်ပြန်သည်။ ထိုအသီးအနှံများကိုလည်း ရခိုင်ရွာများသို့လှည့်လည်၍ ရောင်းချတတ်၏။ ဤတစ်ခေါက် ဦးငကျန်သည် ဦးထွန်းစံအိမ်သို့ရောက်လာသည်မှာ ယခင်ကကဲ့သို့ မျက်နှာရွှင်ပျမှုမရှိပေ။ သူ့မျက်နှာ မကောင်းသည်ကို အထင်းသားမြင်ကြရသည်။ ဦးငကျန်သည် နှမ်းတောင်းခန့်ရှိသော ပိန်အိတ်အထုပ်တစ်ထုပ်ကို စိတ်ပျက်လက်ပျက်ထမ်းလျက် ဦးထွန်းစံအိမ်သို့ ဝင်လာ၏။ ဦးထွန်းစံက-

"ကိုငကျန် ဘာဖြစ်လာတာလဲ။ မျက်နှာလဲ အရင်လိုမရွှင်လန်းပါလား ယောက်ဖ။ ကဲ. . . ပြောစမ်းပါအုံး"

"ယောက်ဖရေ ဒီနှစ် ငါ စိတ်ပျက်တယ်လေး"

"ပြောစမ်းပါအုံး ဘာဖြစ်လို့တုံး။ အရင်လို မရီးနဲ့ ရန်ဖြစ်ကြပြန်ပြီမဟုတ်လား"

ဦးငကျန်သည် ခေါင်းရည်မူးလျှင် ဇနီးသည် ဒေါ်ပကူကို ရန်ရှာတတ်သည်ဆို၏။ ဒေါ်ပကူနှင့်ရန်ဖြစ်တိုင်းလည်း ဦးငကျန်မှာ ရခိုင်ရွာသို့ဆင်းပြီးလျှင် သုံးလေးည အိပ်တတ်သည်ဟုဆိုကြသည်။

"ရန်မဖြစ်ဘူး ယောက်ဖရေ။ ဒီနှစ်တောင်ယာမှာ ကြွက်တွေအကြီးအကျယ်ပေါတယ်လေး။ နှမ်းခင်းကို ကြွက်စားတယ်လေး။ နှမ်းအားကြီးမရဘူးလေး"

"ဒါများယောက်ဖရေ ကြောင်များများမွေးထားပေါ့။ ကြောင်ရှိရင် ကြွက်မလာဘူးမဟုတ်လား"

"ကြောင်မွေးချင်တယ်လေး။ ကြောင်မရှိလို့ ခက်တယ်လေး ယောက်ဖရေ"

"ဟိုမှာတွေ့လား စပါးကျီထောင့်မှာ ကြောင်ပေါက်စတွေ မွေးထားတာအများကြီးပဲ။ အဲဒီထဲက ကြိုက်တဲ့ ကြောင်တစ်ကောင်ဖမ်းယူသွား"ဟု ဦးထွန်းစံက လက်ညှိုးထိုးပြလိုက်သည်။ ကြောင်မကြီးသည် စပါးကျီထောင့်၌ ကြောင်ပေါက်စများကို နို့တိုက်ကျွေးနေ၏။ ကြောင်ပေါက်စဆိုသော်လည်း သုံးလခန့်ရှိပြီဖြစ်၍ အချို့ကြောင်ပေါက်စများမှာ ဟိုပြေးသည်ပြေး ပြေးလျက်ရှိကြ၏။ အချို့ကြောင်ပေါက်စများက ခုန်ပေါက်ဆော့ကစားနေကြ၏။ တစ်ခါတလေ အစုံလိုက်အပြုံလိုက်ပုံပြီးလည်းအိပ်နေကြ၏။ ဗိုက်ဆာသည့်အခါ မိခင်ကြောင်မကြီးဆီ ပြေးလာ၍ နို့စို့ကြပြန်သည်။

"ယောက်ဖရေ ကြောင်မအကြီးကြီးကို လိုချင်တယ်လေး။ ဒီပေါက်စလေးတွေက ကြွက်ကိုက်နိုင်မှာမဟုတ်ဘူးလေး။ ဒီကြောင်မကြီးကိုရချင်တယ်လေး"

"ဒါများရချင်ရင်ယူပေါ့ ယောက်ဖရေ။ ကြောင်တွေ ပေါလွန်းလို့"

ဦးငကျန်သည် ကြောင်မကြီးကို ဖမ်းမည်လုပ်စဉ် တရှူးရှူးတရှဲရှဲ ရန်ရှာပြန်၏။ ဦးထွန်းစံ၏ ဇနီး ဒေါ်မဲညိုက-

"မိရွှေဝါက သူ့သားတွေနို့မပြတ်သေးဘူးနဲ့ တူပါရဲ့။ နောက်လမှ လာယူပါလား ကိုငကျန်ရေ"

"တောင်ပေါ်က တစ်ခေါက်လာဖို့ဆိုတာ မလွယ်ဘူးလေး မရီးရေ။ အကြီးအကျယ် ဝေးတယ်လေး မရီးရေ"

ဦးငကျန်နေသည့် ရခိုင်ရိုးမတောင်ပေါ်သည် ငစနဲကုန်းရွာနှင့် ခြောက်နာရီခန့်ခြေကျင်သွားရ၏။ ဦးထွန်းစံက-

"နို့ပြတ်ပြတ်၊ မပြတ်ပြတ်ယူသွား ကိုငကျန်ရေ။ အဲဒီ ကြောင်ပေါက်စတွေကလဲ ထမင်းစားတတ်နေပြီ။ နို့မစို့ရလို့ ဘာမှမဖြစ်ဘူး ယူသွား"

ဦးထွန်းစံသည် သူကိုယ်တိုင်မိရွှေဝါကိုဖမ်းပြီးလျှင် ပိန်အိတ်ထဲသို့ထိုးထည့်ကာ ဦးငကျန်ကိုပေးလိုက်၏။ မိရွှေဝါသည် ပိန်အိတ်ထဲမှရုန်းထွက်၏။ တညောင်ညောင်အော်ပြီးခုန်ပြန်၏။ ဦးငကျန်သည် မိရွှေဝါ ထည့်ထားသည့် ပိန်အိတ်ကို ကြိုးနှင့်ချည်လိုက်သည်။ ထို့နောက် ဝှေ့ယမ်းပြီး သုံးလေးခေါက်လှုပ်လိုက်၏။ ဤသို့လုပ်ခြင်းသည် သူ့သခင်အိမ်ကို မမှတ်မိအောင် လုပ်လိုက်ခြင်းဖြစ်သည်။ တစ်နည်းဆိုရသော် ကြောင်ကို သူ့သခင်အိမ်ကယူသည့်အခါ မျက်စိလည်၍ လမ်းမမှတ်မိအောင် ပြုလုပ်နည်းဟုဆိုကြသည်။ မိရွှေဝါသည် တညောင်ညောင်အော်လျက်ရုန်းပြန်၏။ ထို့နောက် အားကုန်ရုန်းလျက်ခုန်တက်ပြန်၏။ ဦးငကျန်က ပိန်အိတ်ကိုထပ်လှုပ်ထား၏။ ထိုကဲ့သို့ လှုပ်ရင်း အော်ရင်းနှင့် တောင်ပေါ်သို့ရောက်သွားကြလေသည်။

(၂)

ဦးငကျန်သည် တောင်ပေါ်သား ချင်းလူမျိုးဖြစ်၍ ရခိုင်ရိုးမတောင်ပေါ်တွင် တောင်ယာခုတ်ပြီး စိုက်ခင်းလုပ်၏။ ဦးငကျန်မှာ သီဟိုဠ်သရက်အပြင် အခြားငှက်ပျောပင်၊ သံပရာပင်များလည်း စိုက်ပျိုးထားပြန်သည်။ လွန်ခဲ့သည့်နှစ်က နှမ်းဈေးကောင်သည်ဟုဆိုကြ၍ နှမ်းခင်းလုပ်ပြန်ရာ တစ်ခင်းလုံး ကြွက်စား၍ ဆုံးရှုံးခဲ့ရသည်။ ယခုတော့ ကြွက်ဖမ်း၊ ကြွက်လိုက်ရန်အတွက် ကြောင်တစ်ကောင်ရလာ၍ ဦးငကျန်တို့ မိသားစုမှာပျော်နေကြသည်။ ဦးငကျန်၏ဇနီး ဒေါ်ပကူသည် ကလေးကိုနို့တိုက်နေရာမှ ကပျာကသီထကာ မိရွှေဝါကိုလှမ်းယူ၏။ ဒေါ်ပကူသည် မိရွှေဝါကိုထမင်းကျွေး၏။ သို့သော် မိရွှေဝါသည် မစားဘဲနေလေသည်။

ဒေါ်ပကူသည် မိရွှေဝါ အစာမစားသည်မှာ ငါးဟင်းမပါ၍ ဖြစ်လိမ့်မည်ဟု မှတ်ချက်ချ၏။ တောင်ပေါ်တွင်ကား ငါးဟင်းရှား၏။ ရခိုင်ရွာသို့တစ်ခါတလေဆင်းမှ ငါးအစို၊ အခြောက်များ ဝယ်ခြမ်းလာရသည်။ သို့သော် တောင်ပေါ်၌ ကဏန်းမည်းပေါ၏။ ကဏန်းမည်းဆိုသည်မှာ ပင်လယ်ထဲက ကဏန်းနှင့်မတူပေ။ အရောင်မှာ ခန္ဓာကိုယ်တစ်ခုလုံး အမည်းရောင်ဖြစ်သည်။ ကျောက်နံရံတွင် တွင်းနက်နက်တူး၍ ခိုနေတတ်သည်။ ထိုကဏန်းများကို တောင်ပေါ်သားချင်းလူမျိုးများက ဟင်းအဖြစ် ငရုတ်သီးစိမ်းနှင့်ကျည်တောက်ထိုး၍ စားကြ၏။ အသားမှာအလွန်ချို၏။ တချို့က မဆလာဖြင့်လည်း ချက်စားကြသည်။

နောက်တစ်နေ့မနက်တွင် ကဏန်းမည်းများ နှိုက်ယူကာ မိရွှေဝါကို ထမင်းနှင့်နယ်၍ လူးကျွေးပြန်သည်။ သို့သော် မိရွှေဝါသည် မစားဘဲငူငူကြီးထိုင်နေလေ၏။ ညအခါ တဲအပေါ်ထုပ်တန်း၌ ကြွက်များသောင်းကျန်းပြေးလွှားနေကြသည်။ မိရွှေဝါသည် ကြွက်မဖမ်းဘဲနေလေ၏။ သူ့သခင် ဦးထွန်းစံအိမ်၌ဆိုလျှင် ကြွက်များကို စပါးကျီနားပင်ကပ်ခွင့်မရှိ။ စပါးကျီနားကပ်လာသည့်ကြွက်ဟူသမျှ ဝုန်းခနဲ ဝုန်းခနဲ ဖမ်းကိုက်စားတတ်သည်။ တစ်ခါတလေ သူ့ကလေးများအတွက်လည်း ကိုက်ချီလာတတ်သည်။ မိရွှေဝါသည် အစာမစား၊ ရေမသောက်ဘဲ သုံးလေးရက်ခန့်နေလေ၏။ ခန္ဓာကိုယ်သည် ပိန်သည်ထက်ပိန်လာ၏။

ဒေါ်ပကူ၏ သားကလေးနို့စို့နေသည်ကိုမြင်လျှင် မိရွှေဝါက ပြူးတူးပြဲတဲကြည့်တတ်သည်။ တစ်ခါတစ်ရံ တဲအောက်ကိုဆင်းပြီး တညောင်ညောင်အော်လျက် ဟိုပြေး သည်ပြေးလည်း လုပ်တတ်ပြန်သည်။ ဦးငကျန်မှာ မိရွှေဝါကို ဂရုစိုက်ချိန်မရှိ။ နေ့တိုင်းတောင်ယာသွားခုတ်နေရသည်။ မနက်အစောကြီးထကာ တောင်ယာသွားခုတ်ရ၏။ ဇနီးသည် ဒေါ်ပကူမှာလည်း ကလေးကိုကျောပိုးပြီးလျှင် သူ့ခင်ပွန်းနောက်က ယာခုတ်ရန်လိုက်ရ၏။ တဲတွင် မိရွှေဝါတစ်ကောင်တည်း ကျန်ခဲ့သည်။ ညနေသူတို့ရောက်လာကြသည့်အချိန်တွင် တဲ၌မိရွှေဝါမရှိတော့ပေ။ ဦးငကျန်သည် အနီးအနားရှိ ချုံပုတ်ချုံနွယ်များတွင် လိုက်ရှာကြည့်သည်။ ပြီးလျှင် "မီမီမီ"ဟုလည်းခေါ်၏။ သစ်ပင်ဝါးပင်များကို တက်နေမည်လားဟု မော်၍ကြည့်ပြန်သည်။ သို့သော် ရှာ၍မတွေ့။ ဇနီးသည် ဒေါ်ပကူက-

"သူ့အိမ်ရှင်ဆီကိုပြေးသွားပြီ ထင်တယ်လေး"

"မဖြစ်နိုင်ဘူးလေး။ ဒီလောက်တောအထပ်ထပ်ကိုကျော်ပြီး မသွားနိုင်ဘူးထင်တယ်လေး။ အားကြီးဝေးတယ်လေး"

"ဖေကြီးရေ တောကောင်များ ဖမ်းစားသွားပြီးနဲ့ တူတယ်လေး"

သူတို့တဲနားကို တစ်ခါတလေ တောခွေးများအုပ်စုလိုက်ရောက်လာတတ်သည်။ ထိုအချိန်သည် ယာ၌ စပါးမှည့်သည့်အချိန်သာဖြစ်သည်။ စပါးမှည့်သည့်အချိန်တွင် တောဝက်များလာစားကြ၍ ထိုအချိန်ဆိုလျှင် တောဝက်များကို တောခွေးအုပ်စုက လိုက်ဖမ်းကိုက်စားတတ်သည်။ တောကြောင်များတွေ့လျှင် တောကြောင်များကို တောခွေးများက ဖမ်းစားတတ်သည်။ ဦးငကျန်သည် စဉ်းစားမရဘဲ ခေါင်းခဲလျက်သာရှိလေ၏။ နောက်တစ်ပတ် တောင်ယာမီးရှို့ပြီးမှ ရခိုင်ရွာသို့ တစ်ခေါက်ဆင်းရမည်ဟု စိတ်ပျက်လက်ပျက်နှင့် လက်လျှော့လိုက်လေ၏။

(၃)

ဦးထွန်းစံနှင့် ဒေါ်မဲညိုတို့ လင်မယားသည် မိရွှေဝါကို ဦးငကျန်ဆီပေးလိုက်သည့်နေ့မှစ၍ နှုတ်မဆက်ဘဲ ရှိနေကြသည်ဆို၏။ သားဖြစ်သူမောင်မဲထွန်းက-

"အမေရေ ကြောင်ပေါက်စတွေ ထမင်းလဲမစားကြဘူး။ ရေလဲမသောက်ကြဘူး။ သူ့အမေကိုသာ ရှာနေကြတယ်"

ထိုစကားကိုကြားသောအခါ ဒေါ်မဲညိုသည် လင်ဖြစ်သူ ဦးထွန်းစံကို ရန်ရှာလေ၏။

"ငါမပြောဘူးလား။ ဒီကြောင်တွေ နို့မပြတ်သေးပါဘူးလို့။ အခုဘယ်လိုလုပ်ရမှာလဲ။ စိတ်ညစ်ပါတယ်တော်"ဟု ဆိုကာ တဖျစ်တောက်တောက် မြည်လေ၏။ ဒေါ်မဲညိုသည် ကြောင်ပေါက်စများ နိုင်တိနေသည်ကိုကြည့်၍ စိတ်မကောင်းဖြစ်နေလေ၏။ သူ့သား မောင်မဲထွန်းငယ်စဉ်က နို့ဆာ၍လူးကာလိမ့်ကာ ငိုတောင်းသည်ကိုသတိရလာ၏။ ယခု မောင်မဲထွန်းမှာ အသက် ၁၂ နှစ်ခန့်ရှိပြီဖြစ်၏။

"အဖေရေ မိရွှေဝါကိုပြန်တောင်းပေးပါနော်။ သားသူတို့ကိုကြည့်ပြီး သနားပါတယ်အဖေရယ်"

"တောင်းရင်လဲ ရှိမှာမဟုတ်တော့ပါဘူး သားရေ။ အခုလောက်ဆိုသေပြီနဲ့တူပါရဲ့"

"ရှိမှာပါ ငါကိုငကျန်လာရင်ပြန်ယူခိုင်းလိုက်မှာပါ"

"မထင်ပါဘူးရှင်။ သူတို့တောင်ပေါ်မှာ ဟင်းငတ်ရင် အိမ်မွေးတိရစ္ဆာန်တွေပဲ ဟင်းချက်စားကြတာလေ။ ငါတော့ ရှိလိမ့်မယ်ကိုမထင်တော့ဘူး။ ဟိုတစ်ခါ ဦးချမ်းနုအိမ်က ခွေးပေါက်စတောင်းယူသွားကြတာ တစ်ပတ်တောင်မပြည့်ဘူး သူတို့ဟင်းငတ်လို့ဆိုပြီး ချက်စားလိုက်ကြပြီတဲ့"

"မိရွှေဝါတော့ မစားလောက်ပါဘူး မိန်းမရာ"

"ဩော်. . . ရှင်အာမခံနိုင်လို့လား"

"အေးပါကွာ မနက်ဖြန် ငါသွားတောင်းယူပေးပါ့မယ်မိန်းမရာ။ မဆူပါနဲ့တော့၊ မအော်ပါနဲ့တော့နော်။ ကဲ. . . သားသား မနက်ဖြန် ဖေကြီး သွားတောင်းယူလာခဲ့ပေးမယ်နော်။ ဒီညတစ်ညလောက်တော့ သည်းခံပြီး စောင့်ပေးအုံးနော်"

"အဖေ တကယ်ပြောတာနော်"

"တကယ်ပေါ့သားရေ ဖေကြီး မနက်ဖြန်ရအောင် ယူလာခဲ့မယ်"

စာမျက်နှာ ၂၅ သို့ ➤

# ဟုမ္မလင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးဧက ၆၄၁၆၀ စိုက်ပျိုးပြီးစီး



ယခင်နှစ်က မိုးစပါးစိုက်ခင်းကို တွေ့ရစဉ်။

**ဟုမ္မလင်း အောက်တိုဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင် ဟုမ္မလင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးဧက ၆၄၁၆၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြ၍ သိရသည်။

ဟုမ္မလင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးဧက ၆၄၃၁၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၆၄၁၆၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဟုမ္မလင်းမြို့နယ်မှာ မိုးစပါးဧက ၆၄၃၁၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိတော့ မိုးစပါးဧက ၆၄၁၆၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မိုးစပါးသတ်မှတ်လျာထား ချက်ပြည့်မီအောင် လိုအပ်တဲ့နည်းပညာ၊ မျိုးတွေ ဆောင်ရွက်ပေးနေတယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေအချိန်မီ စိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်နေပါတယ်" ဟု မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြသည်။

ယခုနှစ် ဟုမ္မလင်းမြို့နယ်တွင် မိုးစပါးစိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးနည်းစနစ်များ၊ မျိုးကောင်းမျိုးသန့်စိုက်ပျိုးရန်၊ ပိုးမွှားကျရောက်မှုမှ ကာကွယ်နိုင်ရန်၊ အထွက်နှုန်းကောင်းမျိုးများ စိုက်ပျိုးရန်နှင့် သဘာဝမြေဩဇာများ သုံးစွဲရန် နည်းပညာများဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

၂၀၂၂ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက ဟုမ္မလင်းမြို့နယ်တွင် မိုးစပါးစိုက်ပျိုးမှုကို ၂၀၂၂ ခုနှစ် ဇွန်လမှစတင်၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ ဧက ၆၄၁၆၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ (၂၀၆)

➤ စာမျက်နှာ ၂၄ မှအဆက်

သားဖြစ်သူ မောင်မဲထွန်းမှာ ကျေနပ်သည့်အပြုံးဖြင့် သူ့အဖေကို ကြည့်ကာ တစ်ချက်ပြုံးပြလိုက်သည်။ ထို့နောက် စပါးကျီအောက်တွင် ဟိုပြေးသည်ပြေးလုပ်နေသည့် ကြောင်ပေါက်စသုံးလေးကောင်ကို ပြန်စုပြီး နေရာတကျပြန်ထားလိုက်သည်။ ကြောင်ပေါက်စများက နို့ဆာ၍ တညောင်ညောင်အော်ကြ၏။

"အေးပါကွာ မငိုကြပါနဲ့တော့။ မင်းတို့အမေကို မနက်ဖြန် ငါ့အဖေကြီးက ပြန်ယူလာပေးမှာနော်။ အဲဒီအခါကျရင် မင်းတို့ နို့ဝအောင်စို့ကြပေတော့ကွာ"ဟု မောင်မဲထွန်းက ကြောင်ပေါက်စလေးများကို ပြောနေလေ၏။ မောင်မဲထွန်းမှာ အနောက်ဘက်သို့ ယွန်းစပြုနေသောနေလုံးကြီးကို ကြည့်လျက် "နေမင်းကြီးရယ်မြန်မြန်သာဝင်ပါတော့ကွာ"ဟု စိတ်ထဲက ကျိတ်ပြီးဆုတောင်းနေလေ၏။

(၄)

မိရွှေဝါသည် သစ်ပင်ကြီးတစ်ပင်ပေါ်တက်လျက် ဟိုဟိုသည်သည် အဝေးကိုလှမ်းကြည့်၏။ ထို့နောက် ဆင်းပြေးလေသည်။ ပြေးနေရင်း မော၍ ခဏရပ်ကာ စမ်းချောင်းမှစီးဆင်းနေသော ရေအနည်းငယ်ကို သောက်လိုက်၏။ ထို့နောက် ဆက်ပြေးပြန်သည်။ လမ်းတွင် ဝါးတော၊ ဆူးတော၊ ချုံတောများကို ဖြတ်လာရသည်။ ပြေးနေရင်း "နဲ့ရွဲဆူး"များ ခြစ်မိ၍ ခန္ဓာကိုယ်၌သွေးစများ အနည်းငယ်ထွက်သွားလေသည်။ ရှေ့တွင် ကညင်ပင်ကြီးတစ်ပင်တွေ့သည်။ ထိုအပင်ပေါ် ပြေးတက်သည်။ ပြီးလျှင် အနောက်ဘက်သို့ ဟိုဟိုသည်သည်လှမ်းကြည့်ပြန်၏။ သူ့နားဖြင့် နားစွင့်ထောင်ကြည့်ပြန်သည်။ ရှေ့က လူသံလိုလို ခွေးသံလိုလိုကြားရပြန်သည်။ မိရွှေဝါသည် ဆက်၍ပြေး၏။ နေလုံးသည်ကား တဖြည်းဖြည်းငုပ်လျှိုးနေသည်မှာ ဝါးတစ်ပြန်ခန့်သာကျန်တော့၏။ မိရွှေဝါသည် အားကုန်ပြေးလေ၏။ အစာမစားရဘဲ သုံးလေးရက်ခန့်ရှိပြီဖြစ်၍ အားအင်များကကုန်ခန်းနေ၏။ ပြေး၍မောလာသည့်အခါ ခန္ဓာကိုယ်ပင်ဒယိမ်းဒယိုင်ဖြစ်လာသည်။ ထို့နောက် လူသံနှင့် ခွေးဟောင်သံများကို ထပ်ကြားရသည်။ မိရွှေဝါသည်ရွာနှင့်နီးပြီဟု သိလိုက်၏။ ထို့နောက် ဆက်၍ ပြေးပြန်သည်။ သူ့နောက်က ခွေးဟောင်သံများသည် ကျယ်ကျယ်လောင်လောင်ကြီး ဝေါင်းခနဲ ဝေါင်းခနဲ ကြားလာရသည်။ မိရွှေဝါသည်ကြောက်၍ ဆက်ပြေး၏။ ထို့နောက် "လိုက်ကြကွလိုက်ကြမလွတ်စေနဲ့"ဟု လူသံများပါ ထပ်ကြားလာရသည်။ မိရွှေဝါသည်သစ်ပင်ပေါ်တက်ရန်ပင် အားမရှိဖြစ်လာ၏။ ခွေးသံ၊လူသံများဆူညံနေ၍ မိရွှေဝါသည် စိုးရိမ်ထိတ်လန့်လာ၏။ သူ့သခင်အိမ်ကို သည်နေ့ရောက်ရော ရောက်နိုင်ပါဦးမည်လောဟူသည့် စိုးရိမ်စိတ်ကဝင်လာပြန်၏။ ခွေးအကိုက်ခံရမည်လားစိုးရိမ်စိတ်က ထပ်ဝင်လာပြန်သည်။ စပါးကျီအောက်တွင်ကျန်နေရစ်ခဲ့သည့် သူ့ကလေးများကိုမြင်ယောင်လာပြန်သည်။ မိရွှေဝါသည် သစ်ပင်တစ်ပင်ပေါ်ကို ကမန်းကတန်းပြေးတက်လိုက်၏။ အောက်သို့ပြန်၍ လျှောဆင်းပြန်သည်။ နောက်တစ်ခေါက်အားကုန်ထည့်၍ပြေးတက်ပြန်၏။ အောက်ကို ငုံ့ကြည့်လိုက်သောအခါ ခွေးများသည် သစ်ပင်ခြေရင်းကိုရောက်နှင့်နေကြပြီ။

"မလွတ်စေနဲ့ကွာ၊ ပစ်ကြကွာ"ဟု နောက်ထပ်လူသံများလည်း ကြားလာရသည်။ မိရွှေဝါသည် ကြောက်လျက် ခန္ဓာကိုယ်တဆတ်ဆတ်တုန်နေလေ၏။ သစ်ပင်ပေါ်ကြည့်ပြီး ခွေးများ ဝေါင်းခနဲ ဝေါင်းခနဲ ဟောင်နေကြသည်။ ခဏကြာသည့်အခါ လူတချို့သည် မိရွှေဝါတက်နေသည့် သစ်ပင်အနားသို့ရောက်လာကြသည်။ လက်ထဲတွင် လေးခွတို့အသင့်ကိုင်ဆောင်ထားကြ၏။ မိရွှေဝါသည် ကြောက်၍တညောင်ညောင်အော်၏။ အမဲလိုက်လာသူများထဲမှ ခေါင်းဆောင်ဟုယူဆရသူက "ဒီကြောင်က တောကြောင်မဟုတ်ဘူးကွ။ အိမ်မွေးကြောင်ကွ"ဟု သူ့ခန္ဓာကိုယ်ကို ကြည့်ပြီးမှတ်ချက်ပြုသည်။ တောကြောင်ဆိုလျှင် သည်လိုသစ်ပင်ပေါ်က တညောင်ညောင် အော်မည်မဟုတ်။ ခန္ဓာကိုယ်ကလည်း ရွှေရောင်ကဲ့သို့ မရှိ။ တောကြောင်အများစုသည် ခန္ဓာကိုယ်အကွက်အပြောက်နှင့် မည်းမည်းစင်းစင်းသာရှိသည်။ မျက်နှာမှာ စုတ်ချွန်းချွန်းဖြစ်သည်။ ဤကြောင်သည် ရွာကတောထွက်နေသည့်ကြောင်ဖြစ်ရမည်ဟု တစ်ယောက်က မှတ်ချက်ပြုပြန်၏။ ထို့နောက် တောလိုက်အဖွဲ့သည် မိရွှေဝါကို မသတ်ကြဘဲ ထားရစ်ခဲ့ကြသည်။ မိရွှေဝါသည် ကြောက်လျက်လှုပ်ပင်မလှုပ်ရဲဖြစ်နေလေ၏။ သူတို့ပြန်သွားကြသည့်အခါ မိရွှေဝါသည် ကပျာကသီဆင်း၍ ပြေးပြန်သည်။ နေလုံးသည် မှိန်သည်ထက်မှိန်လာ၏။ ရွာနှင့်လည်း နီးသည်ထက်နီးလာ၏။ မောသည်ထက်မောလာ၏။

(၅)

မောင်မဲထွန်းသည် ကြောင်ပေါက်စများကို စိတ်မချဖြစ်နေလေ၏။ ကြောင်ပေါက်စများ နို့မစို့ရသည်မှာ သုံးလေးရက်ခန့်ရှိပြီဖြစ်သည်။ သည်ညနေ အသက်များထွက်သွားကြလေမလားဟူသော စိုးရိမ်စိတ်မျိုးဖြင့် မအိပ်နိုင်ဘဲ ခဏခဏထကြည့်နေလေ၏။

"အိပ်စမ်းပါအုံးသားရေ မနက်ဖြန်ဖေကြီးယူပေးမှာပါကွာ"ဟု ဦးထွန်းစံက သူ့သားမောင်မဲထွန်းကို ချော့မော့၍ပြော၏။ သို့သော် မောင်မဲထွန်းသည် အိပ်မရနိုင်ဘဲ ကြောင်ပေါက်စလေးများအစာမစားသည်ကိုပင် စဉ်းစားရင်းငေးနေရှာသည်။ အိပ်ရာကထ၍ "ရှူးပေါက်ချင်တယ်ဖေကြီးရာ၊ သားအောက်ကို ခဏဆင်းလိုက်အုံးမယ်"ဟုဆိုကာ ကြောင်ပေါက်စလေးများရှိသည့် စပါးကျီအောက်သို့ရောက်သွားပြန်၏။ သည်တစ်ခေါက်ကြောင်ပေါက်စများကို ကြည့်လိုက်သည့်အခါသူနေရာချထားသည့်လက်ရာများအတိုင်းမဟုတ်ဘဲ အနေအထားပျက်နေလေသည်။ ကြောင်ပေါက်စများကလည်း တလှုပ်လှုပ်လှုပ်နေကြသည်ကို မှုန်ဝါးဝါးမြင်ရသည်။ မောင်မဲထွန်းသည် အိမ်ပေါ်သို့ ကပျာကသီပြေးတက်ပြီး လက်နှိပ်ဓာတ်မီးကိုသွားယူလိုက်၏။ ပြီးလျှင် ကပျာကသီပြန်ပြေးဆင်းလာပြန်သည်။ ထို့နောက် စပါးကျီအောက်သို့ ဓာတ်မီးဖြင့်ထိုးကြည့်လိုက်သောအခါ မိရွှေဝါသည် ကြောင်ပေါက်စများကို နို့တိုက်နေလေပြီ။ မောင်မဲထွန်း၏ပါးစပ်က "မိရွှေဝါဟုတ်တယ်၊ မိရွှေဝါမှမိရွှေဝါအစစ်"ဟု ရေရွတ်နေလေသည်။

"အမေရေ မိရွှေဝါပြန်ရောက်နေပြီဗျ၊ လာကြည့်ကြပါအုံး။ ဒီမှာ သူ့ကလေးတွေကို နို့တိုက်နေတယ် လာကြည့်ကြပါအုံး။ အမယ်လေး. . . ပျော်လိုက်တာကွာ"

ဦးထွန်းစံနှင့် ဒေါ်မဲညိုသည် အိမ်ပေါ်မှ အူယားဖားယားဖြင့် ပြေးဆင်းလာကြပြီး စပါးကျီအောက်တွင် တလှုပ်လှုပ်လှုပ်နေသည့် ကြောင်များကို လှမ်းကြည့်လိုက်သောအခါ မိရွှေဝါမှ မိရွှေဝါအစစ် ဖြစ်နေသည်။ ကြောင်ပေါက်စများကလည်း ငတ်နေသည့်နို့ကို အတိုးချလျက်တိုးဝှေ့ကာ စို့နေကြဟန်တူသည်။ မောင်မဲထွန်းသည် မိရွှေဝါအိမ်သို့ ပြန်ရောက်လာသည်ကိုပျော်၍ သူ့အဖေနှင့်အမေကို ခုန်ပေါက်ပြီး အားရပါးရပြေးဖက်ထားလိုက်လေသည်။

## မြန်မာ့လူငယ် ဂုဏ်ယူမယ်

\- လူငယ်တွေ အချိန်ခါမရွေးနဲ့
အလေးထားကွဲ့ ဆင်ခြင်စရာ၊
ကိုယ့်တာဝန် ကိုယ်သိတတ်လို့
မပြတ်လိုက်နာ၊
ကိုယ့်လုပ်ရပ် မြန်မကြာ
ဖန်ခါခါ စိစစ်ပေး၊
အပြစ်အနာ မချွတ်ယွင်းအောင်
လွတ်ကင်းဖို့လေး။

\- တာဝန်ကို ပေါ့ပေါ့တွေးလို့
လျှော့ပေါ့ရေး မလုပ်စေချင်၊
စေတနာ မေတ္တာစွက်
နှစ်သက်ခုံမင်၊
လူသားချင်း စာနာစိတ်ဝင်
မညှာတာနှိပ်ချင် မပြုနဲ့
မြင်ရသူ မုန်းမာန်ပွားမယ်
အများကဲ့ရဲ့။

\- အလုပ်ဂုဏ်သည် တုနှိုင်းမဲ့သမို့
စုဝိုင်းဖွဲ့ နှီးနှောစေ၊
ရိုးသားကာ နိုးကြားလို့
ကြိုးစားစို့လေ၊
အနာဂတ်အတွက် လူငယ်တွေ
မူမဖည်သွေ ရှေ့ဆက်လှမ်း၊
ကမ္ဘာမှာ
မြန်မာသာ တံခွန်စိုက်မယ်ကွဲ့ရယ်လို့
ကြွေးကြော်လိုက်စမ်း။ ။

**စန်းထက်(ဖန်ခါးမြေ)**

# မိုးမိတ်မြို့နယ် အာသံကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

**မိုးမိတ် အောက်တိုဘာ ၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်ခရိုင် မိုးမိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဖြင့် အာသံကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးမိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးဇော်ထွန်း၊ မြို့နယ်ဦးစီးမှူး ဦးနိုင်ထက်အောင်နှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ကော်မတီဝင်များနှင့်အတူ အာသံကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးမျိုးဇော်ထွန်းက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

အာသံကျေးရွာတွင် အရှည်ပေ ၆၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၂၉ ဒသမ ၃ သိန်း အသုံးပြုကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် စက်တင်ဘာလပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးမျိုးဇော်ထွန်းက ပြောပြ၍ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# ကိုယ်စီဘဝလမ်း

**ဥပမာပြ သာဓက**

ဘုရားစောင်းတန်းမှာ ပန်းရောင်းတဲ့မိန်းမပျိုလေး တစ်ယောက်ဟာ ကနေ့တော့ ပန်းမျိုးစုံ စောစောစီးစီး ရောင်းလို့ကောင်းခဲ့တာမို့ သူတော်တော်ပျော်တယ်။ ခါတိုင်းဆို ညနေမိုးချုပ်တဲ့ထိ ပန်းတွေအများကြီး ကျန်နေအောင် ရောင်းမကောင်းတဲ့ နေ့ရက်မျိုးလည်း ရှိတတ်တယ်လေ။ ကနေ့တော့ နှင်းဆီအနီရောင်လေး နှစ်ပွင့်နဲ့ ပန်းရောင်လေးတစ်ပွင့် ဒီပန်းသုံးပွင့်ကလွဲလို့ ပန်းစည်း၊ ပန်းကုံး၊ ပန်းပွင့်၊ အကုန်လုံးရောင်းလို့ ကုန်သွားပြီမို့ ပန်းဆိုင်ကို စောစောသိမ်းပြီး ပြန်ခဲ့ပြီ။ လမ်းမှာ ရင်ဆိုင်တွေ့တဲ့သူကို ဒီပန်းလေးတွေ တစ်ပွင့်စီ ပေးဝေလိုက်မယ်။ စိတ်ကူးအတွေးနဲ့ ပျော်ပျော်ရွှင်ရွှင် လျှောက်လာခဲ့တယ်။

လမ်းတစ်လျှောက်မှာ လူရှင်းလှတယ်။

တော်တော်လေးလျှောက်လာမှ အမျိုးသမီးနှစ်ဦး မျက်နှာချင်းဆိုင်တွေ့ရတယ်။ သူက တစ်ယောက် တစ်ပွင့်စီပေးတော့ ရောင်းတာမှတ်လို့ငြင်းကြတယ်။ "လက်ဆောင်ပေးတာပါ" ဆိုမှ ပြုံးဖြဖြနဲ့ ယူသွားကြတယ်။ ကျေးဇူးတင်တယ်တောင် ပြောမသွားပေါင်၊ လှည့်တောင်မကြည့်ကြဘူး။ တစ်ပွင့်ကျန်တဲ့ပန်းရောင်နှင်းဆီလေးကို ဒီတစ်ခါတွေ့တဲ့လူပေးမယ်လို့။ လမ်းသွားလမ်းလာက လူရှင်းနေတယ်။ သစ်ပင်ရိပ်က လမ်းဘေးတစ်နေရာမှာ သူတောင်းစားတစ်ယောက်၊ အဝတ်အစားညစ်ညစ်နွမ်းနွမ်းနဲ့၊ ဦးထုပ်စုတ်ကြီးတစ်ခု မျက်နှာအုပ်ပြီးဆောင်းထားရဲ့။ သူခြေသံကြားတော့ မော့ကြည့်၊ သူ့ရှေ့ကခွက်ထဲ နှင်းဆီပန်းတစ်ပွင့်ထည့်လိုက်။

**ကျေးဇူး**

ထိုလူက တအံ့တသြ သူ့မျက်နှာမော့ကြည့်ကာ "ကျေးဇူးတင်ပါတယ်ခင်ဗျာ"တဲ့ တိုးညင်းတဲ့လေသံနဲ့ ပြောပါတယ်။ ပိုက်ဆံပေးဖို့တော့ စိတ်ကူးမရှိခဲ့လို့ မပေးခဲ့မိပါ။ ကဲ ကနေ့တော့ တစ်ပွင့်မှမကျန်အောင် ပန်းတွေအကုန်ကုန်ခဲ့လို့ ဝမ်းသာပျော်ရွှင်တယ်။ အိမ်စောစောပြန်နိုင်လို့ ကျေနပ်ရွှင်မြူး။

ဒီအမျိုးသမီးရဲ့ ကြည်နူးပြုံးရွှင်တဲ့ ဟန်ပန်အမူအရာ၊ သူပေးသွားခဲ့တဲ့ ပန်းနုရောင်နှင်းဆီတစ်ပွင့်၊ သူတောင်းစားဖြစ်သူဟာ ငေးကြည့်ရင်း ဆက်ထိုင်ပြီး တောင်းနေဖို့ရာ ပျင်းသွားတယ်။ သူ့ကိုယ်သူ ပြန်သတိပြုကြည့်လိုက်မိပြီး မသတီသလိုလို၊ မကျေနပ်သလိုလို စဉ်းစားခံစားမိတယ်။ မိုးမချုပ်သေးပေမယ့် ဆက်ပြီးတောင်းမနေတော့ဘူး။ သူနေတဲ့ အသိုက်ဆီကို ပြန်ခဲ့တယ်။ သူနေတာက မြို့ပြင်မှာရှိတဲ့ အမှိုက်ပုံကြီးနဲ့၊ ချောင်းလေးတစ်ခုရဲ့ မနီးမဝေးတောစပ်ချုံထဲမှာ အိမ်မဟုတ်တဲ့ လေးတိုင်စင်မိုးကာ တဲပုတ်လေးပါ။

သူဟာ အသက်မငယ်တော့ပါဘူး။ သူ့အသက်အရွယ်ဟာ အိုမင်းမစွမ်းလည်းမဟုတ်၊ မသန်မစွမ်းလည်းမဟုတ်။ ဂုဏ်သိက္ခာကင်းမဲ့လို့ သာမန်လူတွေ ဘယ်သူမှမလုပ်ချင်တဲ့ လမ်းဘေးသူတောင်းစားဘဝ။ အရှက်မရှိ မာန်ကိုချပြီး မျက်နှာဖုံးကာ အောက်ကျနောက်ကျ၊ လူတကာကို အောက်ကျို့တောင်းခံရင်း တစ်နေ့စာ တစ်နေ့ ထမင်းနပ်မှန်အောင်တော့ စားရတဲ့အပြင် မသောက်မစား၊ လောင်းကစားမလုပ်ရင် စုမိဆောင်းမိရှိပါသေး။ ကျေနပ်နေခဲ့မိတာလေ။

ကနေ့ရလာတဲ့ နှင်းဆီပန်းလေးကို ပုလင်းအစိမ်းရောင်လေးတစ်လုံး၊ သေသေချာချာ ဆေးကြော၊ ရေထည့်၊ ပန်းအိုးလေးအဖြစ် ထိုးစိုက်။ သူ့စားပွဲအဖြစ်သုံးတဲ့ ထင်းရှူးပုံးသေတ္တာလေးကို သန့်ရှင်း။ စားပွဲခင်းအဖြစ် ခပ်လတ်လတ် ပုဆိုးတစ်ကွင်းခေါက်ပြီးခင်း၊ ပန်းအိုးလေးကိုတင်။ တော်တော်ကျက်သရေရှိတာပဲ။ ပေပေတေတေ၊ စုတ်စုတ်ပြတ်ပြတ်နေခဲ့တာ သတိထားမိ။ နံရံက ရှုပ်ပွထိုးညှပ်ထားတာတွေရှင်း။ ပင့်ကူမြေးတွေ ရှင်းလင်း။ ဖုန်တွေ အမှိုက်တွေ ဖုန်ခါ။ သန့်ရှင်းအောင် တဲတစ်ခုလုံး သန့်ရှင်းသန့်ပြန့်သွားပြီ။

**ရုပ်ပြောင်း**

ဒီနေရာလေးဟာ နေပျော်စရာနေရာလေး ခုမှပဲ ဖြစ်တော့တယ်။ ဒါပေမဲ့ မိန်းမပျိုတစ်ဦးက မမျှော်လင့်ဘဲ ပိုက်ဆံမထည့်ဘဲ နှင်းဆီပန်းလေးတစ်ပွင့် ကမ်းလင့်ပေးခဲ့လိုက်တဲ့ အချိန်ကစပြီး သူ့အတွေးဟာ သူတောင်းစားလုပ်နေရတာကို ရှက်ရွံ့အားနာသွားပြီး **"ယောကျ်ားသားတစ်ယောက်အနေနဲ့ လူကောင်းလူတော်ဖြစ်အောင် ပြောင်းလဲမယ်"**လို့ သူ့စိတ်မှာ ခိုင်ခိုင်မာမာ ရည်မှန်းချက်ချမှတ်ဆုံးဖြတ်လိုက်ပါပြီ။

မိုးချုပ်လုပြီ၊ ညနေရီ။ တဲဘေးက ချောင်းလေးထဲဆင်းပြီး ဆပ်ပြာခဲလေးနဲ့တိုက်ကာ ရေစိမ်ချိုးလိုက်တယ်။ မရှင်းလန်းတဲ့အတွေးတွေနဲ့ ဝေဝါးနေတဲ့ လူငယ်ဟာ တဲထဲရောက်တော့ သူ့အဝတ်အစား အိတ်ထဲက အသန့်ရှင်းဆုံး အင်္ကျီနဲ့ ပုဆိုးကို ထုတ်ပြီး လဲဝတ်တယ်။ ခေါင်းကို ဆံပင်ရေစင်အောင်သုတ်ပြီး အုန်းဆီထည့်၊ ခေါင်းဖြီး၊ ထိုးထိုးထောင်ထောင် မုတ်ဆိတ်၊ နှုတ်ခမ်းမွေးတွေရိတ်။ ဝါးထရံမှာညှပ်ထားတဲ့ မှန်ကွဲလေးကိုယူပြီး သူ့ပုံကိုသူ ပြန်ကြည့်မိတယ်။ မှန်မကြည့်တာ နှစ်နဲ့ချီပြီး ကြာခဲ့ပြီလေ။ ဩော်. . . ဒါဟာငါပဲ။

**စိတ်ပြောင်း**

ဆံပင်အနည်းငယ်ရှည်ပေမယ့် သေသေချာချာ ဖြီးသင်ထားတော့ သပ်ရပ်နေပါလား။ မျက်လုံး၊ မျက်ခုံး၊ နှာတံ၊ နှုတ်ခမ်း၊ မေး၊ လည်တိုင်၊ ပြောစရာ အပြစ်အနာအဆာဘာမှမရှိ။ ငါဟာ သူတောင်းစားရုပ်မဟုတ်ဘူးထင်ပါရဲ့။ ဖျတ်ခနဲသိရ၊ စိတ်ဟာ လူကို ကောင်းစွာပြောင်းလဲနိုင်တယ်။ အမှိုက်ပုံကြီးဘေးက လူသူဝေးရာ တဲကုပ်ကလေးထဲက ထိုလူရွယ်ဟာ ထွက်ခွာသွားပါပြီ။

**အလုပ်ပြောင်း**

အတတ်ပညာဘာမှမရှိတော့ အသယ်အထမ်း အလုပ်ကြမ်းအလုပ်သမား လုပ်ရတယ်။ စတင်ချိန်က ပင်ပန်းလှပေမယ့် သူ့ရဲ့စနစ်တကျ ကြိုးစားမှုနဲ့ အလုပ်ကြပ်၊ အလုပ်သမားမှူး စသဖြင့် အလုပ်ရှင်က တာဝန်တိုးပေး၊ လစာမြှင့်ပေး။ ရှစ်နှစ်မျှကြာတဲ့အခါ သူ့ကို စားသောက်ကုန် လုပ်ငန်းရှင်သူဌေးတစ်ဦးအဖြစ် တွေ့မြင်ရပါတော့တယ်။ ကြည့်စမ်း။

ထိုအချိန် သူပိုင်ဆိုင်တဲ့ အိမ်၊ ခြံ၊ မြေ၊ စက်ရုံ၊ ကုန်ပစ္စည်းငွေကြေးတန်ဖိုး သန်းနဲ့ချီတန်နေပါပြီ။ တစ်ချိန်က သူ့ကို နှင်းဆီပန်းတစ်ပွင့်ပေးခဲ့သူ အမျိုးသမီးကို တွေ့အောင်ရှာပြီး ငွေကျပ်သိန်းရာချီနဲ့ သူ့စက်ရုံထုတ်ပစ္စည်းတွေ လက်ဆောင်ပေးအပ်ပွဲနဲ့ ကျေးဇူးဆပ်လိုက်တယ်။ မြို့မိ၊ မြို့ဖတွေ အများရှေ့မှာ ကျေးဇူးရှိခဲ့လို့ ကျေးဇူးဆပ်တာပါ။ သူ့ဘဝကို ပြောင်းလဲတဲ့ အတွေးအမြင်ရလာအောင်ဖြစ်ခဲ့ရလို့ ကျေးဇူးပြုခြင်းမျှပါလို့ သူကပြောတော့ ထိုအမျိုးသမီးခမျာ အံ့သြဝမ်းသာ မျက်ရည်လည်လို့ **"မယူပါရစေနဲ့ သူဒီလိုမမျှော်လင့်ခဲ့ပါဘူး"**တဲ့။

ပေးဝေခြင်းရဲ့ ဒါနကုသိုလ်၊ ကောင်းကျိုးဆိုတာ ပြန်တောင်းစရာမလို။ လောကဓမ္မသဘာဝအရ အဆများစွာ တိုးပွားကာ ပြန်ရလာစမြဲပါပဲ။ မယူလိုပေမယ့် ရတယ်လေ။ ဘဝဆိုတာ ရပ်မနေဘူး။ အရာရာဟာ ပြောင်းလဲရွေ့လျား၊ ဖြစ်ခြင်းပျက်ခြင်းအစဉ်တွေနဲ့ တစ်ရံမလပ် သွားနေတယ်။ သေချာတာကတော့ ဒါန၊ သီလ၊ ဘာဝနာ၊ မေတ္တာ၊ ကုသိုလ်တရားဆိုတာ ကောင်းကျိုးတွေ မရေမတွက်နိုင်အောင်ရပါတယ်။ **ပေးပါ၊ ပေးဝေပါ။ ပေးဝေဖို့ရာ အမြဲစိတ်ကူးပါ။ စာနာမှုပေးပါ။ ကြင်နာမှုပေးပါ။**

❖ ပေးဝေခြင်းရဲ့ ဒါနကုသိုလ်၊ ကောင်းကျိုးဆိုတာ ပြန်တောင်းစရာမလို။ လောကဓမ္မသဘာဝအရ အဆများစွာတိုးပွားကာ ပြန်ရလာစမြဲပါပဲ။ မယူလိုပေမယ့် ရတယ်လေ။ ဘဝဆိုတာ ရပ်မနေဘူး။ အရာရာဟာ ပြောင်းလဲရွေ့လျား၊ ဖြစ်ခြင်းပျက်ခြင်းအစဉ်တွေနဲ့ တစ်ရံမလပ်သွားနေတယ်။ သေချာတာကတော့ ဒါန၊ သီလ၊ ဘာဝနာ၊ မေတ္တာ၊ ကုသိုလ်တရားဆိုတာ ကောင်းကျိုးတွေ မရေမတွက်နိုင်အောင်ရပါတယ်။ ပေးပါ၊ ပေးဝေပါ။ ပေးဝေဖို့ရာ အမြဲစိတ်ကူးပါ။ စာနာမှုပေးပါ။ ကြင်နာမှုပေးပါ။ ❖

အခုလိုငယ်ရွယ်နုနယ်စဉ်မှာ ကောင်းမွန်တဲ့၊ လုပ်သင့်လုပ်ထိုက်တဲ့ အပြုအမူ၊ အပြောအဆို၊ အတွေးအကြံတွေကို မှန်ကန်စွာရွေးချယ်ကျင့်ကြံစေတဲ့ စာကောင်းပေကောင်းတွေ အချိန်ရသမျှ ဖတ်သင့်ပါတယ်။ စာတွေ့သိမှ မြင်ကွင်းကျယ်မြင်ရ။

**ဓာတွေ့သိရ**

စိုး အီလက်ထရွန်နစ်ကုမ္ပဏီကြီးကို ထူထောင်အောင်မြင်ခဲ့တဲ့ **ဦးစိုးတင့်ရဲ့ ငယ်စဉ်ဘဝ** ဆင်းရဲကြမ်းတမ်းစွာ ရုန်းကန်ခဲ့ရတဲ့ဘဝမှ ကုသိုလ်ကောင်းမှု မရေမတွက်နိုင်အောင် လုပ်ဆောင်တာတွေတွေ့ရမယ်။ ပျဉ်မနားတစ်မြို့လုံးက ခေါင်းရွက်ဈေးသည်တွေကို ပေးဝေခဲ့တယ်။ ပျဉ်မနားတစ်မြို့လုံးက အနေ့းယာဉ်သမားအားလုံးကို ပေးဝေခဲ့တယ်။ အထက်တန်းကျောင်းဆောင်တွေ၊ ရပ်ကွက်ဓမ္မာရုံတွေ၊ လမ်း၊ တံတား၊ မရေမတွက်နိုင်တဲ့ ပေးလှူခြင်းတွေ။

အောင်သမာဓိရွှေဆိုင်နှင့် ကျောက်မျက်ရတနာဆိုင်ပိုင်ရှင် ဦးအောင်တဲ့။ ငယ်စဉ်ဘဝ ကျေးရွာလေးမှာ အမေကုန်စိမ်းသည်က **ဆယ်တန်းကျတဲ့ မောင်အောင်ဆန်းဝင်း**ကို မျှစ်ရေဆေးခိုင်းတယ်။ ချဉ်ပေါင်ရွက်၊ ကန်စွန်းရွက်စည်းခိုင်း၊ မုန်လာ၊ ဂေါ်ဖီ၊ ခရမ်းချဉ်ရေဆေးခိုင်း။ ရွှေတောသွားပြီး ကွမ်းယာဗန်းချ၊ လမ်းဘေးကွမ်းယာဆိုင်ရောင်းခဲ့ရတဲ့ဘဝမှ သူဌေးကြီးအောင်သမာဓိ ဦးအောင်တဲ့။ တရားဓမ္မဟောပြောတဲ့ ဆရာဝန်ကြီး ဒေါက်တာ စိုးလွင်ကို ဓမ္မာရုံကြီး ဆောက်ပေးပြီး တရားသင်တန်းဖွင့်ပေး။

မန္တလေးက ယူဒီ ဦးခင်မောင်ဝင်းဆိုတဲ့ သူဌေးကြီး အတန်းပညာ ဆယ်တန်းမအောင်ပါ။ **တောမှာ ထင်းခုတ်တူး၊ ထင်းရောင်းစားရတဲ့ကလေး၊ ခြောက်တန်းပဲအောင်။** မြို့တက် ဝပ်ရှော့ကားရေဆေးသမား၊ ကားမောင်း၊ ကားပြင်၊ သူဌေးဖြစ်။

မကွေးတိုင်းဒေသကြီး ရောဝတီမြစ် အနောက်ဘက် မင်းဘူး၊ စလင်း **တောရွာဇာတိ၊ မောင်သန်းဝင်း**တဲ့၊ ရေနံချောင်း၊ ရေနံမြေမှာ **မြေကျင်းတူး အလုပ်သမားဘဝ**၊ ဆင်းရဲလွန်းလှတာနဲ့ မန္တလေး ရပ်ဆွေရပ်မျိုးဘုန်းကြီးရှိတဲ့ကျောင်းမှာ မှီခိုကပ်ရပ်နေ ဆံပင်ညှပ်ပညာသင်။ ဆံပင်ညှပ်ဆရာဘဝ ချွေတာစုဆောင်း၊ ဆံပင်ညှပ်ဆိုင်ပိုင်ရှင်၊ ရသမျှ မန္တလေး ဝန်းကျင်မြေကွက်ဝယ်စု၊ တန်ဖိုးတွေမြင့်တော့ တိုက်ကြီး လေးထပ်ဆောက်၊ ဆံသနှင့် အလှပြင်စတိုးကြီး အကြီးကြီး မြို့လယ်မှာပိုင်ဆိုင်။ မန္တလေးမှာ။

## စာဖတ်သူတစ်ဦး

ကျိုင်းတုံမြို့အစွန်က ရွာကလေးမှာ လယ်သမားလင်မယားက မွေးဖွားလာတဲ့ ကလေးတစ်ယောက်ရှိခဲ့တယ်။ ဦးစိုင်းယီ၊ နန်းဆိုင်ဖောင်ရဲ့သား စိုင်းတစ်အောင်တဲ့။ လယ်လုပ်သူ ဖခင်ကွယ်လွန်တော့ **မောင်စိုင်းတစ်အောင်**နဲ့ သူညီ ငယ်ငယ်ရွယ်ရွယ် ကျွဲနဲ့ဖက်ရုန်းပြီး လယ်ထွန်ခဲ့ရ။ ဆင်းရဲလို့ ဘုန်းကြီးကျောင်းမှာအပ်နှံ ကိုရင်ဝတ်ကြရ။

အသက် ၁၇ နှစ်လောက်ရောက်တော့ **ကားပေယ် ယာလုပ်ခဲ့။** နောက်တော့ ကျိုင်းတုံ၊ တာချီလိတ် ပြေးဆွဲတဲ့ ကားဒရိုင်ဘာဖြစ်လာ။ ငွေလေးစုစုဆောင်းဆောင်းရှိတော့ မသောက်မစား လိမ္မာတော့ လူတိုင်းက ချစ်ကြ။ ကားတစ်စီး အဟောင်း ငွေကျပ် ၈၅၀၀ လောက်တန်တာကို စိုင်းတစ်အောင်ကိုတော့ ငွေကျပ် ၅၀၀၀ ပဲထားပြီး အကြွေး ခြောက်လဆိုင်းနဲ့ ရောင်းပေးလိုက်ပါကွာ ကားဆရာတွေက ဝိုင်းပြီး မေတ္တာရပ်ခံလို့ ကားမောင်းဘဝ ကားပိုင်ဖြစ်။ ကြိုးစားတော့ ဂျစ်ကား ငါးစီး ပိုင်ရှင်ဖြစ်။ ရိုးသားမှု၊ ကြိုးစားမှု၊ လူကြီး၊ လူငယ် ပတ်ဝန်းကျင်ကို စိတ်ကောင်းစေတနာနဲ့ (သူတစ်ပါးအပေါ်) အမြဲတစေ ကူညီပေးကမ်းစောင့်ရှောက် (အနစ်နာခံမှု)များလာတော့ နောင်တုံကုမ္ပဏီဆိုတဲ့ ဆောက်လုပ်ရေး ကုမ္ပဏီကို ထူထောင်နိုင်လာတယ်။ ခက်ခဲလို့ သူများ မလုပ်ချင်တဲ့လုပ်ငန်းတွေကို သူက မငြင်းပယ်ဘူး၊ အမြတ်နည်းပေမယ့် တာဝန်ယူပြီး လုပ်ပေးတယ်။ ရှမ်းအရှေ့ဒေသရှိ မြို့တွေရဲ့ ဆေးရုံ၊ ဆေးခန်း၊ ကျောင်း၊ အဆောက်အအုံတွေကို အစိုးရက ခွင့်ပြုငွေ သိန်း ၁၀၀ ပဲ ပေးပေမယ့် သူက သိန်း ၁၅၀ တန်တဲ့ အဆောက်အအုံဆောက်ပေးတဲ့အပြင် ဆရာဝန်အိမ်၊ သူနာပြုအိမ်၊ စာသင်ကျောင်းဆိုလဲ ဆရာကြီးနေဖို့အိမ်။ စေတနာနဲ့အဆစ်ထည့်ပြီး ဆောက်ပေးလေ့ရှိတယ်။ ဒါဆို ခင်ဗျားရှုံးမှာပေါ့။ "မရှုံးပါဘူး ကျွန်တော်က အုတ်ကို ကိုယ်တိုင်ဖုတ်တယ်။ သစ်ကို ကိုယ်တိုင်ခွဲတယ်။ အခြားဆောက်လုပ်ရေးကုမ္ပဏီတွေ ကုန်ကျတာရဲ့တစ်ဝက်လောက်နဲ့ ကျွန်တော်က သူတို့ထက် နှစ်ဆကောင်းတဲ့ပစ္စည်းတွေရအောင် ကိုယ်တိုင်ထုတ်လုပ်နိုင်တယ်"တဲ့။ **စေတနာဟာ ကံပါပဲ။** နေပြည်တော်လို့တောင် အမည်မပေါ်သေးခင် စက်မှုဇုန်၊ တည်ဆောက်ရေးဇုန် မြေသစ်အနေနဲ့ ဆောက်လုပ်ရေးကုမ္ပဏီကြီးတွေအများကြီးလုပ်ငန်းတွေအပ်ပြီး ဆောက်လုပ်စေပါတယ်။ အခက်အခဲတွေက အများကြီးပါ။ ဥပမာ-သံချောင်းတွေ ဈေးတက်တယ်။ သစ်ဈေး၊ ဘိလပ်မြေဈေး၊ သွပ်ဈေး၊ အုတ်ဈေး၊ နောက်ဆုံး သဲကြမ်းဈေးကစပြီး မကိုက်ဘူး၊ မကျန်ဘူး၊ သူဌေးတချို့ (မြတ်ချင်တာကိုး) ညည်းညူကြတဲ့ကြားမှာ နောင်တုံကုမ္ပဏီက ဦးစိုင်းတစ်အောင်ကတော့ ကတိစကားတည်တယ်။

**ပညာမြင့်ကြ**

ရိုးသားခြင်း၊ ဖြောင့်မှန်ခြင်းဟာ လူအများရဲ့ စိတ်ချယုံကြည်ခြင်းကို ရရှိပါတယ်။ ကြီးပွားတဲ့လူ၊ အောင်မြင်တဲ့သူ၊ ဆင်းရဲသား၊ တောသူတောင်သားဘဝမှ ချို့ချို့တဲ့တဲ့နေထိုင်ခဲ့ရသူပင်ဖြစ်စေ၊ အောင်မြင်ကြီးပွားကြောင်းတရား (လောကဓမ္မ) နိယာမနဲ့အညီ ကျင့်ကြံလုပ်ဆောင်နေထိုင်ရင် ပြောင်းလဲဖြစ်မြောက်ကြတာပါပဲ။ တိုးတက်စမြဲ။

စာရေးဆရာတစ်ဦး ဟောပြောသွားခဲ့တာ မှတ်သားခဲ့ရဖူးပါတယ်။ သူက (၄) ချက်ဟောပြောသွားပါတယ်။

**၁။ ပေးပါ။** (စာနာမှု၊ ကူညီမှု၊ မေတ္တာစေတနာ ဖြစ်ဖြစ် ပေးနိုင်သမျှ ပေးဝေပေးပါ)

**၂။ တွေးပါ။** သင့်မသင့်၊ မှန်မမှန်၊ တရားသလား မတရားဘူးလား၊ ဖြစ်နိုင်၊ မဖြစ်နိုင်၊ အကြောင်းအကျိုးနိယာမနဲ့ ချိန်ဆသုံးသပ်စဉ်းစားရပါမယ်။

စာမျက်နှာ ၂၇ သို့ ➤

# မုံရွာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စက်မှုကုန်ကြမ်းသီးနှံဝါ ၃၀၆၂၇ ဧက စိုက်ပျိုးပြီးစီး




**မုံရွာ အောက်တိုဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စက်မှုကုန်ကြမ်းသီးနှံဝါ ၃၀၆၂၇ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မုံရွာခရိုင်တွင် စက်မှုကုန်ကြမ်းသီးနှံဝါ ၃၁၇၇၅ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင် စိုက်ပျိုးခဲ့ကြရာ ယနေ့ထိ ၃၀၆၂၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

"ဒီနှစ် မုံရွာခရိုင်မှာ ဝါသီးနှံ ဧက ၃၁၀၀၀ ကျော် လျာထား စိုက်ပျိုးခဲ့ရာ ဧက ၃၀၆၀၀ ကျော် စိုက်ပျိုးပြီးနေပါပြီ။ အထွက်နှုန်းကောင်းပြီး သက်တမ်းတိုတဲ့ စက်မှုကုန်ကြမ်းသီးနှံ ချည်မျှင်ရှည်ဝါတွေ တိုးချဲ့စိုက်ပျိုးရေးအတွက် တောင်သူပညာပေးလုပ်ငန်းတွေ အရှိန်အဟုန်မြှင့် ဆောင်ရွက်နေတယ်၊ ဝါသီးနှံလျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဝါမျိုးစေ့ လက်ဝယ်ဖြန့်ဖြူးပေးနေပါတယ်" ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

မုံရွာခရိုင်တွင် မြို့နယ်အလိုက် ဝါသီးနှံစိုက်ပျိုးပြီးစီးမှုအနေဖြင့် မုံရွာမြို့နယ်တွင် ၁၆၀၄၇ ဧက၊ ဘုတလင်မြို့နယ်တွင် ၉၄၄ ဧက၊ အရာတော်မြို့နယ်တွင် ၅၈၀၆ ဧက၊ ချောင်းဦးမြို့နယ်တွင် ဧက ၇၈၃၀ တို့ဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် မုံရွာမြို့နယ်တွင် ၁၅၉၉၅ ဧက၊ ဘုတလင်မြို့နယ်တွင် ၁၀၂၇ ဧက၊ အရာတော်မြို့နယ်တွင် ၆၈၁၅ ဧက၊ ချောင်းဦးမြို့နယ်တွင် ၇၉၃၈ ဧကတို့ဖြစ်ကြောင်း သိရသည်။

ယခုနှစ် မုံရွာခရိုင်တွင် ဝါသီးနှံ စိုက်ပျိုးတောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဝါမျိုးကောင်းမျိုးသန့်များ ရရှိစေရေး၊ ဝါသီးနှံဖြစ်ထွန်းအောင်မြင်စေရန် ပိုးမွှားရောဂါကြိုတင်ကာကွယ်နိုင်ရေး၊ အထွက်နှုန်းကောင်းမွန်စေရန် စိုက်နည်းစနစ်မှန်ကန်စေရေးတို့ကို နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့ကြောင်း သိရသည်။ (၂၀၆)

# မိုးနဲမြို့နယ် ခဲတောင်ကြီးကျေးရွာ၌ RBF စီမံကိန်း ရန်ပုံငွေထုတ်ချေး

**မိုးနဲ အောက်တိုဘာ ၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် မိုးနဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခဲတောင်ကြီးကျေးရွာ၌ ကျေးလက်စီးပွားမြှင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) ရန်ပုံငွေ ပထမအကြိမ်ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါ ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအာကာဖြိုးကစီမံကိန်းချေးငွေများကို ကျေးရွာရှိ စိုက်ပျိုးမွေးမြူထုတ်လုပ်သူများနှင့် အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများအတွက် လိုအပ်သောငွေကြေးအရင်းအနှီးများရရှိစေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာကော်မတီဝင်များကို ရန်ပုံငွေကျပ် သိန်း ၁၀၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးလက်စီးပွားမြှင့်မားရေးရန်ပုံငွေထူထောင်ခြင်း စီမံကိန်း ပထမအကြိမ်အဖြစ် မိုးနဲမြို့နယ် ခဲတောင်ကြီးကျေးရွာရှိ သုံးလသားဒေသဝက်မွေးမြူရေး လုပ်ငန်းလုပ်ကိုင်မည့် အဖွဲ့ဝင် ငါးဦးပါ အစုအဖွဲ့တစ်ဖွဲ့အတွက် ငွေကျပ်သိန်း ၁၀၀ ကို ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သံသာ**

# မြို့သစ်မြို့နယ် အုန်းပင်စု-ဖန်ခါးပင်ကျေးရွာချင်းဆက်လမ်းတွင် Box Culvert လေးစင်းတည်ဆောက်နေမှု စစ်ဆေး

**မြို့သစ် အောက်တိုဘာ ၉**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက အုန်းပင်စု-ဖန်ခါးပင်ကျေးရွာချင်းဆက်လမ်းတွင် Box Culvert လေးစင်းတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို အောက်တိုဘာ ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့သစ်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်နိုင်ဦးနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ကျေးရွာတာဝန်ရှိသူများနှင့်အတူ အုန်းပင်စု-ဖန်ခါးပင်ကျေးရွာချင်းဆက်လမ်းပေါ်တွင် အလျား ၂၄ ပေ၊ အနံ ငါးပေ၊ အမြင့် ငါးပေရှိသော ကျောက်ကြီးစီကမ်းကပ်ခုံ သံကူကွန်ကရစ်ကြမ်းခင်း Box Culvert လေးစင်းတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက တင်ဒါရကုမ္ပဏီမှ တာဝန်ခံကို ဌာနကသတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်မှာကြားသည်။



မြို့သစ်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး(ငွေလုံးငွေရင်း)ရန်ပုံငွေကျပ် ၃၃ ဒသမ ၅၈၂ သန်းဖြင့် အုန်းပင်စု-ဖန်ခါးပင်ကျေးရွာချင်းဆက်လမ်းပေါ်တွင် ကျောက်ကြီးစီကမ်းကပ်ခုံနှင့် သံကူကွန်ကရစ်ကြမ်းခင်း Box Culvert လေးစင်းတည်ဆောက်ခြင်းလုပ်ငန်းများကို တက်လူထိပ်ကုမ္ပဏီက တာဝန်ယူ၍ စက်တင်ဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **ယဉ်လေး**

# သံတောင်ကြီးမြို့နယ် ထမုံ(ငွေတောင်)ကျေးရွာ၌ ကွန်ကရစ်လမ်းဖောက်လုပ်နိုင်ရေး စစ်ဆေး

**သံတောင်ကြီး အောက်တိုဘာ ၉**

ကရင်ပြည်နယ် သံတောင်ကြီးခရိုင် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထမုံကျေးရွာအုပ်စု ထမုံ(ငွေတောင်)ကျေးရွာ၌ ကွန်ကရစ်လမ်း ဖောက်လုပ်နိုင်ရေးအတွက် မြေပြင်အခြေအနေ ကွင်းဆင်းစစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းဦးနှင့်တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများက ကျေးရွာရပ်မိရပ်ဖများ၊ ကွန်ကရစ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ကွန်ကရစ်လမ်း ဖောက်လုပ်နိုင်ရေးအတွက် လမ်းအရှည်ပေအကျယ်မှာ သတ်မှတ်ထားသည့် စံနှုန်းများနှင့်ကိုက်ညီမှုရှိ၊ မရှိ အခြေအနေများ ရေမြောင်းနှင့် တံတားလိုအပ်မှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပါက ဝိုင်းဝန်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ထမုံ(ငွေတောင်)ကျေးရွာ၌ အရှည် လေးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်း(၁)လမ်းနှင့် အဆိုပါလမ်းပေါ်တွင် အကျယ် နှစ်ပေ၊ အရှည် ၁၈ ပေ၊ Pipe Culvert သုံးစင်းကို ကရင်ပြည်နယ် အစိုးရအဖွဲ့ခွင့်ပြုရန်ပုံငွေကျပ် ၉၄ ဒသမ ၃၄ သန်းဖြင့် တင်ဒါအောင်မြင်သော Zwe Ka Bin Youth ကုမ္ပဏီမှ အောက်တိုဘာလ ဒုတိယပတ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပြီး အဆိုပါ ကွန်ကရစ်လမ်းဖောက်လုပ်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၉၅ အိမ်၊ လူ ၄၆၉ ဦးတို့၏ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **ဘိုဘို**



➤ **စာမျက်နှာ ၂၆ မှအဆက်**

**၃။ မေးပါ။** မသိရင်မေး၊ ရှာဖွေစူးစမ်းပါ။ စာကောင်းပေကောင်းများရွေးပြီး တစ်ပတ်ဆို တစ်အုပ်လောက် ဖတ်ဖြစ်အောင်ဖတ်ပါ။မှတ်ပါ။ ဆွေးနွေးတိုင်ပင်ပါ။ စာဖတ်ပါတဲ့။

**၄။ ရေးမှတ်ပါ။** လူတွေဟာ ဘာသာစကား အသုံးချတတ်တဲ့ကာလမှစပြီး တိရစ္ဆာန်တွေထက် ဆက်သွယ်ရေးကျွမ်းကျင်တတ်မြောက်မှု (Communication Skill) အကျိုးကြောင့် လူသမိုင်းဟာ ပြောင်းလဲမြင့်တက် ခဲ့တယ်။ ပြောဆိုဆက်ဆံဆက်သွယ်မှုထက် ကျောက်စာပေစာ၊ စာရွက်၊ ပုံနှိပ်စက်အဆင့်ဆင့်တိုးတက်လာတာနဲ့အမျှ အတွေးအခေါ် ဉာဏ်သစ် အရေးတော်ပုံ၊ စက်မှုတော်လှန်ရေး၊ သိပ္ပံနဲ့နည်းပညာထွန်းကားမှု၊ လျင်မြန်တဲ့ လူသမိုင်း အဆပေါင်းများစွာ တိုးတက်လာရခြင်းရဲ့ အဓိကအကြောင်းရင်းက လူလူချင်း ဆက်သွယ်ဆက်ဆံမှုလျင်မြန်ထိရောက်စွာ ဖလှယ်နိုင်ခြင်းကြောင့်ပါပဲ။ ဆက်ဆံရေးကျွမ်းကျင်ရမယ်။

- **ဘာသာစကား** (Language)
- **စာပေအရေးအသား** (Literature)
- **နိုင်ငံတကာထိဆက်မှု** (On-Line Communication.)

ဒီအခြင်းအရာတွေကို စာရေးသားခြင်းနဲ့ မိမိက အကျိုးရှိထိရောက်အောင် သုံးတတ်နိုင်ရပါမယ်။ ဘဝဆိုတာက တိုတိုလေးရယ်။

**နိဂုံး**

လောကနိယာမ(ဓမ္မသဘော)ဟာ တရားမျှတပါတယ်။ ကောင်းတာတွေး၊ ကောင်းတာပြော၊ ကောင်းမှုတွေကို ပြုလုပ်ပါက မုချကောင်းကျိုးရကြတယ်။ ယုတ်ညံ့သေးသိမ်တာတွေတွေး၊ လိမ်ညာလှည့်စားတာတွေပြော။ ကောက်ကျစ်ညစ်ပတ်၊ အနိုင်ကျင့်ဗိုလ်ကျ၊ မုန်းတီးသတ်ဖြတ်၊ ရမ်းကားတာတွေ လုပ်သူတွေမှာ ဒုက္ခဆင်းရဲကြုံရ၊ ဒုက္ခိတဖြစ်ရ၊ အသက်တိုရ၊ အသေဆိုးနဲ့သေကြရ။ ကံသာလျှင် ကောင်းကျိုးဆိုးကျိုးကို စီရင်ပေတာပဲ။

# ထိန်းသိမ်းသင့်သော မြန်မာ့ပဒေသာထန်းတော

ကိုကျော်စွာ(ကျိုက်ပီ)

"ဩော်. . . မောင်တို့အညာမှာ. . . တမာပင် ထန်းတွေနဲ့. . . ထန်းပင်ထန်းတော. . . လွမ်းမောစရာပဲ. . . ရန်ကုန်သူရယ်. . . ရန်ကုန်သူရယ်. . ." အဆိုပါသီချင်းလေးကိုကြားရတိုင်း အညာဒေသ၏ ထန်းပင်ထန်းတောများကို စိတ်ကူးဖြင့်လွမ်းမောဖွယ်ဖြစ်စေသည်။ ထန်းပင်သည် မြန်မာနိုင်ငံ နေရာအနှံ့အပြားတွင် ပေါက်ရောက်သော်လည်း အညာဒေသကဲ့သို့မများပေ။ အညာဒေသသည် လက်ညှိုးထိုးမလွဲ လောက်အောင်ပင် ထန်းပင်ပေါသည်။ အညာဒေသ၏ ရေရှားသည့်ဒဏ်ကိုအန်တုချ၍ ပေါက်နေသော ထန်းပင်များ၏ ဂုဏ်သတ္တိကမသေးလှပေ။ ရေငတ်ခံနိုင်သောအပင်ဟုပင် ဆိုပေမည်။

စာရေးသူ အညာဒေသဘက်ရောက်ခဲ့စဉ်က နေရာတိုင်းလိုလို ထန်းပင်များကိုတွေ့ရသည်။ အညာနှင့် ထန်းတောက စာရေးသူအဖို့တော့ ယနေ့ထိ လွမ်းမောစရာပင်ဖြစ်ပါသည်။ ထန်းပင်သည် လောကကိုအလှဆင်ပေးသောအပင်ဖြစ်သည်။ ဘက်စုံအသုံးဝင်သော အပင်တစ်မျိုးလည်းဖြစ်သည်။ ထို့ကြောင့် ထန်းပင်ကို ပဒေသာပင်ဟုပင်ခေါ်သင့်သည်။ အညာဒေသအလှတွင် ထန်းပင်ပါသည်။ ကဗျာစာပေတွင်လည်း ထန်းပင်ပါသည်။ ဂီတဘက်တွင်လည်း ထန်းပင်ပါသည်။ လူအသုံးအဆောင်ပစ္စည်းများတွင်လည်း ထန်းပင်ပါသည်။ ထို့ကြောင့် ပဒေသာပင်ဟုခေါ်ခြင်းဖြစ်သည်။

ထန်းမျိုးရင်းသည် အိန္ဒိယနိုင်ငံတောင်ပိုင်းဒေသဖြစ်နိုင်သည်ဟုဆိုသည်။ ထိုမှတစ်ဆင့် အရှေ့တောင်အာရှနိုင်ငံများသို့ ပျံ့နှံ့ရောက်ရှိခဲ့သည်။ ထန်းပင်သည် မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှု၊ လက်မှုအနုပညာ၊ စီးပွားရေး၊ ကျန်းမာရေး စသည့် စား၊ ဝတ်၊ နေရေးအတွက် အရေးပါသောအပင်တစ်မျိုးဖြစ်သည်။ ထို့ကြောင့် ထန်းပင်သည် မြန်မာလူမျိုးတို့၏ အခြေခံစီးပွားရေးလုပ်ငန်းတစ်ခုလည်းဖြစ်သည်။ မြန်မာနိုင်ငံတွင် လူဦးရေ ၃၂ သန်းခန့်ရှိစဉ်က ထန်းလုပ်ငန်းလုပ်ကိုင်သူ တစ်သန်းကျော်ရှိကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် ရွှေဘို၊ မုံရွာ၊ မန္တလေး၊ စစ်ကိုင်း၊ ပြည်၊ တောင်တွင်းကြီး၊ ကျောက်ပန်းတောင်း၊ မိတ္ထီလာ စသည့်ဒေသများ၌ အများအပြားပေါက်ရောက်ကြသည်။ စာရေးသူတို့ ဧရာဝတီတိုင်းဒေသကြီးရှိ အချို့ဒေသများတွင်လည်းရှိပါသည်။ သို့သော် နည်းပါးလှသည်။ မြန်မာနိုင်ငံကမ်းရိုးတန်းဒေသနှင့် မြစ်ဝကျွန်းပေါ်ဒေသ၏ အမှတ်သင်္ကေတသည် အုန်းပင်ဖြစ်သကဲ့သို့ မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသ၏အမှတ်သင်္ကေတသည် ထန်းဖြစ်သည်။

**ထန်းပင်၏ အသုံးဝင်ပုံ**

ထန်းပင်သည် ဘက်စုံအသုံးပြုနိုင်သော ပဒေသာပင်တစ်မျိုးဖြစ်သည်။ ထန်းရွက်၊ ထန်းလက်တို့ကို အိမ်အမိုးအကာအဖြစ်အသုံးပြုကြသည်။ ထို့ပြင် ရဟန်းသံဃာတော်များအတွက် ယပ်တောင်ကိုလည်း ထန်းရွက်ဖြင့်ပြုလုပ်ကြသည်။ ထန်းနို့ခိုင်မှ ထန်းရည်ချိုရယူနိုင်သကဲ့သို့ ထန်းသီးခိုင်မှလည်း ထန်းရည်ချိုကို ရယူနိုင်သည်။ ထန်းသီးကို နွားစာအဖြစ်လည်း အသုံးပြုနိုင်ကြောင်း သိရသည်။ အပင်မှအသီးများ ရင့်မှည့်ပါက အရည်ညှစ်ယူပြီး ထန်းသီးမုန့်အဖြစ်ပြုလုပ်ရောင်းချကြသည်။ ထန်းသီးမုန့်သည် မြန်မာ့ရိုးရာမုန့်တစ်မျိုးလည်းဖြစ်သည်။ ထန်းသီးမုန့်နှင့် အုန်းသီး၊ သကြားရော၍စားပါက အလွန်စားကောင်းသောမုန့်ဖြစ်သည်။

ထို့ပြင် ထန်းသီးနုနုကိုလည်း စားသုံးနိုင်ပါသည်။ ထန်းသီးနုနုသည် ချိုမြမြအရသာရှိသည်။ လူကြိုက်လည်းများသည်။ ရင့်မှည့်သွားသောထန်းသီးဆန်များကို အပင်ပေါက်ပြီး ထိုအပင်ပေါက်၏အမြစ်ကို ပြုတ်၍လည်းကောင်း၊ မီးဖုတ်၍လည်းကောင်း ရောင်းချနိုင်သည်။ မုန့်လုပ်ရာတွင်လည်းကောင်း၊ စားသုံးရာတွင်လည်းကောင်း အသုံးပြုနေသော ထန်းလျက်ကိုလည်း ထန်းပင်မှ ရရှိခြင်းဖြစ်သည်။ နောက်ဆုံး ထန်းပင်၏ပင်စည်ကိုပင် အဆောက်အအုံများ ဆောက်လုပ်ရာတွင် အသုံးပြုနိုင်သေးသည်။

**ထန်းလက်မှုပစ္စည်းများ**

ထန်းလက်မှုပစ္စည်းအများစုကို ထန်းလက်၊ ထန်းရွက်များဖြင့် ပြုလုပ်လေ့ရှိကြသည်။ အဆိုပါလက်မှုလုပ်ငန်းကို မန္တလေးတိုင်းဒေသကြီးဘက်တွင် ပြုလုပ်ကြောင်း သိရသည်။ ထိုလုပ်ငန်းမှာ ထန်းလျှော်တောင်းလုပ်ငန်းဖြစ်သည်။ ထန်းလျှော်တောင်း ပြုလုပ်ရာတွင် အဓိကမှာ ထန်းလျှော်ဖြစ်သည်။ ထန်းလျှော်ဆိုသည်မှာ ထန်းလက်၏အခေါက်ကြောဖြစ်သည်။ အဆိုပါထန်းလျှော်ကို နေလှန်းပြီး ခြောက်သွေ့သွားပါက တစ်ဖန် ရေစိမ်ရသည်။ ထို့နောက် ဓားဖြင့်အချောသပ်ရသည်။ ထိုအချောသပ်ထန်းလျှော်များကိုအသုံးပြု၍ အဆင့်ဆင့်ပြုလုပ်ခြင်းဖြင့် ထန်းလျှော်တောင်းကိုရရှိသည်။



ထို့ပြင် ရှေးယခင်ကမြန်မာလူမျိုးတို့သည် ထန်းခေါက်ဖာများကို အသုံးပြုလေ့ရှိကြသည်။ ထန်းခေါက်ဖာဆိုသည်မှာ ထန်းလျှော်ဖြင့်ပြုလုပ်ထားသော ထည့်စရာတစ်မျိုးပင်ဖြစ်သည်။ လူအသုံးအဆောင်ပစ္စည်းများကိုထည့်လေ့ရှိကြသည်။ အရွယ်အစားအားဖြင့် အမျိုးမျိုးရှိနိုင်သည်။ ထို့ပြင် ထန်းရွက်ပုတီးဟူသောပစ္စည်းတစ်မျိုးရှိကြောင်းလည်း သိရသည်။ ထန်းရွက်ပုတီးသည် ရွှေစာရံဘုရားပွဲတွင် အဓိကရောင်းချသော လက်မှုပစ္စည်းတစ်မျိုးဖြစ်သည်။ ထန်းရွက်ပုတီး ပြုလုပ်သောရွာကလေးမှာ ကျောက်ဆည်မြို့အနောက်ဘက်ရှိ ညောင်ဝန်အမည်ရှိသည့် ရွာဖြစ်သည်။ ထို့ပြင် ထန်းရွက်ကို လူတို့အသုံးပြုသော ယပ်တောင်များလည်း ပြုလုပ်အသုံးပြုကြသည်။ ထန်းရွက်ဖြင့် ခမောက်ပြုလုပ်၍လည်း အသုံးပြုကြသည်။

**ထန်းကဗျာများ**

ထန်းပင်သည် ရှေးယခင်က အခြေခံလူတန်းစားတို့၏မှီခိုအားထားရာဖြစ်ခဲ့သည်။ ထို့ကြောင့်လည်း ဝန်ကြီးပဒေသရာဇာက "နွေဦးကာလ၊ မြူထသော်ခါ၊ ရင်းထောင်ရင်းဆွဲ၊ ဆောင်မြဲအိုးလွယ်ကာ၊ ဓားနှီးထက်စွာ၊ ခါးမှာချပ်လျက်၊ ထန်းပွင့်ထန်းခိုင်၊ ရွှန်းမြိုင်မြိုင်၊ ကလိုင်သာလွယ်လို့ တက်သည်နှင့်လေး"အစချီရေးဖွဲ့ထားသော တျာချင်းကဗျာသည် ထိုခေတ်ထိုအခါက ထန်းတက်သမားမိသားစု၏ လူမှုဘဝကိုပုံဖော်ရေးဖွဲ့ထားသောကဗျာတစ်ပုဒ်ဖြစ်ပါသည်။

ထို့ပြင် ဆရာသုလင်းဝေကလည်း သူ၏ "ထန်းနှင့်မြန်မာ"ကဗျာတွင် "ထန်းနှင့်မြန်မာ၊ မြန်မာနှင့်ထန်း၊ လွမ်းဖွယ်အတိတ်၊ စိတ်အရိပ်တို့၊ ဖိတ်ကျပြန့်ကြဲ၊ ရှိနေဆဲလေ။ ရွာဦး ရွာထိပ်၊ တောင်ထိပ်ထွတ်ဖျား၊ စေတီနား၌၊ မြင့်မားငြိမ်းဆိတ်၊ ထန်းအရိပ်သည်၊ နိမိတ်သင်္ကေတန်၊ မြန်မာဟန်နှင့်၊ ပုဂံမှစ၊ မြန်မာ့သာသနာ၊ ပုံလွှာတွဲဆစ်၊ ယနေ့ခေတ်ထိ၊ စွဲနှစ်စူးဝင်၊ အရိပ်ထင်ဆဲ"ဟုရေးဖွဲ့ထားရာ ထန်းပင်ထန်းတောများနှင့် စေတီပုထိုးများကိုတွဲ၍ မြင်ယောင်လာစေသည်။

ထို့ပြင် ဆရာအောင်ဇင်မင်းကလည်း သူ၏ "တစ်ရက်ချန်" အမည်ရှိကဗျာတွင် "ထန်းပင်အောက် ထန်းရည် ဆန်ဆေးရည်ရောသည်ပဲလား၊ ထန်းရည်ဖိုးရပါမှ၊ ဆန်ဝယ်က ထမင်းချက်မယ် (မောင်ကြီးရယ်) လက်ငင်းငွေသား"ဟု ရေးဖွဲ့ထားပါသည်။ ၎င်းကဗျာသည် ထန်းရည်ရောင်းသူတို့၏အကြောင်းကို ရေးဖွဲ့ထားသည်ဟုယူဆမိသည်။ ထန်းရည်ဖိုးလက်ငင်းရမှ ဆန်ဝယ်ပြီး ထမင်းချက်မည်ဟုဆိုလိုဟန်တူပါသည်။ ထန်းလုပ်ငန်းလုပ်ကိုင်သူတို့ဘဝကို မီးမောင်းထိုးပြသည့် ကဗျာတစ်ပုဒ်ဟုယူဆပါသည်။

**ထန်းထွက်ပစ္စည်းနှင့်ကျန်းမာရေး**

ထန်းထွက်ပစ္စည်းဆိုသည်မှာ ထန်းသီး၊ ထန်းလျက်၊ ထန်းရည်၊ ထန်းနို့စသည်တို့ကို ဆိုလိုခြင်းဖြစ်သည်။ ထန်းပင်မှထွက်သောအရာများသည် သုံးတတ်လျှင်ဆေးဖြစ်ပြီး ကျန်းမာရေးကိုအကျိုးပြုပါသည်။ ထန်းသီးနုနုလေးကိုစားသုံးလျှင် အူလမ်းကြောင်းကိုအကျိုးပြုသည်။ နွေရာသီ၌ ဖြစ်ပေါ်တတ်သော မိတ်ဖုကဲ့သို့ ယားနာများအတွက် ထန်းသီးဆန်နုနုကို စားသုံးပေးနိုင်သည်။ ထန်းသီးဆန်နုနုသည် ခန္ဓာကိုယ်ကိုအေးမြစေသည်။ ရေဓာတ်နည်းပါးခြင်းကြောင့်ဖြစ်သော အရေပြားခြောက်သွေ့ခြင်းကိုလည်း သက်သာစေသည်။ ထန်းသီးဆန်တွင် ပရိုတင်းဓာတ်၊ ကယ်လ်ဆီယမ်ဓာတ်၊ ကာဘိုဟိုက်ဒြိတ်ဓာတ်၊ ဗီတာမင်ဘီ၊ ဇင့်ဓာတ်နှင့်ပိုတက်ဆီယမ်ဓာတ်တို့ပါဝင်သည်။ ထန်းသီးဆန်နုနုသည် သွေးတွင်းသကြားဓာတ်ကိုလည်း လျှော့ချပေးသည်ဟုသိရသည်။

ထို့ပြင် နှလုံးရောဂါနှင့် ကင်ဆာရောဂါဖြစ်နိုင်ခြေကိုလည်း လျော့နည်းစေသည်ဟုသိရသည်။ ထန်းသီးဆန်နုနုသည် ကလေးများအတွက် သဘာဝသန်ချဆေးဖြစ်သည်။ ထန်းသီးဆန်နုနုသည် ဝမ်းမှန်စေပြီး အစာအိမ်နံ့ရဲကိုလည်း ကျန်းမာစေသည်။ ထို့ပြင် ခေါင်းကိုက်ခြင်းနှင့် ပျို့အန်ခြင်းကိုလည်း သက်သာစေသည်။ ထန်းရည်ဆိုလျှင် ဆီးရွှင်စေသည်။ လေနိုင်ပြီး အစာကြေစေသည့်အတွက် အစာအိမ်သမားများ သောက်သုံးနိုင်ကြောင်း သိရသည်။ ထို့ပြင် ထန်းပင်မှရသော ထန်းဖိုပွင့်သည် ချောင်းဆိုးသလိပ်ထခြင်း၊ အစာမကြေခြင်းတို့ကိုနိုင်သည်။ ကျောက်ကပ်ရောဂါဖြစ်ပါက တောထန်းနက်မြစ်အမှုန့်ကို ပင်စိမ်းရွက်သတ္တုရည်ဖြင့် ရောသောက်ပေးရသည်။ ဆီးလွန်ခြင်းဖြစ်ပါက တောထန်းနက်မြစ်အမှုန့်နှင့် ဇာတိပွိုလ်သီးအမှုန့်ကို ဆတူရော၍ လျက်ပေးရသည်။

**ထန်းတောင်သူစီးပွားရေး ထန်းလျက်လုပ်ငန်း**

ထန်းတောင်သူများသည် ဒီဇင်ဘာလနောက်ဆုံးပတ်နှင့်ဇန်နဝါရီလပထမပတ်တို့တွင် ထန်းတက်၊ ထန်းလှီးခြင်းလုပ်ငန်းများကို လုပ်ကိုင်ကြသည်။ ထန်းလျက်ကို အများအားဖြင့် မိုးပြဒယ်များဖြင့် ချက်လေ့ရှိကြသည်။ ထန်းချက်လုပ်ငန်းကို မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်နှင့် ကျောက်ပန်းတောင်းမြို့နယ်တို့တွင် လုပ်ကိုင်ကြသည်။ ကျောက်ပန်းတောင်းထန်းလျက်သည် နာမည်ကြီးသည်။ ထန်းလျက်ချက်ရာတွင် ထန်းရည်များကို ဒယ်အိုးကြီးများထဲသို့ထည့်၍ ကျိုရသည်။ တဖြည်းဖြည်းပျစ်လာပါက မီးဖိုပေါ်မှချကာ မွှေပေးရသည်။ လုံး၍ရသည်ထိပျစ်လာပါက ယောက်မဖြင့်ခပ်ယူကာ အလုံးကလေးများ လုံးပေးရသည်။ ထို့နောက် အေးသွားပါက မာသွားသည်။ ယခုအခါ ထန်းလျက်သည် ဈေးကောင်းသော စားစရာတစ်မျိုးဖြစ်လာသည်။

မြန်မာထန်းလျက်သည် ပြည်ပ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့တင်ပို့ရသော ပြည်ပပို့ကုန်တစ်ခုဖြစ်ကြောင်း သိရသည်။ ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ထန်းလျက်တန်ချိန် ၁၃၉ တန်ထိ တင်ပို့နိုင်ခဲ့သည်။ ထန်းလျက်ကို မြန်မာမုန့်များပြုလုပ်ရာတွင် အသုံးပြုကြသကဲ့သို့ ရေနွေးကြမ်းဖြင့်လည်း သောက်စားလေ့ရှိကြသည်။ ထန်းလျက်၏အရသာနှင့်ဂုဏ်သတ္တိမှာ ချို၏။ ပူ၏။ အားကိုဖြစ်စေ၏။ မီးယပ်ပူ၊ ကျောပူခေါင်းပူကိုငြိမ်းစေ၏။ လေပူခြင်း၊ လေပူထွက်ခြင်းတို့ကိုနိုင်၏။ ထန်းလျက်ကို သပြေသီးနှင့်ရော၍မစားရပါ။ ထန်းလျက်တွင် သံဓာတ် ၁၁ ဒသမ ၄ မီလီဂရမ်၊ ဗီတာမင်အေဓာတ်၊ သတ္တုဓာတ်နှင့် အခြားအာဟာရဓာတ်တို့လည်း ပါဝင်နေသည်။

**သက်တမ်းရှည်ထန်းပင်နှင့် စိုက်ပျိုးရေး**

ထန်းပင်သည် သက်တမ်းအားဖြင့် နှစ် ၁၅၀ မှ ၂၀၀ ထိ သက်တမ်းရှည်ကြသည်။ ထန်းပင်သည် ဂေဟစနစ်ကိုလည်းထိန်းသိမ်းပေးသည်။ ဂေဟစနစ်ဆိုသည်မှာ သက်ရှိသတ္တဝါများနှင့် ၎င်းတို့၏ပတ်ဝန်းကျင်အကြား အမှီတံကဲပြုဆက်စပ်နေခြင်းဖြစ်သည်။ အပင်အများစုသည် သဘာဝပတ်ဝန်းကျင်အတွက် မရှိမဖြစ်လိုအပ်သည်။ ထိုနည်းတူ ထန်းပင်သည်လည်း သဘာဝပတ်ဝန်းကျင်အတွက် လိုအပ်သည်။ အထူးသဖြင့် စိုက်ပျိုးရေးအတွက် အထူးလိုအပ်သည်။ ထန်းပင်များသည် မြေအောက် ပေ ၂၀၀ ခန့်ရှိ ရေများကိုစုပ်ယူပေးရင်း ယာမြေများ၏ အပေါ်ယံမြေလွှာကို ရေရရှိအောင် ဆောင်ရွက်ပေးသည်။ အထက်ပါအတိုင်း ထန်းပင်များ၏ လုပ်ဆောင်ချက်ကြောင့် မြေပဲ၊ နှမ်း အစရှိသည့်သီးနှံများကို ကောင်းမွန်စေသည်။ ထန်းတောများသည် အပူပိုင်းဒေသ၏အိုအေစစ်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်အတွက် အရေးပါသည်။ စိုက်ပျိုးရေးအတွက် အလွန်အကျိုးများပါသည်။

နိဂုံးချုပ်အနေဖြင့်ဆိုရလျှင် ထန်းပင်သည် ဘက်စုံအသုံးပြုနိုင်သော ပဒေသာပင်ဖြစ်သည်။ မြန်မာ့လက်မှုပစ္စည်းအဖြစ်လည်း ပြုလုပ်အသုံးပြုကြသည်။ ကဗျာဖွဲ့စရာလည်းဖြစ်သည်။ ကျန်းမာရေးကိုလည်း အထောက်အကူပြုသည်။ ထို့ပြင် စာရေးသူတို့နိုင်ငံ၏ အားထားရာစိုက်ပျိုးရေးလုပ်ငန်းကိုလည်း အကျိုးပြုနေပြန်သည်။ ယခုအခါ ထန်းပင်များကို ခုတ်လှဲလာကြသဖြင့် တဖြည်းဖြည်းရှားပါးလာပြီဖြစ်သည်။ ထို့ကြောင့် ဘက်စုံအသုံးဝင်သော မြန်မာ့ထန်းတောများကို ထိန်းသိမ်းသင့်ပါကြောင်း တိုက်တွန်းလိုက်ပါသည်။

**ကိုးကား**

- **ပုံပြဆေးအဘိဓာန်ဒုတိယတွဲ (ရှင်နာဂသိန်)**
- **ပဒေသာပင်ဘဝတွေထဲမှ ထန်းတောင်သူ့တဲ (ကလောင်စုံ)**
- **ထန်းပင်များဖြင့် ဂေဟစနစ်ကိုထိန်းသိမ်းကြပါ ရွှေမင်းအောင်(ကျောက်ပန်းတောင်း)**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာ့တော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၉-၁၀-၂၀၂၃ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့်အလှူရှင်များစာရင်း

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၆၇၃၇။ | ဒေါ်သန်းသန်းဆွေ(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်) အမှူးပြုသော ဗဟိုဘဏ်ဝန်ထမ်းမိသားစုများ | ၂၀၀၀၀၀၀ |
| ၆၇၃၈။ | ဦးမျိုးဆွေနှင့်ဇနီး ဒေါ်နန်းစိန်အေး မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၆၇၃၉။ | ကိုအောင်မျိုးကျော်နှင့်ဇနီး မခိုင်ဇင်အေး မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၆၇၄၀။ | ဒေါ်ခင်ခင်အုန်းနှင့် မပြုံးပြုံးလွင်တို့၏ မိသားစုများကောင်းမှု | ၂၀၀၀၀၀ |
| ၆၇၄၁။ | ဦးကျော်ဦးမောင်နှင့်ဇနီး ဒေါ်ကျော့ကျော့စံ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၇၄၂။ | ဦးသောင်းညွန့်နှင့်ဇနီး ဒေါ်စိန်မြမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၇၄၃။ | ဦးတင့်ဆွေနှင့်ဇနီး ဒေါ်လှလှမွန်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၇၄၄။ | ဦးစံလှိုင်နှင့်ဇနီး ဒေါ်လှအေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၇၄၅။ | ဦးညီညီဆွေနှင့်ဇနီး ဒေါ်ဥမ္မာကျော်၊ (သား) မောင်ကောင်းထက်ထွေး၊ မောင်မင်းခန့်ဆွေ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၇၄၆။ | ဦးတင်မောင်အေးနှင့်ဇနီး ဒေါ်ကြည်ကြည်စိန် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၇၄၇။ | ဆရာတော် ဦးစန္ဒောဘာသကောင်းမှု | ၁၀၀၀၀၀ |
| ၆၇၄၈။ | ဒေါက်တာဒေါ်မြင့်ကြည်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၇၄၉။ | ဒေါက်တာမောင်ကျော်နှင့်ဇနီး ဒေါ်စီစီလှာ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၇၅၀။ | ကိုနေလင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၇၅၁။ | ကွယ်လွန်သူ ဖခင် ဦးသာအုံနှင့် မိခင် ဒေါ်ခင်လှတို့အား ရည်စူး၍ ဒေါ်ခင်မာထွန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၇၅၂။ | နှစ်ဖက်သော အဘိုးအဘွားများနှင့် မိဘများအား ရည်စူး၍ ဦးလွင်ဦးနှင့်ဇနီး ဒေါ်အုန်းသန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၇၅၃။ | ဦးကျော်ခိုင်စိုးနှင့်ဇနီး ဒေါ်သဲသန္တာကျော်၊ (သား) Jade မိသားစုကောင်းမှု | ၁၀၀၀၀၀ |

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၆၇၅၄။ | ဒုတိယဗိုလ်မှူးကြီးကျော်ကျော်သန်း(ငြိမ်း)နှင့်ဇနီး ဒေါ်မြင့်မြင့်၊ (သား) မောင်ပြည့်စုံကျော်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၇၅၅။ | U Richard Yhap နှင့်ဇနီး ဒေါ်နေခြည်ထက်ထက်ကျော်၊ (သား) Oliver၊ (သမီး) Charlie မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၇၅၆။ | ဦးကျော်မင်းထွန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၇၅၇။ | ဦးမြင့်မောင်နှင့်ဇနီး ဒေါ်ခင်မြင့်၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၆၇၅၈။ | ဦးနေမျိုးနှင့်ဇနီး ဒေါ်မြတ်ဆုပိုင်၊ (သမီး)မရှင်းသန့်အိ၊ (သား) မောင်ကောင်းခန့်မင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၇၅၉။ | ဦးစောအောင်၏ (မြေး) မောင်စန်းပိုင်ဦးကောင်းမှု | ၁၀၀၀၀၀ |
| ၆၇၆၀။ | ဦးရဲဝင်းနှင့်ဇနီး ဒေါ်တင်တင်ဌေး၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၆၇၆၁။ | ကိုရွှေထွန်းနှင့်ဇနီး ဒေါ်နှင်းနုနွယ်မိသားစုကောင်းမှု | ၉၀၀၀၀ |
| ၆၇၆၂။ | ဦးရန်ယုံအန်းနှင့်ဇနီး ဒေါ်နန်းလွင်လွင်စိုး၊ (သမီး) မမြတ်ယွန်းနဒီမိသားစုကောင်းမှု | ၆၀၀၀၀ |
| ၆၇၆၃။ | ကိုဝင်းကျော်ဦးနှင့်ဇနီး မဇင်မာထွေးမိသားစုကောင်းမှု | ၆၀၀၀၀ |
| ၆၇၆၄။ | နှစ်ဖက်သောမိဘများအားအမှူးထား၍ ကိုချမ်းငြိမ်းအောင်နှင့်ဇနီး မသင်းသင်းဆွေမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၇၆၅။ | ကွယ်လွန်သူဖခင်ကြီး ဦးတင်လှိုင်နှင့် မိခင်ကြီး ဒေါ်ကြင်ရွှေတို့အားရည်စူး၍ (သား) ဦးအောင်မိုးလှိုင်နှင့်ဇနီး ဒေါ်မြမြစန်း၊ (သား) ဦးမင်းသူလှိုင်၊ (သမီး) ဒေါ်ဌေးဌေးလှိုင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၇၆၆။ | ဦးကျော်ဝင်းနှင့်ဇနီး ဒေါ်စန်းဘီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၇၆၇။ | မယိင်းယိင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၇၆၈။ | ဦးတင်ရွှေနှင့်ဇနီး ဒေါ်လှဦးမိသားစုကောင်းမှု | ၅၀၀၀၀ |

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၆၇၆၉။ | ဒုတိယဗိုလ်မှူးကြီးကျော်ကျော်သန်း(ငြိမ်း)၊ ဗိုလ်မှူးသုဇာမော်၊ ဗိုလ်မှူးမေနိုင်ဦးနှင့် ဗိုလ်ကြီးခင်စန္ဒာဝင်းတို့၏ကောင်းမှု | ၆၀၀၀၀ |
| ၆၇၇၀။ | ဗိုလ်မှူးချုပ်ထွန်းထွန်း(ငြိမ်း)နှင့်ဇနီး ဒေါ်ရီရီဝင်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၇၇၁။ | ဦးစံရွှေမောင်နှင့်ဇနီး ဒေါ်ခင်ခင်ဌေး၊ (သား) မောင်ထွန်းရွှေကျော်၊ (သမီး) မဝင်းသန္တာအောင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၇၇၂။ | ဖခင် ဦးချစ်အောင်နှင့် မိခင် ဒေါ်အေးငယ်တို့အား ရည်စူး၍ ဒေါ်လှမေနှင့် သား၊ သမီး၊ မြေး၊ မြစ် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၇၇၃။ | ဦးပြည့်စုံမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၇၇၄။ | ဦးကျော်ဝင်းနှင့်ဇနီး ဒေါ်စန်းစန်းဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၇၇၅။ | ဦးကျော်ဝင်းနှင့်ဇနီး ဒေါ်ခင်ဌေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၇၇၆။ | ဒေါက်တာဇော်မြင့်နှင့်ဇနီး ဒေါက်တာနှင်းဦးပွင့်၊ (သမီး) မမေပွင့်ဖြူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၇၇၇။ | ဦးအောင်နေသွေးနှင့်ဇနီး ဒေါက်တာအေးချမ်းပွင့်၊ (သား) မောင်မြတ်သွေးခန့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၇၇၈။ | ဦးလှိုင်လင်းကျော်နှင့်ဇနီး ဒေါ်နန်းချို့နွယ်ခမ်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၇၇၉။ | ဦးအေးသောင်းနှင့်ဇနီး ဒေါ်တင်တင်လှ၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၅၀၀၀၀ |
| ၆၇၈၀။ | ဦးဖြိုးမင်းအောင်နှင့်ဇနီး ဒေါ်ဝင့်ဝါဖြူ၊ (သား) မောင်လျှမ်းပြည့်၊ မောင်မင်းပြည့်ထွန်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၇၈၁။ | ဦးမျိုးမြင့်နှင့်ဇနီး ဒေါ်မြမြမူ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၇၈၂။ | ဒေါ်သိန်းတင်(ကျောင်းအုပ်ဆရာမကြီး-ငြိမ်း) မိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၁၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး) ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၀၆**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၈၆**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့်ပြင်းထန်မှုတို့ကို လျော့နည်းစေနိုင်ခြင်း(အထူးအားဖြင့် နာတာရှည်ရောဂါခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျော့ချနိုင်ခြင်းတို့ကြောင့် အသက်ငါးနှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေသွားရောက်ထိုးနှံကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ
# အင်ဂျင်နီယာသင်တန်းသားများ
# အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) **၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် **၁၆ နှစ်**အောက်မငယ်ရ၊ **၁၉ နှစ် ၆ လ** ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် **၅ ပေ၊ ၃လက်မ**နှင့် ကိုယ်အလေးချိန် **ပေါင် ၁၀၀** ထက်မနည်းရ၊ **ပေါင် ၁၄၀** ထက် မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား **သိပ္ပံဘာသာတွဲ**၊ သို့မဟုတ် **ဝိပ္ပံဘာသာတွဲ**ဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၂-၁၀-၂၀၂၃** ရက်နေ့မှစတင်၍ **၂၀-၁၂-၂၀၂၃** ရက်နေ့ထိ နောက်ဆုံးထားလျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ ဖြေဆိုမည့်သင်တန်းသားများသည် တိုင်းစစ်ဌာနချုပ်များသို့ **၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့မှ ၂၄ ရက်နေ့အတွင်း** သတင်းပို့ရမည်ဖြစ်ပြီး တိုင်းစစ်ဌာနချုပ်များမှ **၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့အရောက် ကျောင်းသို့ပို့ဆောင်ပေးရမည်**ဖြစ်သည်။

၆။ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင် **၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့**တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းအား **၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့တွင်** ထုတ်ပြန်ပေးမည်ဖြစ်ပြီး အောင်မြင်သူများသည် သင်တန်းတစ်ပါတည်းတက်ရောက်ရမည်ဖြစ်ပြီး မအောင်မြင်သူများအား တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် သက်ဆိုင်ရာသို့ ပြန်လည်စေလွှတ်သွားမည်ဖြစ်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-**၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-**၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုနှင့် မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့တို့တွင် **ပညာသည် အကြပ်ကြီး** အဖြစ် ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ ဆက်လက်တိုးမြှင့်ပေးရေးအတွက် ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှ လျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

STARMART MANDALAY Wholesale




အရည်အသွေးမြင့် စားသောက်ကုန်များ အပါအဝင်
ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို ပိတ်ရက်မရှိ လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်။

STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ အောင်မြေသာစံ၊ မန္တလေးမြို့
ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄

CNC 3D ရုပ်လုံးဖော်စက်ကြီးများ
အသုံးပြု၍
ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ၊
ကျောက်ထွင်းပန်းချီကားများ၊
လူသုံးကုန်ပစ္စည်းများအား
ထုတ်လုပ် ဖြန့်ဖြူး
ရောင်းချလျက်ရှိပါသည်။

# မဟာယံကျောက်ပြားစက်ရုံ (မန္တလေး)

အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့်
ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သောနေပူခံကျောက်ပြား၊
အိမ်တွင်းအလှဆင်ကျောက်ပြားနှင့် ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ ....



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၀၂၃၁၆၃၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀


## အမည်မှန်

မန္တလေးမြို့၊ ဖောင်တော်ဦး ဘုန်းတော်ကြီးသင်ပညာရေးအထက်တန်းကျောင်း၊ Grade-4 တွင် ပညာသင်ကြားနေသော (ဘ) ဦးကျော်ဝင်း(ခ)အိုက်ရီ (၁၃/လရန(နိုင်)၁၀၅၃၆၈)၏သား မောင်ရဲလင်းအောင်၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မောင်ရန်လင်းအောင် ဖြစ်ပါကြောင်း။

**မောင်ရန်လင်းအောင်**

## ပျောက်ဆုံးကြောင်း

ဒိပဲယင်းမြို့နယ်နေ မခင်မာထွန်း (ဘ) ဦးဆေါရွှေ (၅/ဒပယ(နိုင်)၁၅၄၃၀၈)၏ နိုင်ငံကူးလက်မှတ်အမှတ် (ME-365515)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၂၀၇၄၉၅၁၁

## ပျောက်ဆုံးကြောင်း

မဟာအောင်မြေမြို့နယ်နေ ဒေါ်မြင့်မြင့်ဌေး(ဘ)ဦးခင်မောင်(၉/မရတ(နိုင်)၁၇၃၄၅၃)၏ နိုင်ငံကူးလက်မှတ်အမှတ် (M-784468)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၈၈၅၇၆၄၆၁၄

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးလင်ကီစွမ် (ခ) ဦးမောင်စိန်**
**(ဝင်းဌါ ခေါက်ဆွဲဆိုင်)**
**အသက် (၉၁) နှစ်**

မန္တလေးမြို့၊ သီတာအေး(၉၀၁)၊ အိမ်အမှတ်(၂၄/က)နေ
(ဦးတင်ရွှေ)+ဒေါ်အေးအေးမွန် တို့၏ဖခင်၊
ကိုစောဝင်း+မဇင်မာထွန်း၊ အီကျောင်ဝန်း+မသီတာထွန်း၊
မောင်အေးချမ်းထွန်း၊ မခင်ယမင်းထွန်း တို့၏အဘိုး၊ အီဒါကျောင်း ၏အဘေး
**ဦးလင်ကီစွမ်(ခ)ဦးမောင်စိန် (ဝင်းဌါခေါက်ဆွဲဆိုင်)**
**အသက် (၉၁)နှစ်**
သည် ၅-၁၀-၂၀၂၃ (ကြာသပတေးနေ့)၊ နံနက် (၀၀း၃၅)နာရီအချိန်တွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**စန္ဒာတင်ရွှေ စက်ချုပ်ဆိုင်မိသားစု**

ကိုဗစ် - ၁၉ ရောဂါဖြစ်ပွားမှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ရေတ်သီး၊ ရေတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



“အဂတိပယ်ရှား ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သက်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သိက္ခာကျစေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာသုခနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၄၇၊
၀၆၇-၈၁၀၃၃၃၄၄၊
Email Address – accm@accm.gov.mm။
Website Address – http://www.accm.gov.mm

ခြင်ဆေးခွေ
သုံးလျှင်
သတိယှဉ်
အောက်တွင်
ခံခွက်
မမေ့နှင့်

ပလင်ငါးတန်
ပွံ့ဖြိုးဖို့
စာအုပ်
စာပေ
ဖတ်ကြစို့

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့်ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ ရေအရင်းအမြစ် ရှားပါးလျော့နည်းလာခြင်းသည် သဘာဝပတ်ဝန်းကျင် ဆုံးရှုံးပျက်စီးမှုများနှင့် ရာသီဥတုပြောင်းလဲမှုကို အခြေခံခြင်းဖြစ်သဖြင့် သဘာဝပတ်ဝန်းကျင်၊ တောတောင်ရေမြေများ စိမ်းလန်းစိုပြည်ရေးနှင့် သစ်တောသစ်ပင်များ ထိန်းသိမ်းရေး၊ သဘာဝပတ်ဝန်းကျင်ကို ပျက်စီးထိခိုက်မှုမရှိအောင် ရေရှည်ကာကွယ်ထိန်းသိမ်းရေးတို့ကို ထည့်သွင်းစဉ်းစားလုပ်ဆောင်ကြရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် မေ ၄ ရက်တွင် ပြုလုပ်သော အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ (၁/၂၀၂၃) အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

**တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ရှစ်နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနား ကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ**

စာမျက်နှာ - ၁၇

**ကျိုက်ထိုမြို့နယ်နှင့် တိုက်ကြီးမြို့နယ်တို့ရှိ ရေဘေးသင့်ပြည်သူများကို လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်**

စာမျက်နှာ - ၂၁



**SIM Card များ စနစ်တကျ မှန်ကန်စွာ မှတ်ပုံတင်သုံးစွဲနိုင်ရေး အသိပေးကြေညာချက်**

စာမျက်နှာ - ၁၉

# ၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီးရိုးရာခြင်းလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုအားပေး




**နေပြည်တော် အောက်တိုဘာ ၉**

၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ရိုးရာခြင်းလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ဒွဲဘူးပိုးရယ်အောင်သိန်း၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေ ခွန်စံလွင်၊ ဦးရွှေကြိမ်း၊ ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများ၊ အားကစားသမားများ၊ ဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများနှင့် ဝါသနာရှင်ပြည်သူများတက်ရောက်ကြည့်ရှုအားပေးကြသည်။

အခမ်းအနားတွင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှ ခြင်းလုံးအားကစားသမား မောင်မယ်များအနေဖြင့် ရိုးရာခြင်းလုံးအားကစားပြိုင်ပွဲမှတစ်ဆင့် ချစ်ကြည်ပူးပေါင်းမှုရရှိပြီး ပြည်ထောင်စုစိတ်ဓာတ်တိုးတက်မြင့်မားရေး၊ အမျိုးသားရေးစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

စာမျက်နှာ ၁၇ ကော်လံ ၁ ☆

ဆင်မင်းဘိလပ်မြေစက်ရုံအုပ်စု
SINMINN CEMENT FACTORY GROUP
SIN MINN
အရည်အသွေးမှာထိပ်ဆင်မင်းတံဆိပ်ဘိလပ်မြေ
ISO 9001 : 2015
CERTIFICATE NO.TH011875
ဆက်သွယ်ရန် - ဖုန်း ၀၉ ၆၆၅၅၀၅၄၄၃၊ ၀၉ ၆၆၇၅၄၄၄၀၉၊ ၀၉ ၆၆၁၃၆၆၁၄၀
E-Mail : scfg.kyaukse@gmail.com
SIN MINN CEMENT
BEST QUALITY CEMENT
ASTM.C150 TYPE I (42.5)
ASTM.C150 TYPE II (32.5)
ဆင်မင်းဘိလပ်မြေ